BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ

The Lightning Newsletter

အမှတ် (၁၆) ခရစ်နှစ်၊ ၂၀၀၇ ခုနှစ်၊ သြဂုတ်လ | မြန်မာသက္ကရာဇ် (၁၃၆၉) | ( ၁၅–၁–၈၈ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

## တိုင်းပြည်မှာ အရေးကြုံတိုင်း ကျောင်းသားဝိညာဉ် ရှင်သန်နိုးထမြဲ တိုင်းပြည်နှင့်လူမျိုးကိုချစ်သည့် ကျောင်းသားစိတ်ဓာတ်ကို ဖြိုခွင်းမရ

စစ်အာဏာရှင်အဆက်ဆက်၏ အကြမ်းဖက်ဖြိုခွင်းခြင်းခံခဲ့ရသည့်တိုင် ကျောင်းသားလူငယ်များ၏ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်သည် ခေတ်အဆက်ဆက် ငြိမ်းမရ သတ်မရ ရှင်သန်နေမည်ဖြစ်ပြီး အရေးကြုံလျှင် ကျောင်းသားဝိညာဉ်သည် နိုးထလာမည်ဖြစ်သည်ဟု ဆဲဗင်းဂျူလိုင် (၄၅) နှစ်ပြည့်သည်နေ့တွင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များကပြောသည်။

၈၈ မျိုးဆက်ကျောင်းသားတဦးဖြစ်သူ ကိုဌေးကြွယ်က "ကျောင်းသားတွေဟာ လွတ်လပ်ရေးမရခင်ကတည်းကစပြီးတော့ တိုင်းပြည်နဲ့ပြည်သူလူထုအကျိုး၊ အမျိုးသားအကျိုးစီးပွားအပေါ်မှာ အမြဲတမ်းရပ်ခဲ့တယ်။ နိုင်ငံမှာလိုအပ်တဲ့အခါ ကျောင်းသားဆိုတဲ့ ဝိညာဉ်ဟာ အမြဲနိုးထခဲ့တယ်။ ၁၉၆၂ ဆဲဗင်းဂျူလိုင်မှာ ကျောင်းသားသွေးမြေကျခဲ့ရတယ်။ ကျောင်းသားသမဂ္ဂအဆောက်အဦးကြီး ဖြိုချခံလိုက်ရတယ်။ အဆောက်အဦးသာ ပြိုပျက်သွားပါတယ်။ ကျောင်းသားစိတ်ဓာတ်၊ ကိုယ့်နိုင်ငံကို ကိုယ်ချစ်တဲ့ လူငယ်စိတ်ဓာတ်၊ နိုင်ငံရဲ့အကျိုးစီးပွားကိုလိုလားတဲ့ ကျောင်းသားစိတ်ဓာတ်ကတော့ ငြိမ်းသတ်လို့မရပါဘူး"ဟုပြောသည်။

ဆက်လက်၍ ယနေ့ကာလတွင် အတိတ်က အင်အားသုံးနှိပ်ကွပ်မှုမျိုးကို ရှောင်ရှားပြီး၊ သွေးလွှမ်းခဲ့သောသမိုင်းအမည်းစက်ကိုဖျောက်ဖျက်ကာ အနာဂတ်နိုင်ငံ တည်ဆောက်ရေးအတွက် အတွေးအခေါ်ကအစ အမျိုးသားအကျိုးစီးပွားပေါ် အခြေခံစဉ်းစားရန်အချိန်တန်ပြီဟု ကိုဌေးကြွယ်က သတိပေးသည်။

လက်ရှိအခြေအနေတွင် စစ်အစိုးရအာဘော်သတင်းစာတွင် (၈၈) မျိုးဆက်ကျောင်းသားများကို သတင်းစာမှတဆင့် သိက္ခာချမှုများလုပ်ဆောင်နေသည့်ကိစ္စသည် ပြန်ကြားရေးဌာန၏ မူဝါဒအမှားသာဖြစ်ပြီး ချေမှုန်းရေး၊ ခြိမ်းခြောက်ရေး၊ အပုပ်ချရေးနည်းလမ်းများဖြင့် တိုင်းပြည်တည်ဆောက်နိုင်မည်မဟုတ်ဟုလည်း ၎င်းကထောက်ပြသည်။

၈၈ မျိုးဆက်များအနေဖြင့် နအဖစွပ်စွဲသကဲ့သို့တိုင်းပြည်တွင် ဆူပူမှုဖြစ်ပေါ်အောင်

● စာမျက်နှာ (၁၄) ကော်လံ (၄) သို့

# နိုင်ငံရေးဝန်းကျင်ကောင်းဖန်တီးပေးရန် အဖွဲ့ချုပ်တောင်းဆို



ဇူလိုင်လ (၁၉) ရက်နေ့က ရန်ကုန် မြို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ကျင်းပသော နှစ် (၆၀) ပြည့်အာဇာနည်နေ့အခမ်းအနား။

အခမ်းအနားသို့ ဝါရင့်နိုင်ငံရေးသမားများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ (၈၈) မျိုးဆက်များအပါအဝင် ပရိသတ် (၁,၅၀၀) နီးပါးတက်ရောက်ပြီး အနှောက်အယှက်မရှိပြီးဆုံးသည်။ လုံခြုံရေးတင်းကြပ်ထားသည့်ကြားမှ မစုစုနွေးဦးဆောင်သော အဖွဲ့ဝင် (၆၀) ကျော်သည် (၁၀) ဦး တတွဲဖြင့် အခမ်းအနားအပြီးတွင် အာဇာနည်ကုန်းသို့ တက်ရောက်ခွင့်ရခဲ့သည်။ အလားတူ အခမ်းအနားများကို မန္တလေးတိုင်း၊ တောင်သာ၊ မကွေးတိုင်း စကု၊ မကွေးမြို့၊ ပဲခူးတိုင်း ဒိုက်ဦး၊ တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ်၊ ဧရာဝတီတိုင်း ဘိုကလေး၊ ဝါးခယ်မ၊ ပုသိမ်မြို့၊ မိတ္ထီလာ၊ တောင်ကြီး၊ ချောက်၊ ရေနံချောင်းတို့တွင်လည်း အဖွဲ့ချုပ်ဝင်များက ဦးဆောင်ကျင်းပခဲ့ကြကြောင်းသိရသည်။ နှစ် (၆၀) ပြည့် အာဇာနည်နေ့တောင်းဆိုချက်များတွင် တွေ့ဆုံဆွေးနွေးရေး၊ ဖမ်းဆီးခံခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊ (၄) နှစ်ကြာ ပိတ်ပင်ခြင်းခံထားရသော အဖွဲ့ချုပ်စည်းရုံးရေးရုံးများပြန်ဖွင့်ခွင့်ရရေး၊ ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီးဖျက်သိမ်းခံထားရသော တိုင်းရင်းသားနိုင်ငံရေးပါတီများကို နိုင်ငံရေး၌ ပြန်လည်ပါဝင်ခွင့်ပြုရေးများ ပါဝင်သည်။

❖

## လူထုကိုယ်စားလှယ်များမပါဝင်ဘဲ တဖက်သတ်ရေးဆွဲနေသောဖွဲ့စည်းပုံကိုပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက လုံးဝဆန့်ကျင်

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏သဘောထားထုတ်ပြန်ချက်

နေ့စွဲ။ ။ ၃၁၊ ဇူလိုင် ၂၀၀၇

စာအမှတ်။ ။ ၁/၂၀၀၇

ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ပေါ်ပေါက်ရေးသည် ပြည်သူလူထုအားလုံး၏ တာဝန်ဖြစ်သည်ဟူ၍လည်းကောင်း၊ နဝတ (နအဖ)၏ ၁/၉၀ အရ၊ ၁၉၉၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်မှာ အခြေခံဥပဒေပေါ်ပေါက်ရေးဖြစ်သည်ဟူ၍လည်းကောင်း၊ ကမ္ဘာသိကြေညာခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်သည် မရှိမဖြစ် လိုအပ်သည်မှာ အမှန်ပင်ဖြစ်သည်။

ပြည်သူ့ဆန္ဒနှင့်ကိုက်ညီပြီး၊ စစ်မှန်တည်တံ့ခိုင်မြဲသော ဖွဲ့စည်းပုံအခြေခံဥပဒေကို လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားပြည်သူများကို အမှန်တကယ် ကိုယ်စားပြုသူများ အဓိကပါဝင်ရေးဆွဲရမည်။ ၎င်းကိုယ်စားလှယ်များ မပါဝင်ပဲ တဘက်သတ်ရေးဆွဲသည့် မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေကိုမျှ လက်ခံနိုင်မည်မဟုတ်ပါကြောင်း ကြေညာလိုက်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များ
နှင့်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## အရေးကြုံက သက်လုံကောင်းသည့်ခေါင်းဆောင်မှု

သက္ကရာဇ် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့ နေ့စွဲဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးနှင့်စပ်လျဉ်းသော သမိုင်းဝင်အနာဂတ် သဘောထားထုတ်ပြန်ချက်တစောင်ကို ၁၉၉၀ ပြည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှ ရွေးချယ်တင်မြှောက်ခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ထုတ်ပြန်ကြေညာ ခဲ့သည်။ ယင်းကြေညာချက်တွင် "ပြည်သူ့ဆန္ဒနှင့်ကိုက်ညီပြီး စစ်မှန်တည်တံ့ခိုင်မြဲသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားပြည်သူများကို အမှန်တကယ်ကိုယ်စားပြုသူများ အဓိကပါဝင်ရေးဆွဲရမည်။ ယင်းကိုယ်စားလှယ်များမပါဝင်ဘဲ တဖက်သတ်ရေးဆွဲသည့် မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေကိုမျှ လက်ခံနိုင်မည်မဟုတ်ပါကြောင်း ကြေညာလိုက်သည်" ဟု ရဲဝံ့တည်ကြည်စွာဖြင့် ၁၉၉၀ ပြည့် ရွေးကောက်ပွဲများမှတဆင့် ဖော်ပြခဲ့သည့် မဲဆန္ဒရှင်ပြည်သူလူထုကြီး၏ ဆန္ဒနှင့်အညီ တင်ပြတောင်းဆိုထားသည်ကို တွေ့ရသည်။

နအဖစစ်အုပ်စုသည် ၁၉၉၀ ပြည့်ရွေးကောက်ပွဲ၏ရလဒ်ဖြစ်သော အနိုင်ရပါတီသို့ အာဏာလွှဲပြောင်းရေးကို ငြင်းပယ်လျက် အမိန့်ကြေညာချက်အမှတ် ၁/၉၀ ကို မတရားထုတ်ပြန်ကြေညာခဲ့သည်။ ၁/၉၀ ၏ အနှစ်သာရမှာ ....

(၁) ပြည်သူ့လွှတ်တော်ကို ခေါ်ယူကျင်းပပေးမည်။

(၂) ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များသည် အခြေခံဥပဒေရေးဆွဲရေးအတွက် တာဝန်ရှိသည်ဟူ၍ဖြစ်သည်ကို တွေ့ရှိရသည်။

သို့သော် အရှက်အကြောက်ကင်းမဲ့စွာပင် နအဖသည် ထွေးပြီးတံတွေးကို ထပ်ပြီး ပြန်မျိုခဲ့ပြန်သည်။ ပြည်သူ့လွှတ်တော်ခေါ်ယူရေးကို ထပ်မံငြင်းပယ်လျက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ၎င်း၏ စိတ်တိုင်းကျရွေးချယ်ထားသော ရုပ်သေးတစုနှင့်ရေးဆွဲ၍ အပြီးသတ်တော့မည်ဟုပင် ဇက်ရဲလက်ရဲ ထုတ်ဖော်ပြောဆိုလျက်ရှိသည်။

စစ်အာဏာရှင်စနစ်တည်မြဲရေးအတွက် ပြည်သူလူထုအကျိုးစီးပွားကို လစ်လျူရှု၍ လုပ်ဆောင်နေသော နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးလှုပ်ရှားမှုကို ယခုကဲ့သို့ ပြည်သူရွေးချယ်ခံရသော ကိုယ်စားလှယ်များပီသစွာ ပြတ်ပြတ်သားသားဆန့်ကျင်ရန် ဦးဆောင်မှုပေးခြင်းသည် မြန်မာပြည်သူတို့နှင့် ဒီမိုကရေစီရေးတည်ဆောက်မှုကို ကြီးမားစွာ အရှိန်အဟုန်မြှင့်တင်ခြင်းဖြစ်သည်ဟု ယူဆရသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ အနစ်နာခံကြိုးပမ်းမှု၏ အကျိုးဆက်အဖြစ် တပြည်လုံးအတိုင်းအတာနှင့် လှည်းနေ လှေအောင်း၊ မြင်းဇောင်းမကျန် ပြည်သူလူထုတရပ်လုံး၏ နအဖအခြေခံဥပဒေဆန့်ကျင်ရေး ဒီရေလှိုင်းလုံးကြီး ပေါ်ထွန်းလာဖွယ်ရာအလားအလာများကို တွေ့မြင်နေရပေသည်။

မည်သို့ဆိုစေ ယခုကဲ့သို့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ခိုင်ခံ့တည်ကြည်သော၊ ပြတ်သားခိုင်မာသော အစပြုလှုပ်ရှားမှုသည် ပြည်သူလူထုတရပ်လုံးအတွက် အားကိုးယုံကြည်လောက်သောခေါင်းဆောင်မှုကို စိုက်ထူလာခြင်းဟူသော အဓိပ္ပါယ်ပင်ဖြစ်သည်။ ပြည်သူတရပ်လုံးက "ငါတို့ရွေးချယ်လိုက်သော ခေါင်းဆောင်များသည် တိုင်းပြည်အကျိုးအတွက် စွမ်းဆောင်နိုင်ကြသူများဖြစ်ကြပါပေသည်" ဟူသော ကျေနပ်နှစ်သိမ့်မှုကို ခံစားကြရသည်။ ဤခံစားမှုက မြန်မာနိုင်ငံ၏ တောက်ပသောအနာဂတ်တရပ် ပေါ်ထွန်းရေးအတွက် ပြည်သူလူထုနှင့် ခေါင်းဆောင်မှုကြား အပြန်အလှန်တည်ဆောက်အပ်၊ ထားရှိအပ်သော နွေးထွေးလှိုက်လှဲသည့် ဆက်ဆံရေးတရပ် ပေါ်ထွန်းစေသည့်အတွက် ယခုကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ ချိန်ကိုက်ကြေညာချက်သည် လတ်တလောကာလအတွက်သာမက အနာဂတ်ကာလအတွက်ပါ အကျိုးကျေးဇူးဖြစ်ထွန်းစေသည့် ကျိုးပမ်းအားထုတ်မှုဖြစ်ပါကြောင်း ဖော်ပြအပ်ပေသည်။

❖




# ဒေါ်အောင်ဆန်းစုကြည်ကို မလွှတ်မချင်းလှုပ်ရှားမှုများကို အရှိန်မြှင့်သွားမည်



အဖွဲ့ချုပ်အဖွဲ့ချုပ်ဝင်များမှ ဒေါ်အောင်ဆန်းစုကြည်အား မလွှတ်မပေးချင်း လှုပ်ရှားမှုများ အရှိန်မြှင့်လုပ်ဆောင်သွားမည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က မလွတ်မချင်း ဒေါ်စု လွတ်မြောက်ရေးလှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီးအဖွဲ့က ဇူလိုင်လ (၆) ရက်နေ့တွင် ထပ်မံကတိပေးလိုက်သည်။

အဖွဲ့ချုပ် ဗဟိုအမျိုးသမီးအဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ရည်ရွယ်၍ အပတ်စဉ် အင်္ဂါနေ့တိုင်း အဖွဲ့ချုပ်ရှေ့ကြွရောက်လာသော သံဃာတော်များကို ဆွမ်းဟင်းအလှူဒါနပြုလုပ်လျက်ရှိရာ သံဃာအရေအတွက် ရာဂဏန်းအထိ တိုးများလာနေကြောင်းသိရသည်။

အဖွဲ့ချုပ်ဗဟိုအမျိုးသမီးအဖွဲ့က ဦးဆောင်ပြုလုပ်သော ဆွမ်းကပ်လှူပွဲကို ရန်ကုန်တိုင်းအပါအဝင် အခြားပြည်နယ်နှင့်တိုင်းအတွင်းက အဖွဲ့ချုပ်မြို့နယ်များက အလှည့်ကျ ဒါနပြုလုပ်သွားမည်ဖြစ်သည်။

အဖွဲ့ချုပ် ဗဟိုအမျိုးသမီးအဖွဲ့ခေါင်းဆောင်တဦးဖြစ်သူ ဒေါ်လဲ့လဲ့က "မွန်ပြည်နယ်ဆိုရင် လတလရဲ့ နောက်ဆုံးအင်္ဂါနေ့တိုင်းမှာ (ဆွမ်း၊ ဆွမ်းဟင်း) လှူမယ်လို့ကျမတို့ကိုပြောပါတယ်"ဟု ပြောသည်။

ယခုအခါ စစ်ကိုင်းတိုင်း၊ ချောက်မြို့နယ်၊ လသာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ် စသောမြို့နယ်များမှလည်း ဗဟိုအမျိုးသမီးအဖွဲ့၏ အစီအစဉ်တွင်ပါဝင်ရန် စာရင်းပေးထားပြီဟု ၎င်းကဆိုသည်။

ဗဟိုအမျိုးသမီးအဖွဲ့အပါအဝင်၊ ပြည်နယ်တိုင်းအသီးသီးမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များသည် ပြီးခဲ့သည့် မေလ (၁) ရက်နေ့မှစ၍ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် အကန့်အသတ်များကြားမှ ဘုရားသွားဝတ်ပြုဆုတောင်းမှုများအပါအဝင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးလှုပ်ရှားမှုများကို အရှိန်မပြတ်လုပ်ဆောင်လျက်ရှိရာ လူထုကထောက်ခံမှုပြသကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက "ဒေါ်အောင်ဆန်းစုကြည်ရုပ်ပုံပါတဲ့အင်္ကျီကို အားလုံးတူညီဝတ်စုံဝတ်တယ်။ နောက်ကျောမှာ ဒေါ်အောင်ဆန်းစုကြည် အမြန်ဆုံးလွတ်မြောက်ပါစေဆိုတဲ့စာတမ်းပါတယ်။ လူထုက ဒီအင်္ကျီမြင်တာနဲ့ ကျမတို့နှုတ်က ဘာမှမပြောရဘဲနဲ့ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ကြိုးပမ်းနေတဲ့ ဒီမိုကရေစီအင်အားစုတွေဆိုတာသိတယ်။ ပါးစပ်နဲ့ထုတ်ဖော်အားပေးတာတွေလဲရှိတယ်"ဟုပြောသည်။ ❖

# ဘုရားကိုသော့ခတ်တားဆီးသော်လည်း ဆုတောင်းပွဲများတားမရဆီးမရ တပြည်လုံးပျံ့နှံ့

ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးဆုတောင်းပွဲများမလုပ်နိုင်အောင် ရန်ကုန်နှင့်မန္တလေးတိုင်းအတွင်းရှိ ဘုရားတချို့ကို အာဏာပိုင်များက သော့ခတ်ပိတ်ထားလိုက်ကြောင်း ဆုတောင်းပွဲကိုဦးဆောင်သူ မစုစုနွေးက ပြောသည်။

ဇူလိုင်လ (၁၀) ရက်နေ့က ဒေါပုံမြို့ရှိ အောင်ဇေယျစေတီတော်ကြီးကို သော့ခတ်ပိတ်ထားပြီး ဆုတောင်းပွဲလာသူများကိုလည်း ဆိုင်ကယ်စီးလူအုပ်ကြီးက ဝိုင်းဝန်းဓာတ်ပုံရိုက်ယူသွားသည်ဟု ဆိုသည်။

အာဏာပိုင်များက ဘုရားကိုပါသော့ခတ်ထားသဖြင့် ဘုရားကို အပြင်ကပဲဝတ်ပြုပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် ဆုတောင်းကာ အောင်မြင်စွာလမ်းလျှောက်ပြန်ခဲ့သည်ဟု မစုစုနွေးက ဆက်လက်ပြောပြသည်။

အလားတူ မန္တလေးတိုင်း မိတ္ထီလာတွင်လည်း လေးမျက်နှာဘုရားကို သော့ပိတ်ထားပြီး အစောင့်ချထားလိုက်ကြောင်း ဆုတောင်းပွဲလာသူများကပြောသည်။ မိတ္ထီလာလေးမျက်နှာဘုရားတွင် ဆုတောင်းပွဲ အထမမြောက်သော်လည်း မန္တလေးမြို့၊ ရွှေဘုန်းပွင့်ကျောင်းတိုက်နှင့် မစိုးရိမ်တိုက်သစ်တို့တွင် အဖမ်းဆီးခံခေါင်းဆောင်များလွတ်မြောက်ရေး အလှူပြုဆုတောင်းပွဲ အောင်မြင်ခဲ့သည်။

ရန်ကုန် ရွှေတိဂုံစေတီတော်တွင် ပြုလုပ်သော ဆုတောင်းပွဲသို့ လှိုင်သာယာ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ရွှေပြည်သာ၊ သဃ်္ဃန်းကျွန်း စသောမြို့နယ်များမှ လူ (၂၀) ကျော် လာရောက်ကြကြောင်း ဆုတောင်းပွဲကို ဦးဆောင်သူ နော်အုန်းလှကပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး အမျိုးသမီးအဖွဲ့နှင့် မကွေးတိုင်းအောင်လံရှိ အဖွဲ့ချုပ်ဝင်များသည် သံဃာ (၂၀၀) ကျော်ကို ဆွမ်းလောင်းဆုတောင်းခဲ့သည်ဟု သိရသည်။

တချိန်တည်းတွင် မန္တလေးတိုင်း ဝမ်းတွင်းနှင့်ပျော်ဘွယ်မြို့တို့တွင်လည်း ဆုတောင်းပွဲများပြုလုပ်ခဲ့ကြပြီး ရခိုင်ပြည်နယ်နှင့်ဧရာဝတီတိုင်းမြို့နယ်တချို့တွင်လည်း အလားတူ ဆုတောင်းပွဲများ ပြုလုပ်နေကြကြောင်း သိရသည်။ ❖



ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ (၃) တွင် "လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်"ဟူ၍ ပြဋ္ဌာန်းပါရှိသည်။ ယင်းပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်။ ထိုသို့လွှတ်တော်ခေါ်ယူနိုင်ရန်အတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ဆောင်ရွက်ရန်ကိစ္စများ၊ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်အရွေးခံရသည့်ပုဂ္ဂိုလ်များက ဆောင်ရွက်ရန်ကိစ္စများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားကြရန် အခါအားလျော်စွာ သတင်းထုတ်ပြန်ရေးအဖွဲ့က ရှင်းလင်းခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် ၁/၉၀။ (အပိုဒ် – ၁၂)

ထို့ကြောင့် ယနေ့အခြေအနေတွင် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန်တာဝန်ရှိသည့်ပုဂ္ဂိုလ်များ ဖြစ်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် ၁/၉၀။ (အပိုဒ် – ၂၀)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇ /ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၅) ရက်။
၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်

(၆၀) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား သဘာပတိမိန့်ခွန်း

အားလုံးကျန်းမာ၍ ချမ်းသာကြပါစေရန် ဆုတောင်းမေတ္တာပို့သလျက်ပါ။

ယနေ့သည် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး တပ်မတော်၏ဖခင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇက်၊ မိုင်းပွန်စော်ဘွားစဝ်စံထွန်း၊ ဦးဘဝင်း၊ မန်းဘခိုင် အစရှိသော အမျိုးသားခေါင်းဆောင်ကြီးတို့အား အကြမ်းဖက်သမားများက ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသောနေ့ဖြစ်ပါသည်။ အတွင်းဝန် ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့သည်လည်း ခေါင်းဆောင်ကြီးများနှင့်အတူ လုပ်ကြံခံရ၍ ကျဆုံးခဲ့ကြရသည်။ ထို့ကြောင့် အာဇာနည်နေ့ကြီးဖြစ်ပေါ်လာခဲ့ရသည်။ တိုင်းပြည်၏သမိုင်းတွင် အလွန်ရုပ်ဆိုးလှသည့် ဖျက်မရသည့်အမည်းစက်ကြီး ပေကျံသွားခဲ့ပါသည်။

ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ခြင်းကြောင့် တမျိုးသားလုံးက နိုင်ငံအနာဂတ်အတွက် အထူးစိုးရိမ်ခဲ့ကြရသည်။ ဝမ်းနည်းကြေကွဲခဲ့ရသည်။ မိမိနိုင်ငံသည် ကိုလိုနီအုပ်ချုပ်ရေးလက်အောက်မှ လွတ်လပ်ရေးရအံ့ဆဲဆဲတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရခြင်းသည် ပြည်ထောင်စုတမျိုးသားလုံးအတွက် ဆုံးရှုံးနစ်နာမှုကြီးလည်းဖြစ်ပေသည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ထောင်လိုသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများလုပ်ကြံခံခဲ့ရခြင်းသည် နိုင်ငံတော်လုပ်ကြံမှုပင်ဖြစ်ပေသည်။

အမှန်တကယ် တိုင်းပြည်အတွက် ဆုံးရှုံးနစ်နာမှုကြီးဖြစ်ရသည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ်အောင်ဆန်းသည် နှလုံးရည် လက်ရုံးရည်တို့နှင့်ပြည့်စုံခြင်း၊ အမြော်အမြင်ကြီးမားခြင်း၊ ရိုးသားတည်ကြည်ဖြောင့်မတ်ခြင်း၊ နိုင်ငံအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နိုင်သည့် အရည်အချင်းကောင်းဖြစ်ခြင်း၊ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ထောင်ရန်နှင့် တိုင်းရင်းသားလူမျိုးစုများအပါအဝင် နိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးများကို တန်ဖိုးထားလေးစားပြီး ဖော်ထုတ်လိုသောရည်ရွယ်ချက်ဆန္ဒရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြည်အတွက် ကိုယ်ကျိုးမဖက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ဖော်ပြရမည်ဆိုပါလျှင် ....

– ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားခေါင်းဆောင်၊ တိုင်းပြည်လွတ်လပ်ရေးအတွက်ဦးဆောင်သော တို့ဗမာအစည်းအရုံး အတွင်းရေးမှူး၊ သခင်အောင်ဆန်းဖြစ်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဘီအိုင်အေ ဗမာ့တပ်မတော်ဖွဲ့စည်းပြီး နယ်ချဲ့ကိုတိုက်ခဲ့သည်။

– ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များသည် ၁၉၄၅ ခုနှစ်တွင် ဖက်ဆစ်တော်လှန်ရေးကိုဆင်နွှဲ၍ တိုင်းပြည်လွတ်လပ်ရေးအတွက် ဖက်ဆစ်များကို အောင်မြင်စွာတွန်းလှန်တိုက်ခိုက်ခဲ့သည်။

– မြန်မာနိုင်ငံလွတ်မြောက်ရေးအတွက် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး (ဖတပလ) နိုင်ငံရေးတပ်ဦးဖွဲ့စည်းခဲ့သည်။

– ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ရေးကိစ္စအတွက် အရှေ့အာရှဆိုင်ရာ မဟာမိတ်တပ်ဦးကြီးနှင့်တွေ့ဆုံ၍ ကန္ဒီစာချုပ်ချုပ်ဆိုခဲ့ပြီး တပ်မတော်ကိုပြန်လည်ဖွဲ့စည်းခဲ့သည်။

– ဗြိတိသျှတို့ကွပ်ကဲမည့် အသစ်ပြန်လည်ဖွဲ့စည်းလတ္တံ့သော ဗမာ့တပ်မတော်တွင် ဗိုလ်ချုပ်အောင်ဆန်းအား ဗိုလ်မှူးချုပ်ရာထူးတိုက်ရိုက်ယူပြီး တပ်ကိုဦးစီးရန် အရှေ့တောင်အာရှဒေသဆိုင်ရာ မဟာမိတ်တပ်ပေါင်းစု သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန်က ကမ်းလှမ်းခဲ့သည်ကို ငြင်းပယ်ပြီး နိုင်ငံရေးခေါင်းဆောင်အဖြစ်ဖြင့် လွတ်လပ်ရေး လုံးဝမရမချင်း၊ မနားမနေကြိုးပမ်းသွားမည်ဟု ခိုင်မာစွာသန္နိဋ္ဌာန်ပြုခဲ့သည်။

– ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာလူမျိုးများနှင့် တောင်တန်းသားလူမျိုးစုများပါ တပြိုင်တည်း လုံးဝလွတ်လပ်ရေးရရန် ဗြိတိသျှအစိုးရထံ တောင်းဆိုခဲ့သည်။ ၎င်းနောက် အင်္ဂလန်နိုင်ငံသို့သွားရောက်ပြီး ဗြိတိသျှအစိုးရနှင့် ဆွေးနွေးညှိနှိုင်းကာ အောင်ဆန်း–အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ယင်းစာချုပ်တွင် မြန်မာနိုင်ငံအား တနှစ်အတွင်း လွတ်လပ်ရေးပေးမည်ဟု ဗြိတိသျှအစိုးရက ကတိဝန်ခံချက်ပေးခဲ့သည်။ ထို့ကြောင့် ယင်းအောင်ဆန်း–အက်တလီစာချုပ်သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အထူးပင်အရေးပါသောကဏ္ဍတရပ်ဖြစ်ခဲ့သည်။

– ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် အခြေခံအုတ်မြစ်ကြီးဖြစ်သော အဖိုးအနမတက္ကထိုက်တန်လှသည့် ပင်လုံစာချုပ်ကိုလည်း ချုပ်ဆိုနိုင်ခဲ့သည်။ ထို့ကြောင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးစုများ အားလုံး၏ စည်းလုံးညီညွတ်မှုအမှတ်အသားဟုလည်းကောင်း၊ ပြည်ထောင်စုစိတ်ဓာတ် စတင်မွေးမြူသည်ဟုလည်းကောင်း တနိုင်ငံလုံးက အသိအမှတ်ပြုထားကြပါသည်။

– ထို့နောက် တိုင်းပြုပြည်ပြုလွှတ်တော်ကို ရွေးကောက်တင်မြှောက်လျက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုနိုင်ခဲ့သည်။ ယင်းအခြေခံဥပဒေနှင့်အညီ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်စွာပေါ်ထွန်းလာခဲ့သည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်းအား မြန်မာ့လွတ်လပ်ရေးဗိသုကာကြီးဟု တင်စားခေါ်ဝေါ်ကြပါသည်။

သို့ပါ၍ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားများကို နှလုံးသွင်းအာရုံပြုလျက် ခေါင်းဆောင်ကြီးများ လမ်းညွှန်ပြသခဲ့သောသင်ခန်းစာများကို ယူကြရပေမည်။ ယင်းကျေးဇူးတရားများကို လုံးဝမမေ့သင့် မမေ့ထိုက်ပါ။ မှေးမှိန်ပျောက်ကွယ်အောင်လည်း လုံးဝဥဿုံမလုပ်သင့်မလုပ်ထိုက်ပါ။

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှအစိုးရထံမှ နိုင်ငံတော်၏ လွတ်လပ်ရေးကိုရယူရန်အတွက် သံခင်းတမန်ခင်းကိုအခြေခံလျက် တရားဝင်ဆွေးနွေးပွဲများတွင် နှစ်ဦးနှစ်ဘက်ညှိနှိုင်းကာ သဘောတူစာချုပ်တို့ကို ချုပ်ဆိုအောင်မြင်ခဲ့သည်။ ထို့နည်းတူစွာပင် သိမ်မွေ့လှသော တိုင်းရင်းသားလူမျိုးစုအရေးကို ဖြေရှင်းရာ၌လည်း မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းနည်းလမ်းကိုသာ အသုံးပြု၍ခဲ့၍ ပွင့်လင်းရိုးသားခြင်းကိုအခြေခံလျက် တိုင်းရင်းသားတို့၏ ယုံကြည်ကိုးစားမှုကို ရယူနိုင်ခဲ့သည်။

အချုပ်အခြာအာဏာပိုင်နိုင်ငံပေါ်ထွန်းလာရန် နိုင်ငံတော်အတွက် လွတ်လပ်ရေးကို တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းဖြင့် ရယူနိုင်ခဲ့သော အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ခေါင်းဆောင်ကြီးများ၏ နမူနာကိုရယူလျက် ယနေ့ပေါ်ပေါက်နေသော ပြဿနာအရပ်ရပ်တို့ကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ကန့်သတ်ချက်များမပါဝင်သော ဆွေးနွေးပွဲများကို စတင်ကျင်းပလျက် ဆက်လက်၍ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များနှင့် ဆွေးနွေးရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း တင်ပြရမည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးပြဿနာများနှင့် အခြားအထွေထွေပြဿနာရပ်များကို အမှန်တကယ်ဖြေရှင်းလိုသောဆန္ဒရှိကြသဖြင့် လက်နက်ဖြင့်မဖြေရှင်းဘဲ ပါဝင်သူအားလုံး တွေ့ဆုံဆွေးနွေး၍ ဖြေရှင်းနေကြပြီဖြစ်ကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်။

ရန်ကုန်မြို့




(၁)

ဘယ်တော့မဆို ....

ကျောင်းထဲကို ဝင်တိုင်း၊

တက္ကသိုလ်စာတိုက်ကို သွားတိုင်း၊

တက္ကသိုလ်ဆေးရုံဆီသွားဖို့ မဏ္ဍလေး ဆောင်ရှေ့ဖြတ်တိုင်း၊

တကာသမြက်ခင်းပြင်ဆီ ကျနော် မကြည့် ဖြစ်တာရယ်လို့မရှိဘူး။

တခါတခါ ခြောက်ခြောက်သွေ့သွေ့ဖြစ် နေတတ်ပြီး၊ တခါတခါ စိုစိုစိမ်းစိမ်းဖြစ်နေ တတ်တဲ့ မြက်ခင်းပြင်၊

ပြီးတော့ ....

ဗိုလ်အောင်ကျော်ကျောက်တိုင်၊ ပြီး တော့ လစ်ဟာနေတဲ့မြေကွက်လပ်။ ပြီးတော့ ဝိတ်ရုံ ....

ဘယ်ခါကြည့်ကြည့် ရင်ထဲမှာဆို့တက် လာစမြဲ။

ဒီနေရာဟာ ကျနော်တို့ရဲ့ ဘူမိနက် သန်။

ဒီနေရာဟာ ကျနော်တို့နောင်တော် တွေ သွေးနှင့်ရေးခဲ့တဲ့ သွေးသမိုင်းတို့ တည် ရာမြေ။

တခါက ဒီနေရာမှာ သမိုင်းတန်ဖိုးတွေ နှင့်ဂုဏ်ရောင်ပြောင်ခဲ့တဲ့ တကာသအဆောက် အဦး ရှိခဲ့ဖူးတယ်။

တခါက ဒီနေရာမှာ ကျောင်းသားသွေး တွေ စွန်းပေနေတဲ့ အုတ်ကျိုးအုတ်ပဲ့ပုံကြီးနှင့် မြိန်ရေလျှက်ရေမျက်နှာပေးနဲ့ ခပ်ရင့်ရင့် ရပ်၊ ခပ်ရိုင်းရိုင်း ခါးထောက်ပြီး စိုက်ကြည့် နေတဲ့ စစ်အာဏာရူး ဗိုလ်စိန်လွင်။

ကျနော့်ရင်ထဲမှာ အကြိမ်ကြိမ်တောက် ခေါက်ခဲ့ဖူးပြီး တပိုင်နက်တည်းမှာ ကျနော့် ရင်ထဲက အကြိမ်ကြိမ်တမ်းတခဲ့ဖူးတဲ့ နေ့သစ် တနေ့ ....

(၂)

အဲဒီ တမနက်ကပေါ့ ....

ဩဂုတ်လရဲ့ မိုးနှင်းတွေကြားမှာ ....

အဓိပတိလမ်းဟာ နက်မှောင်နေတယ်။

ခြသေ့်နှစ်ကောင်တံခါးဝကနေ ဘွဲ့နှင်း သဘင်ခန်းမဆီကို စက္ကန့်အချို့ကြာငေးပြီး ကြည့်လိုက်ရတဲ့ အဲဒီမနက်က အရသာ။ ကျ နော် ဘယ်လိုမေ့နိုင်တော့မှာလဲ။

အဲဒီမနက်ခင်းလောက် ကျက်သရေရှိတဲ့ မနက်ခင်းမျိုး ကျနော့်တသက်မှာ မကြုံဖူးဘူး။

ဒီလိုမြင်ကွင်းမျိုး၊ ဒီလိုမနက်ခင်းမျိုး ကျနော်တို့တမ်းတခဲ့ကြတာ ဆယ်စုနှစ်တွေ များခဲ့ပြီ။

ဒီလိုမြင်ကွင်းမျိုး ဒီလိုမနက်ခင်းမျိုးတွေ ရယူပိုင်ဆိုင်နိုင်ဖို့ ပေးဆပ်ခဲ့ကြ၊ ရင်နှီးခဲ့ရတဲ့ ဘဝတွေ၊ မျက်ရည်တွေ မရေတွက်နိုင်တော့ ဘူး။

အဲဒီမနက်မှာ အဲဒီမြင်ကွင်း၊ ဘာနှင့်မှ နှိုင်းယှဉ်လို့မရအောင် ခမ်းနားလွန်းလှတဲ့ အဲဒီ မြင်ကွင်း ကျနော်တို့ရှေ့ကို ဆိုက်ဆိုက် မြိုက်မြိုက်ကြီးကိုပဲ ရောက်လာခဲ့ပါတယ်။

(၃)

"ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ် (တရားဝင်) ဖြစ်မြောက် ရေးဗဟိုကော်မတီ၏ ပထမအကြိမ်ညီလာခံ

ရန်ကုန်တက္ကသိုလ်များ ကျောင်းသား သမဂ္ဂ"

ဆိုတဲ့နောက်ခံစာတန်းကြီးကို ဝိတ်ရုံ (အားကစားရုံ) ရဲ့နံရံပေါ်မှာ ခန့်ညားစွာ ချိတ်ဆွဲထားလိုက်ကြပြီ။

အဲဒီနောက်ခံပေါ်မှာနှင့် ဘေးဝဲယာမှာ နီမောင်းတဲ့ ခွပ်ဒေါင်းအလံတွေ။

အလံတချို့က နံရံပေါ်မှာ ခန့်ညားစွာ၊

အလံတချို့က လေထဲမှာ တလူလူလွင့် လို့။

စကားပြောစင်မြင့်ရဲ့ ဝဲဘက်မှာက သုံး ရောင်ခြယ် ကဒေါင်းအလံတော်။

ကျောင်းသားတွေဟာ တက္ကသိုလ်မြက် ခင်းပြင်ပေါ်မှာ အပြည့်အကြပ်နေရာယူထား ကြပြီး အဓိပတိလမ်းပေါ်အထိ၊ မဏ္ဍလေးအ ဆောင်ဝန်းထဲအထိ၊ တက္ကသိုလ်ရိပ်သာလမ်း မပေါ်အထိ လျှံထွက်နေတော့တယ်။

စကားပြောစင်မြင့်ရဲ့ရှေ့ တက်ရောက် လာသူ အမြို့မြို့အနယ်နယ်က ကျောင်းသား ကျောင်းသူတွေနှင့် မျက်နှာချင်းဆိုင်မှာတော့ တာဝန်ရှိသူကျောင်းသားများက နေရာယူ ထားကြပါတယ်။

"ကျနော်တို့ ဒီအစည်းအဝေးပွဲအပြီး မှာပဲ တခါတည်းရုံးခန်းဖွင့်ပြီးတော့ ကျနော်တို့ အတူလက်တွဲခဲ့ကြတဲ့ ရဲဘော်တွေ၊ အတူသွေး စည်းခဲ့ကြတဲ့ ညီအကိုတွေ၊ အတူတူ ဦးလည် မသုန်ထမ်းရွက်ခဲ့ကြတဲ့ သူငယ်ချင်းတွေ အားလုံးကို လက်တွဲခေါ်ချင်လွန်းလို့ ဒီလိုလုပ် ကြရတာပါ။"

ဗကသများအဖွဲ့ချုပ် ဥက္ကဋ္ဌ (ယာယီ) ကိုမင်းကိုနိုင်ရဲ့ ညီလာခံရည်ရွယ်ချက်ကိုရှင်း ပြခြင်းနှင့်စတင်ပြီး အခမ်းအနားကို ဖွင့်လှစ် လိုက်တယ်။

သူ့ရဲ့အဖွင့်မိန့်ခွန်းမှာ ကျောင်းသား ထုရဲ့ ညီညွတ်ရေးဟာ အင်မတန်အရေးကြီး ကြောင်း၊ ဗိုလ်စိန်လွင် ပြုတ်ကျသွားပြီဆိုပေ မယ့် ဒီမိုကရေစီတိုက်ပွဲဟာ မပြီးဆုံးသေး ကြောင်း၊ ညီညွတ်ရေးကို မတည်ဆောက် နိုင်ဘူးဆိုရင် ပြည်သူလူထုကြီးပါဝင်လာ အောင် မစည်းရုံးနိုင်ဘူးဆိုရင် ပြည်သူလူထု က တိုက်ပွဲထဲမှာ မပါဝင်လာသေးဘူးဆိုရင် ဘယ်လိုမှ အောင်ပွဲကိုအရယူနိုင်လိမ့်မယ် မဟုတ်ကြောင်း၊ ညီညွတ်ရေးအရေးကြီးပုံနှင့် ပြည်သူလူထုရဲ့အခန်းကဏ္ဍကို ပြောဆိုလိုက် ချိန်မှာ ရှည်လျားလှတဲ့ လက်ခုပ်သံတွေ ထွက်ပေါ်လာတော့တယ်။

(၄)

ဒုတိယအစီအစဉ်က ဦးလှရွှေ၊

၂၀၊ ၀၊ ၁၁ ရက်နေ့ အဲဒီအခမ်းအ နားမှာ ဦးလှရွှေဟာ စစ်ပြီးခေတ်နှင့် လွတ် လပ်ရေးခေတ် ကျောင်းသားသမဂ္ဂဝင် ဟောင်းများရဲ့ကိုယ်စား ပြောကြားတာဖြစ် ပါတယ်။

သူဟာ ၁၉၆၀– ၆၃ ဗကသများအဖွဲ့ ချုပ်ရဲ့ အတွင်းရေးမှူးအဖွဲ့ဝင်တဦးလည်း ဖြစ်သလို ရန်ကုန်တက္ကသိုလ်ကျောင်းသား ညီညွတ်ရေးတပ်ဦးရဲ့ (၁၉၆၁ – ၆၂) အတွင်းရေးမှူးလည်းဖြစ်ပါတယ်။

ဦးလှရွှေဟာ အဲဒီကာလရဲ့အရေးကြီး မှုကို အခုလိုစတင်ထောက်ပြပါတယ် ....

"အခုအချိန်ဟာ ကျနော်တို့ မြန်မာ နိုင်ငံတော်ရဲ့သမိုင်းမှာ အရေးအကြီးဆုံး အချိန်ကာလဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းမှာ အရေးကြီးတဲ့ အလှည့်အပြောင်း တခုကို ဦးတည်နေတဲ့အချိန်ကာလဖြစ်ပါ တယ်။ အတန်းအစား အလွှာပေါင်းစုံပါဝင်တဲ့ အမျိုးသားတပ်ပေါင်းစုံ မိဘပြည်သူတွေနဲ့ တိုင်းပြည်အတွက် အမြဲတန်းရှေ့တန်းမှာ နေပြီး အရဲရင့်ဆုံး၊ အပြတ်သားဆုံး၊ အစွန့် လွှတ်ဆုံး၊ အနစ်နာအခံဆုံး၊ အစည်းလုံးဆုံး ကျောင်းသူကျောင်းသားတွေ တခဲနက်ပူး ပေါင်းညီညွတ်ကြပြီး မြန်မာနိုင်ငံအသစ်ကို ဖန်တီးနေကြတဲ့အချိန်ကာလဖြစ်တယ်"

အဲဒီနောက်မှာ ဦးလှရွှေဟာ ဗကသ၊ တကာသ သမိုင်းကို သက္ကရာဇ်များအလိုက် အကျဉ်းချုံးတင်ပြပြီး ဒီကျောင်းသားတိုက်ပွဲ သမိုင်းစဉ်ကြီးအပေါ် အခုလို နိဂုံးချုပ်ပြပါ တယ်။

"ကျောင်းသားရဲဘော်များခင်ဗျား လွတ်လပ်ရေးခေတ်ဦး ကျောင်းသားလှုပ် ရှားမှုသမိုင်းဟာ –

(၁) အင်္ဂလိပ်ကိုလိုနီခေတ် ကျောင်း သားတိုက်ပွဲများရဲ့အဆက်ဖြစ်ပါတယ်။ ကိုလို နီခေတ် ကျောင်းသားကြီးများ ခေါင်းဆောင် ဆင်နွှဲခဲ့ကြတဲ့ မပြီးဆုံးသေးတဲ့ တာဝန်များ ကို ဆက်လက်တိုက်ပွဲဆင်တဲ့ သမိုင်းဖြစ်ပါ တယ်။

(၂) မြန်မာပြည်သူတွေရဲ့ နယ်ချဲ့ဆန့် ကျင်ရေး၊ လုံးဝအမျိုးသားလွတ်လပ်ရေး၊ အမျိုးသားလွတ်လပ်ရေး ထိန်းသိမ်းရေး တိုက်ပွဲများရဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။

(၃) ကျောင်းသားတွေ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်ဖို့အတွက် မိဘပြည်သူ များနဲ့အတူ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်တဲ့သမိုင်းဖြစ်ပါတယ်။

(၄) ကျောင်းသားအခွင့်အရေး ကာ ကွယ်ရေးနဲ့ အထွေထွေဒီမိုကရေစီအခွင့် အရေးများအတွက် တိုက်ပွဲဆင်တဲ့သမိုင်းဖြစ် တယ်။

(၅) ကမောက်ကမပညာရေးစနစ်ကို ဖျက်သိမ်းပြီး အမျိုးသားပညာရေး တည် ဆောက်ရေးအတွက် တိုက်ပွဲဝင်တဲ့သမိုင်းဖြစ် တယ်။"

တဆက်တည်းမှာ မဆလပါတီနှင့် အဲဒီ ကာလ ဒေါက်တာမောင်မောင်အစိုးရကို ချက်ချင်းဆောင်ရွက်ပေးရန် အချက် (၃) ခုကို ပြတ်ပြတ်သားသား တောင်းဆိုလိုက် တယ်။

*"(၁) ပြည်သူနဲ့ ကျောင်းသားတွေ အတွက် အထွေထွေဒီမိုကရေစီအခွင့်အရေး များ အပြည့်အဝရဖို့။*

*(၂) မဆလ တပါတီအာဏာရှင်စနစ် ကို ချက်ချင်းဖျက်သိမ်း၊ ယာယီအစိုးရချက် ချင်းဖွဲ့စည်းပေးဖို့။*

*(၃) ပါတီစုံဒီမိုကရေစီအစိုးရတရပ် အမြန်ပေါ်ပေါက်ဖို့အတွက် အခြေအနေများ ဖန်တီးပေးဖို့။"*

ဒါဟာ မဆလ တပါတီအာဏာရှင်တွေ ကို တောင်းဆိုထားတာဖြစ်ပြီး ကျောင်းသား တွေနှင့်လူထုတွေက လက်တွေ့ကျကျလုပ် ဆောင်သွားဖို့ လိုအပ်တဲ့ တကယ့်လိုအပ် ချက်တွေကိုလည်း အခုလို ဆက်ပြီးထောက် ပြသွားပါတယ်။

"– ဦးစွာအားဖြင့် ကျောင်းသားထု တရပ်လုံးကိုကိုယ်စားပြုမယ့် ကျောင်းသား သမဂ္ဂများခေါင်းဆောင်တဲ့ သပိတ်ကော်မတီ တရပ် ပေါ်ပေါက်လာစေဖို့။

– ဒုတိယအားဖြင့် ကျောင်းသားများ အပါအဝင် အတန်းအစားအလွှာပေါင်းစုံပါ ဝင်တဲ့၊ ကိုယ်စားပြုတဲ့ အထွေထွေသပိတ် ကော်မတီတရပ် ဖွဲ့စည်းဖို့။

– တတိယအားဖြင့် အခြေအနေအ ကြောင်းအချက်များ ပြည့်စုံလုံလောက်တဲ့ အခါမှာ စည်းလုံးညီညွတ်တဲ့ တခုတည်းသော ကျောင်းသားသမဂ္ဂကြီး ဖွဲ့စည်းနိုင်ဖို့ အထူး လိုအပ်ကြောင်း အကြံပြုပါရစေ။"

(၅)

နောက်အစီအစဉ်မှာ စာပေအနုပညာ ရှင်များသမဂ္ဂက ဆရာမောင်သော်ကပြော တယ်။

မြန်မာနိုင်ငံရှေ့နေများကောင်စီက ဆရာဦးကိုယုပြောတယ်။

၁၉၇၅ ခုနှစ် ကျောင်းသားလှုပ်ရှားမှု ရဲ့ကိုယ်စား ဦးအောင်သန်းတင်ပြောတယ်။

ရုပ်ရှင်အနုပညာရှင်များကိုယ်စား မင်း သားကြီး ဦးအောင်လွင်ပြောတယ်။

ဦးသန့်လှုပ်ရှားမှု ကျောင်းသားခေါင်း ဆောင် ကိုအေးကျော်ပြောတယ်။

အဲဒီနောက်မှာတော့ ကျောင်းသားထုရဲ့ ဆန္ဒနှင့်အညီ ဗကသများအဖွဲ့ချုပ်ရဲ့ အမှု ဆောင်များကိုရွေးချယ်ပြီး တာဝန်တွေ အပ် နှင်းပေးနိုင်ခဲ့ကြတယ်။

ဗကသများအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌအဖြစ် ကိုမင်းကိုနိုင်၊

ဒုတိယဥက္ကဋ္ဌအဖြစ် ကိုကိုကြီး၊

အထွေထွေအတွင်းရေးမှူးအဖြစ် ကိုမိုး သီးဇွန်၊

တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) အဖြစ် ကိုဌေးကြွယ်၊

တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) အဖြစ် ကိုအောင်နိုင်တို့ကို တညီတညွတ်တည်း ရွေးချယ်ပေးခဲ့ကြပါတယ်။

(၇)

အခမ်းအနား တဝက်ကျော်လောက်က စပြီး မိုးက စသဲလာတယ်။

ဒါပေမယ့် ....

ဘယ်သူမှ မလှုပ်ကြဘူး။

မိုးသဲထဲမှာ သူတို့အစီအစဉ်ကို ဆက်ပြီး ပြုလုပ်သွားကြတယ်။

မိုးကိုမဆိုထားနှင့် အဲဒီအချိန်မှာ စစ် အုပ်စုကလာပြီး ပစ်လားခတ်လားလုပ်လာ ရင်တောင် သူတို့အစီအစဉ်ကိုဆက်ပြီး မပြီး မချင်းလုပ်သွားကြလိမ့်မယ်လို့ ကျနော် ခန့်

● စာမျက်နှာ (၁၆) ကော်လံ (၄) သို့

စကားပြောစင်မြင့်ရဲ့ ဝဲဘက်မှာက သုံးရောင်ခြယ် ကဒေါင်းအလံတော်။
ကျောင်းသားတွေဟာ တက္ကသိုလ်မြက်ခင်းပြင်ပေါ်မှာ အပြည့်အကြပ်နေရာယူထားကြပြီး
အဓိပတိလမ်းပေါ်အထိ၊ မဏ္ဍလေးအဆောင်ဝန်းထဲအထိ၊
တက္ကသိုလ်ရိပ်သာလမ်းမပေါ်အထိ လျှံထွက်နေတော့တယ်။

# လူသားဖြစ်မှုကိုဆန့်ကျင်သောရာဇဝတ်မှု စစ်အုပ်စုကျူးလွန်နေအဖကိုဖိအားပေးရန် အာဆီယံအား ကိုဖီအာနန်တိုက်တွန်း



ကိုဖီအာနန်

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် (Kofi Annan) က အာဆီယံအသင်းအနေဖြင့် "တနိုင်ငံပြည်တွင်းရေးတနိုင်ငံကဝင်မစွက်ရေးမူ"ကို ဘေးဖယ်ပြီး လူသားဖြစ်မှုကိုဆန့်ကျင်သော ရာဇဝတ်မှုကျူးလွန်နေသော မြန်မာစစ်အစိုးရကို ဖိအားပေးသင့်သည်ဟု ပြောဆိုလိုက်သည်။

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူသို့ ရောက်ရှိနေစဉ်တွင် ကုလသသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းဖြစ်သူ ကိုဖီအာနန်က "ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ အာဆီယံနိုင်ငံတွေအနေနဲ့ လူ့အခွင့်အရေးချိုးဖောက်တာတွေကိုကာကွယ်ဖို့ တာဝန်ရှိတယ်။ လူသားဖြစ်မှုကိုဆန့်ကျင်တဲ့ ရာဇဝတ်မှုတွေကို ကာကွယ်ဖို့တာဝန်ရှိတယ်" ဟု ပြောကြောင်း ဇူလိုင်လ (၁၃) ရက်နေ့ထုတ် အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

ALTSEAN ခေါ် အာဆီယံနှင့် မြန်မာ့အရေးဆောင်ရွက်နေသောအဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ် ဒက်ဘီစတော့ဟဒ် (Debbie Stor-thart) က ကိုဖီအာနန်သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးအဖြစ်တာဝန်ယူစဉ်က အလားတူခပ်ဆင်ဆင်ပြောခဲ့မှုရှိခဲ့သော်လည်း ယခုတကြိမ်လောက် ပြတ်သားမှုမရှိခဲ့ဟု သုံးသပ်သည်။

"လက်ရှိအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကလည်း သူ့လို သတ္တိရှိရှိ ပြတ်ပြတ်သားသား၊ ရှင်းရှင်းလင်းလင်း၊ ခိုင်ခိုင်မာမာနဲ့ မြန်မာကိစ္စကို ပြောသင့်ပြီ။ အာဆီယံက စစ်အစိုးရကို ထိထိရောက်ရောက် ဖိအားမပေးဘူး"ဟု ဒက်ဘီစတော့ဟဒ်ပြောသည်။

AIPMC ခေါ် အာဆီယံလွှတ်တော်များအမတ်များအဖွဲ့၏အတွင်းရေးမှူး မလေးရှားလွှတ်တော်အမတ် လင်မ်ကစ်ဒ်ဆီယံ (Lim Kit Siang) က မစ္စတာဂမ်ဘာရီ၏ မြန်မာပြည်ခရီးစဉ်နှင့် တိုက်ဆိုင်နေသော ကိုဖီအာနန်၏ ပြောကြားချက်ကို ကြိုဆိုလိုက်သည်။

၎င်းမတိုင်ခင်တရက်က မြန်မာပြည်ခရီးစဉ်မတိုင်ခင် အာရှသုံးနိုင်ငံ ခရီးထွက်နေသော မစ္စတာဂမ်ဘာရီက မြန်မာပြည်ကို ဖိအားမပေးသင့်ကြောင်း အိန္ဒိယတွင် သံတမန်စကားပြောကြားခဲ့သည်။ မစ္စတာဂမ်ဘာရီသည် မြန်မာပြည်အရေးဆောင်ရွက်ရန် ကုလအထွေထွေအတွင်းရေးမှူး၏ ကိုယ်စားလှယ်အဖြစ် ကိုဖီအာနန်လက်ထက်က ခန့်အပ်ခြင်းခံထားရသူဖြစ်သည်။

နယူးဒေလီအခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာတင့်ဆွေက ....

"မြန်မာပြည်အကြောင်း ကျကျနနသိပြီးသား မစ္စတာ ကိုဖီအာနန်က ဖိအားဆိုတဲ့ဟာ လိုအပ်တယ်လို့ပြောသွားခြင်းအားဖြင့် မြန်မာပြည်ပြုပြင်ပြောင်းလဲရေးမှာ အမျိုးမျိုးသော နိုင်ငံတကာနဲ့ပြည်တွင်းဖိအားတွေ လိုအပ်တယ်ဆိုတဲ့အချက်က စိတ်ဝင်စားဖို့ကောင်းပါတယ်"ဟု ပြောသည်။

ကုလသမဂ္ဂ ယခင်အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ပြောကြားချက်တွင် အာဆီယံအနေဖြင့် နိုင်ငံရေးသတ္တိရှိသင့်ကြောင်း၊ မြန်မာပြည်တွင် နိုင်ငံရေးစနစ်မပြောင်းမချင်း လူ့အခွင့်အရေးချိုးဖောက်မှုနှင့် နိုင်ငံရေးဖိနှိပ်မှုများကြောင့် ဒုက္ခသည်များ နယ်စပ်ကျော်ဖြတ်ကာ အိမ်နီးနားချင်းနိုင်ငံများသို့ လှိမ့်ဝင်နေမည်ဖြစ်ကြောင်း သတိပေးသွားသည်။ ❖

# မြန်မာပြည်မှာ နိုင်ငံရေးအရတိုးတက်မှုတစုံတရာမှမတွေ့ရဟု အာဆီယံပါလီမန်အမတ်များဆို

မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ တိုးတက်မှုတစုံတရာမတွေ့ရဘဲ မြန်မာစစ်အစိုးရ၏ အရပ်သားများအပေါ် မတရားပြုကျင့်မှုများသာ စိုးရိမ်ဖွယ်ဖြစ်နေကြောင်း အာဆီယံပါလီမန်အမတ်များအဖွဲ့က ဇူလိုင်လ (၉) ရက်နေ့နေ့စွဲဖြင့် ကြေညာချက်ထုတ်ပြန်သည်။



အာဆီယံအမတ်များ အစည်းအဝေး

စစ်အစိုးရ၏ဖိနှိပ်မှုကြောင့် တိုင်းပြည်ကိုစွန့်ခွာလာခဲ့သော မြန်မာဒုက္ခသည်များအပေါ် လူသားချင်းစာနာစွာ ဆက်ဆံပြုမူရန် ထိုင်းနှင့်မလေးရှားအစိုးရတို့ကို မေတ္တာရပ်ခံထားသော အေအိုင်ပီအမ်စီ၏ကြေညာချက်တွင် နိုင်ငံတကာမိသားစု၊ အာဆီယံနိုင်ငံများ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အနေဖြင့်လည်း မြန်မာပြည်ပြုပြင်ပြောင်းလဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းထားသည်။

အေအိုင်ပီအမ်စီ၏ ကြေညာချက်တွင် စစ်အစိုးရအနေဖြင့် အိုင်စီအာရ်စီကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများတွင် အနှောင့်အယှက်မပေးရန် တောင်းဆိုချက်အပြင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်အပါအဝင် မြန်မာပြည်တွင် မတရားဖမ်းဆီးခံနေရသော နိုင်ငံရေးအကျဉ်းသားများကိုပြန်လွှတ်ပေးရန်လည်း ထည့်သွင်းတောင်းဆိုထားသည်။

အဖွဲ့၏ အမှုဆောင်ညွှန်ကြားရေးမှူး မစ္စတာ Jason က အေအိုင်ပီအမ်စီအနေဖြင့် မြန်မာပြည်တွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဖြစ်လာသည့်အထိ နည်းလမ်းရှာကြိုးပမ်းသွားမည်ဟု ပြောသည်။

"ကျနော်တို့ အေအိုင်ပီအမ်စီအနေနဲ့ အာဆီယံအစိုးရတွေနဲ့ တရုတ်အစိုးရကို မြန်မာစစ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ မလုပ်ဖို့ ဆက်တိုက်တွန်းသွားပါမယ်။ မြန်မာနိုင်ငံကိစ္စနဲ့ပတ်သက်ပြီး တရုတ်အစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်သွားနိုင်ဖို့ အစွမ်းကုန်ကြိုးစားနေပါတယ်"ဟု ၎င်းကပြောသည်။ ❖

# အာဆီယံဒေသ လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းရေးကမ္ဘာ့လူဆိုးစာရင်းဝင်စစ်အုပ်စုမီးစိမ်းပြရပြီ



အာဆီယံခေါင်းဆောင်များ၏ ဖိအားအောက် ပိမိနေသော ဦးဉာဏ်ဝင်း

ဇူလိုင် (၃၀)

အာဆီယံ လူ့အခွင့်အရေးကော်မရှင်ထူထောင်ရေးအဆိုကို လူ့အခွင့်အရေးချိုးဖောက်မှုဖြင့် နာမည်ပျက်နေသော မြန်မာစစ်အုပ်စုက ယနေ့သဘောတူလိုက်သည်။

ယခုနှစ်ကုန်မတိုင်ခင် အချောသတ်ဖွယ်ရှိသော အာဆီယံပဋိညာဉ်စာချုပ်တွင် လူ့အခွင့်အရေးကော်မရှင်တရပ် ဖွဲ့စည်းရေးကိစ္စကို မြန်မာက အစောပိုင်းကကန့်ကွက်ခဲ့သော်လည်း မနီလာတွင်ပြုလုပ်သော အာဆီယံဝန်ကြီး အဆင့်အစည်းအဝေးတွင် မြန်မာဘက်က မီးစိမ်းပြလိုက်ရသည်ဟု စင်ကာပူနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး Alberto Romulo က မိမိတို့အစိုးရအနေဖြင့် အာဆီယံကို နိုင်ငံတကာအသိုင်းအဝိုင်းတွင် ပို၍သိက္ခာရှိရှိရပ်တည်နိုင်ရန် လူ့အခွင့်အရေးကော်မရှင်တရပ် ပေါ်ပေါက်ရေးကို လိုလားသည်ဟု ပြောသည်။

လူ့အခွင့်အရေးအဖွဲ့များက အာဆီယံနိုင်ငံများအကြားထားရှိသော "ပြည်တွင်းကိစ္စဝင်မစွက်ရေး"မူဝါဒကြောင့် ဒေသတွင်း၌ ဒီမိုကရေစီမကျသောအစိုးရများကို မွေးထုတ်ပေးနေသည်ဟု အပြစ်တင်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတခုဖြစ်သော ထိုင်းနှင့်အင်ဒိုနီးရှားသည် ဒေသဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်တရပ်ဖွဲ့စည်းရန် ယခင်က အဆိုပြုဖူးသော်လည်း အာဆီယံနိုင်ငံတချို့က စိတ်ဝင်စားမှုမပြခဲ့ပါ။

မြန်မာနိုင်ငံသည် အဖွဲ့ဝင် (၁၀) နိုင်ငံရှိပြီဖြစ်သော အာဆီယံအဖွဲ့သို့ လွန်ခဲ့သော (၁၀) နှစ်က စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ အာဆီယံသို့ မြန်မာနိုင်ငံဝင်ရောက်ခဲ့သည့်ကာလသည် နိုင်ငံတကာက စစ်အုပ်စုကို ပြင်းပြင်းထန်ထန် ဝေဖန်နေသောအချိန်ဖြစ်သည်။ စစ်အစိုးရက အာဆီယံကို တံတိုင်းအဖြစ်အသုံးပြုရန် အဖွဲ့ဝင်ဖြစ်ရေးအတွက် ကြိုးပမ်းခဲ့ပြီး အာဆီယံကလည်း အိမ်နီးချင်းနိုင်ငံကို ဖျောင်းဖျနားချသောနည်းလမ်းဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်ဆွဲတင်နိုင်မည်ဟု မျှော်လင့်ခဲ့သော်လည်း ယခုတိုင်ထူးခြားမှုမရှိဟု သုံးသပ်သူများကဆိုသည်။

၁၉၆၇ ခုနှစ်တွင် စတင်သန္ဓေတည်ခဲ့သော အာဆီယံအဖွဲ့တွင် ဒီမိုကရေစီဖွံ့ဖြိုးစနိုင်ငံများ၊ ကွန်မြူနစ်နိုင်ငံများ၊ အာဏာရှင်တပိုင်းနိုင်ငံများ၊ စစ်အာဏာရှင်နိုင်ငံနှင့် ဘုရင်အုပ်စိုးသောနိုင်ငံများ ရောနှောပေါင်းစပ်ထားခြင်းဖြစ်သည်။

လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းရေးအဆိုပြုသော ဖိလစ်ပိုင်သည် လာမည့်နိုဝင်ဘာလ၊ အာဆီယံနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးရန် စစ်အစိုးရကို ထပ်မံတောင်းဆိုမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အစွန်းအထင်းရှိသည့် လူ့အခွင့်အရေးမှတ်တမ်းသည် အာဆီယံအတွက် အရေးတကြီးဆွေးနွေးစရာကိစ္စတခုဖြစ်သော်လည်း လောလောဆယ် အခြားရွေးချယ်စရာလမ်းမရှိခင်အထိ စိတ်ရှည်ရှည်ဖြင့် ဆောင်ရွက်နေသည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ရိုမြူလိုက ပြောသည်။

အာဆီယံနိုင်ငံများကြားတွင် ပြည်တွင်းရေးဝင်မစွက်ရေးမူချမှတ်ထားသော်လည်း မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားတို့သည် စစ်အစိုးရကို ပွင့်ပွင့်လင်းလင်းဝေဖန်ပြီး ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေးအတွက် အားပေးလေ့ရှိသည်။ သို့သော် ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့်လာအိုတို့သည် မြန်မာနိုင်ငံအပေါ် ပြစ်တင်ဝေဖန်ရန် နှုတ်လေးနေသည်။ ❖

● နောက်ကျောဖုံး ၈၈ မျိုးဆက်နှင့် အာဏာပိုင်ထိပ်တိုက် တွေ့တော့မည် သတင်းမှ

ခြောက်သည့်အဆင့်အထိ လုပ်ဆောင်လာသည်ကို ထိပ်ပိုင်းတာဝန်ရှိသူများအနေဖြင့် သိရှိရန်လိုအပ်ကြောင်း၊ ယခုကိစ္စမျိုးသည် တရားဥပဒေစိုးမိုးမှုကို ဖျက်ဆီးနေသည့်သဘောဖြစ်သည်ဟု ကိုကိုကြီးကဆိုသည်။

အာဏာပိုင်များအနေဖြင့် တရားဥပဒေစိုးမိုးမှုကို ယခုကတည်းက တရားဥပဒေနှင့်အညီ မထိန်းသိမ်းနိုင်လျှင် အနာဂတ်တွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်တည်ဆောက်ရေးကို ဘယ်လိုမှ မျှော်မှန်းနိုင်မည်မဟုတ်ဟုလည်း ကိုကိုကြီးက ဝေဖန်ထောက်ပြသွားသည်။ ❖

**မတရားသည့် အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ**



# ကျနော်သိသော ဦးသန့်အကြောင်း

အခန်းဆက် ဖော်ပြပါမည်။

**ရန်ကုန်တက္ကသိုလ်မှာကတည်းက ဦးနုနှင့်ဦးသန့်တို့ သိခဲ့ကြသည်။ ဦးနုက ကျောင်းသားကြီး၊ ဦးသန့်က ကျောင်းသားလတ်၊ ဦးနုကကျောင်းသားခေါင်းဆောင်၊ ဦးသန့်က နောက်လိုက်၊ သူတို့နှစ်ဦးသည် စာရေးစာဖတ် ဝါသနာချင်းလည်းတူသည့်အတွက် တဦးနှင့်တဦး ခင်မင်ရင်းနှီးကြသည်။**

"အောင်မာ .... ဒီကောင် (ဦးသန့်) က လူပါးဝလို့။ ငါ့ကို ဆရာလုပ်စရာလား။ ဒီကောင်ဘယ်လောက်တတ်လို့လဲ။ ငါ့ဘာသာငါ စကားပြောချင်ပြောမယ်။ မပြောချင်နေမယ်၊ သူ့သောက်လုပ်ဘာရှိလဲ။ ဒီကောင် ဒီနေရာလေးရတာနဲ့ ဖင်ခေါင်းကျယ်နေတယ် ...."

အထက်ပါစကားများသည် နိုင်ငံခေါင်းဆောင်ကြီးဗိုလ်ချုပ်ကြီးနေဝင်း၏ နှုတ်ထွက်စကားအစစ်အမှန်များဖြစ်ပါသည်။ ဇာတ်နာအောင် ဇာတ်လမ်းဆင်ထားခြင်းမဟုတ်ပါ။ တိုက်ရိုက်ကြားလိုက်ရသူ၏ ပြန်လည်ပြောပြချက်ဖြစ်ပါသည်။ ကျွန်ုပ်တို့တိုင်းပြည်၏ခေါင်းဆောင်ကြီးသည် မည်မျှယဉ်ကျေးသိမ်မွေ့ပါသနည်း။ မည်မျှအဆင့်အတန်းမြင့်ပါသနည်း။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ ဆွီဒင်နိုင်ငံသား "ဒက်ဟမ္မားရှိုးလ်"လေယာဉ်ပျက်ကျ၍ ကွယ်လွန်သွားသောအခါ ကျန်ရှိနေသေးသည့် သက်တမ်းကာလအတွက် ယာယီအတွင်းရေးမှူးချုပ်တဦး ရွေးချယ်ခန့်အပ်ရမည်ဖြစ်ရာ ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်ကို ယှဉ်ပြိုင်သူမရှိဘဲ အထွေထွေညီလာခံက ရွေးချယ်ခဲ့သည်။ ဦးသန့်၏ လုပ်ရည်ကိုင်ရည်ကို မြင်တွေ့ခဲ့ကြပြီးနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် (ယာယီသက်တမ်းကုန်ဆုံးပြီးသောအခါ) အဖြစ် တညီတညွတ်တည်း ရွေးချယ်ခဲ့ကြပြန်သည်။ သတင်းမီဒီယာများကလည်း ဦးသန့်၏ အရည်အချင်းကို အမျိုးမျိုး ချဲ့ကားမြှောက်ပင့်၍ ရေးခဲ့ကြသည်။ ဦးသန့်လို အရည်အချင်းပြည့်ဝသူမျိုးသည် မြန်မာပြည်နှင့်ပင် မထိုက်တန်သလိုလို အချို့စာနယ်ဇင်းများက ပုံကြီးချဲ့ကြသည်။ ထိုစဉ်ကတည်းက ဗိုလ်ချုပ်ကြီးနေဝင်းသည် ဦးသန့်အပေါ်တွင် အလိုလိုမနာလိုဝန်တိုစိတ်တွေဝင်နေသည်။ အမြင်မကြည်မလင်ဖြစ်ပြီး မျက်စေ့စပါးမွေးစူးနေသည်။ ဦးသန့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အရွေးခံရသောအခါ မြန်မာနိုင်ငံသားတဦးအတွက် ဝမ်းသာစွာဂုဏ်ပြုရမည့်အစား "ဒီရာထူးကြီးက အလကားပါကွာ။ သူများခိုင်းဖတ်ကြီးပါ ...."လို့ မှတ်ချက်ချခဲ့ပါသေးသည်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီးက ဗိုလ်ချုပ်ကြီးနေဝင်း နယူးယောက်မြို့သို့လာမည့်အကြောင်းနှင့် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၌ မိန့်ခွန်းပြောရန် အစီအစဉ်မရှိကြောင်း ဦးသန့်ထံသို့ အကြောင်းပြန်လိုက်သည်။ မြန်မာသံအမတ်ကြီးနှင့် အတွင်းရေးမှူးချုပ်ဦးသန့်တို့သည် အထွေထွေညီလာခံနားရက်ဖြစ်သော စနေ၊ တနင်္ဂနွေနေ့များတွင် ဗိုလ်ချုပ်ကြီးနေဝင်း ကုလသမဂ္ဂဌာနချုပ်သို့ လာရောက်လည်ပတ်ရေး အစီအစဉ်ကို ရေးဆွဲလိုက်ကြသည်။ အမှန်တကယ်လည်း အစည်းအဝေးများ ရပ်နားထားသဖြင့် အချိန်ပိုဆင်းနေသော ကုလသမဂ္ဂ ရုံးဝန်ထမ်းအချို့ရှိသည်။ အတွင်းရေးမှူးချုပ်ဦးသန့်ကိုယ်တိုင် ဗိုလ်ချုပ်ကြီးနေဝင်းကို ကုလသမဂ္ဂရုံးအဆောက်အဦးအတွင်း လိုက်လံပြသသည်။

အမှန်က ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောရသည်မှာ ခက်ခဲသောအလုပ်မဟုတ်ပေ။ မိမိပြောလိုသောအကြောင်းအရာများကို နယူးယောက်မြို့ရှိ မြန်မာသံရုံးသို့ ရေးခိုင်းလိုက်ရုံပင်။ ဗိုလ်ချုပ်ကြီးနေဝင်းလို အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကောင်းစွာတတ်ကျွမ်းသူများအဖို့ အလွယ်တကူတက်ဖတ်လိုက်ရုံသာ။ သို့ရာတွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် ဦးသန့်အပေါ်တွင် အဆိုးမြင်နေသည်။ "ဒီကောင်ပေးတဲ့ အကြံဥာဏ်အတိုင်း ငါကလိုက်လုပ်ရမှာလား"ဆိုသော အတ္တ၊ မာန၊ ဒိဋ္ဌိက လွှမ်းမိုးနေလေသည်။ "ဦးသန့်ပြောတဲ့အတိုင်း လိုက်လုပ်ရတယ်"ဆိုသောစကားမျိုးကို အဖြစ်ခံလိုသူမဟုတ်ပေ။

(၃)

**❑ (၁၉၆၉) ခု၊ စက်တင်ဘာလ။**

မြန်မာနိုင်ငံဝန်ကြီးချုပ်ဟောင်း ဦးနုက မိမိထံမှအာဏာကို လက်နက်ဖြင့် မတရားလုယူသွားသော ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရကို ဆန့်ကျင်တိုက်ခိုက်တော့မည်ဟု လူသိရှင်ကြားပြောလိုက်သည်။ ပြည်ပနိုင်ငံများသို့ လှည့်လည်သွားရောက်၍ မိမိ၏သဘောထားရပ်တည်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ ပြည်ပအကူအညီတောင်းခံခြင်းများ စတင်ပြုလုပ်နေပြီဖြစ်သည်။

စက်တင်ဘာလ (၁၁) ရက်နေ့တွင် ဦးနုနှင့်အဖွဲ့ လန်ဒန်မြို့မှ နယူးယောက်မြို့သို့ ထွက်ခွာသွားသည်။ လန်ဒန်မှာကတည်းက ဦးနုက သူ၏တော်လှန်ရေးလုပ်ငန်းအစီအစဉ်ကို ကြေညာပြီးဖြစ်သည်။ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီးသွားပြီဖြစ်သည်။ ဦးနု နယူးယောက်မြို့သို့ လာရောက်မည်ကိုသိရသဖြင့် ဦးသန့်သည် အာဖရိကတိုက်သို့ ခရီးထွက်သွားသည်။ ဦးနုတို့အား နယူးယောက်လေဆိပ်တွင် ဦးသန့်၏သားမက် ဒေါက်တာတင်မြင့်ဦးက လာကြိုပြီး ဟိုတယ်တခုတွင် နေရာချပေးထားလိုက်သည်။ ဦးနုအား ဦးသန့်ကိုယ်တိုင် လေဆိပ်ဆင်းကြိုသည်ဟူသော ဗမာ့တပ်မတော်ထောက်လှမ်းရေးသတင်းများမှာ ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းထဲရောက်နေသည်။

ဦးနုနှင့်အတူ ယခင်မြန်မာနိုင်ငံမှ နေရှင်းသတင်းစာထုတ်ဝေသူနှင့် အယ်ဒီတာချုပ်ဖြစ်သူ ဦးလောရှုံလည်းပါလာသည်။ ကုလသမဂ္ဂဌာနချုပ်တွင် သတင်းစာတိုက်အသီးသီးမှ လာရောက်သတင်းယူနေသော သတင်းထောက်များအသင်း (Press Club) ၏ ဥက္ကဋ္ဌမှာ ဦးလောရှုံ၏ မိတ်ဆွေဖြစ်နေသည်။ သူတို့ သူငယ်ချင်းမိတ်ဆွေနှစ်ဦး အဆက်အသွယ်ပြုလုပ်၍ ဦးနုကို ကုလသမဂ္ဂသတင်းထောက်များအသင်းတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်စေသည်။ အမှန်က UN Press Club ဆိုသည်မှာ ဖဆပလအစိုးရခေတ်က ရန်ကုန်မြို့တော် (မြူနီစီပယ်) ခန်းမ အဆောက်အဦးတွင် မြန်မာပြည်သတင်းထောက်များအသင်းကို အခန်းတခန်း သီးသန့်ပေးထားသည့်သဘောမျိုးဖြစ်သည်။ အဆိုပါ Press Culb နှင့်ကုလသမဂ္ဂ မည်သို့မျှ မသက်ဆိုင်ပေ။ ယခု ဦးနု၏သတင်းစာရှင်းလင်းပွဲမှာလည်း ကုလသမဂ္ဂနှင့်မသက်ဆိုင်သလို ဦးသန့်နှင့်လည်းမဆိုင်သောကိစ္စဖြစ်သည်။ အခြားတိုင်းပြည်များမှ အစိုးရကိုတော်လှန်နေသော တော်လှန်ရေးခေါင်းဆောင်အသီးသီးတို့သည်လည်း UN Press Club တွင် ဤသို့ ဤနှယ် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့ကြဖူးလေသည်။

ဦးသန့်၏ အားပေးအားမြှောက်လုပ်ပေးမှုကြောင့် ဦးနုသည် ကုလသမဂ္ဂစင်မြင့် (UN Platform) လိုနေရာမျိုးတွင် နေရာရသွားသည်။ ဤသတင်းစာရှင်းလင်းပွဲသည် ဦးသန့်၏ အကူအညီများစွာပါရမည် စသည်ဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းတို့ဘက်က နားလည်မှုလွဲနေကြသည်။ အဓိပ္ပါယ်ကောက်မှားနေကြသည်။ ဦးသန့်အပေါ်တွင် အထင်လွဲပြီး စွပ်စွဲနေကြသည်။

စက်တင်ဘာလ (၁၄) ရက်နေ့တွင် ဦးနုတို့ ဝါရှင်တန်မြို့သို့ ထွက်ခွာသွားကြသည်။ စက်တင်ဘာလ (၁၅) ရက်နေ့တွင် ရုပ်မြင်သံကြားလိုင်းခွဲ (၁၃) မှ ဦးနု အသံလွှင့်ပြောကြားသည်။ ပြည်သူလူထုက တရားဝင်ရွေးကောက်တင်မြှောက်ထားသော မိမိတို့အစိုးရကို ဗိုလ်ချုပ်နေဝင်းက လက်နက်ဖြင့် ဖြုတ်ချခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူလူထု အပ်နှင်းထားသောအာဏာကို ရသည့်နည်းဖြင့် ပြန်လည်ရယူမည်ဖြစ်ကြောင်း၊ ထိုသို့ကြိုးပမ်းဆောင်ရွက်နိုင်အောင် အမေရိကန်ပြည်သူများနှင့်အဖွဲ့အစည်းများက တတ်နိုင်သည့် အကူအညီများပေးကြစေလိုကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသွားသည်။ ထိုညက ဦးသန့်လည်း အာဖရိကခရီးမှ ပြန်ရောက်ပြီဖြစ်သဖြင့် ဦးနု၏အသံလွှင့်ချက်ကို နားထောင်လိုက်ရသည်။

စက်တင်ဘာလ (၁၆) ရက်နေ့ နံနက်တွင် ဦးနုက ဦးသန့်အိမ်သို့ ဖုန်းဆက်သည်။ နောက်ရက်များတွင် ကုလသမဂ္ဂအထွေထွေညီလာခံရှိ၍ မအားမလပ်ဖြစ်တော့မည်ဖြစ်သဖြင့် ဦးသန့်က ထိုနေ့နံနက်တွင်ပင် မိမိအိမ်သို့ဦးနုအား ထမင်းစားဖိတ်လိုက်သည်။ ဦးနုသည် ဝါရှင်တန်မှ နယူးယောက်သို့ လေယာဉ်ဖြင့်ပေါက်ချလာသည်။ နှစ်ယောက်သား စားရင်းသောက်ရင်း ထွေရာလေးပါးစကားတွေပြောကြသည်။ ကွဲကွာခဲ့ကြသည်မှာ ကြာပြီဖြစ်၍ ပြောစရာစကားတွေကား တပုံတပင်။

ရန်ကုန်တက္ကသိုလ်မှာကတည်းက ဦးနုနှင့်ဦးသန့်တို့ သိခဲ့ကြသည်။ ဦးနုက ကျောင်းသားကြီး၊ ဦးသန့်က ကျောင်းသားလတ်၊ ဦးနုကကျောင်းသားခေါင်းဆောင်၊ ဦးသန့်က နောက်လိုက်၊ သူတို့နှစ်ဦးသည် စာရေးစာဖတ် ဝါသနာချင်းလည်းတူသည့်အတွက် တဦးနှင့်တဦး ခင်မင်ရင်းနှီးကြသည်။ သူတို့နှစ်ဦးသည် ပန်းတနော်အမျိုးသားကျောင်းတွင် ကျောင်းဆရာအတူလုပ်ဘက်။ သူငယ်ချင်းဆိုလည်းဟုတ်သည်။ ဆရာတပည့်ဆိုလည်းမမှား။ ဦးသန့်ကိုအကြောင်းပြု၍ ဦးနုသည် ပန်းတနော်သူ ဒေါ်မြရီနှင့် အိမ်ထောင်ကျသည်ဟု ဆိုချင်သော်ဆိုနိုင်သေးသည်။ ဦးနုဝန်ကြီးချုပ်ဖြစ်လာသောအခါ ဦးသန့်သည် ဝန်ကြီးချုပ်၏ ပြန်ကြားရေးအရာရှိ၊ မိန့်ခွန်းရေးသားပေးရသူ၊ နောက်ပိုင်း ပြန်ကြားရေးဝန်ကြီးဌာန၏ အတွင်းဝန်၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ် စသည့် ရာထူးအဆင့်ဆင့်ကို တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။

မည်သည့်နိုင်ငံသားမဆို ကုလသမဂ္ဂဝန်ထမ်းဖြစ်သွားပါက သက်ဆိုင်ရာနိုင်ငံကို သစ္စာမခံရတော့ပေ။ ကုလသမဂ္ဂကိုသာ သစ္စာခံရသည်။ မိမိနိုင်ငံ၏ အကျိုးစီးပွားထက် ကုလသမဂ္ဂ၏အကျိုးစီးပွားကိုသာ ရှေ့ရှု၍ ဆောင်ရွက်ရတော့သည်။ နိုင်ငံတနိုင်ငံ၏ ဝန်ထမ်းမဟုတ်တော့ဘဲ နိုင်ငံတကာ၏ ဝန်ထမ်းဖြစ်သွားပြီဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် ဦးသန့်သည် မြန်မာနိုင်ငံသားတဦးဖြစ်သော်လည်း အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သည့်နေ့မှစ၍ ကုလသမဂ္ဂပဋိညာဉ်ခံဝန်ထမ်းအကြီးအကဲဖြစ်သွားလေပြီ။ မြန်မာနိုင်ငံသည် ဦးသန့်နှင့်ဆိုင်သာဆိုင်သည်။ မပိုင်တော့ပေ။ ဦးသန့်သည် မြန်မာနိုင်ငံ၏ လူမဟုတ်တော့။ ကုလသမဂ္ဂလူဖြစ်သွားပြီ။ ထို့နည်းတူစွာပင် ဦးနုနှင့် ဦးသန့်တို့မှာလည်း ဘဝခြားသွားကြလေပြီ။

● နောက်လ ဆက်လက်ဖော်ပြပါမည်။

# အတင်းဖိအားပေးလျှင် “ဝ”ဒုံးကျည်များ နအဖခေါင်းပေါ် ပြန်ကျတော့မည်

ထိုင်းနယ်စပ်တလျှောက်ရှိ အရေးကြီးသောတပ်စခန်းများမှ တပ်များဆုတ်ခွာပေးပြီး တရုတ်နယ်စပ်ဆီပြန်ရမည်ဟု စစ်အစိုး၏ ညွှန်ကြားချက်ကို “ဝ”အဖွဲ့ကလက်မခံနိုင်ကြောင်း ပြန်လည်အကြောင်းကြားလိုက်သည်ဟု ရှမ်းသံတော်ဆင့်၏ သတင်းတပုဒ်ကဆိုသည်။

နယ်စပ်တလျှောက်ရှိ “ဝ”တပ်ဖွဲ့များကို ဇူလိုင်လ (၃၁) ရက်နေ့နောက်ဆုံးထားဆုတ်ခွာပေးရန် နအဖစစ်ဦးစီးချုပ် ဗိုလ်ချုပ်မောင်အေးကအမိန့်ပေးထားပြီး အဆိုပါအမိန့်ကို လက်မခံနိုင်ကြောင်း “ဝ”အဖွဲ့ကအကြောင်းပြန်လိုက်သည်ဟုဆိုသည်။

ဇူလိုင်လ (၁၉) ရက်နေ့မှ (၂၂) ရက်နေ့အထိ ပန်ဆန်းဌာနချုပ်တွင် ပြုလုပ်သော (၆) လပတ် ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ တပ်များရွှေ့ပြောင်းရေးကိစ္စကို လက်မခံနိုင်ရေးဆုံးဖြတ်ချက်အပြင် ဆမ် (၇) လေယာဉ်ပစ်ဒုံးအပါအဝင်၊ လက်နက်ကြီး၊ လက်နက်ငယ်မျိုးစုံကို တရုတ်ယွမ်ငွေ (၅) သန်းဖိုးအထိ ထပ်ဖြည့်ရန်“ဝ”ခေါင်းဆောင်များဆုံးဖြတ်ခဲ့ကြသည်ဟု သိရသည်။

၎င်းအပြင် မိုးရာသီအကုန်တွင် ပန်ဆန်းရှိ “ဝ”ရွာသားများကို ထိုင်းနယ်စပ်ဆီထပ်ပြောင်းရေး၊ ဒေါ်လာအတုလုပ်မှု၊ ရှမ်းလက်နက်ကိုင်တပ်များနှင့်ဆက်သွယ်မှု စွဲချက်များဖြင့်ထောင်ဒဏ် (၇၅) နှစ်ချမှတ်ခံထားရသူ တပ်မှူးကြီးဝေဆိုက်ထန်ကို ကွင်းလုံးကျွတ်ပြန်လွှတ်ပေးရေးအတွက် နအဖထံတောင်းဆိုသွားမည်ဟု ရှမ်းသံတော်ဆင့်သတင်းကဆိုသော်လည်း “ဝ”ခေါင်းဆောင်များထံမှ အတည်ပြုချက်မရပါ။

တရုတ်–မြန်မာနယ်စပ်တွင်နေထိုင်သူ စစ်ရေးအကဲဖြတ် ဦးအောင်ကျော်ဇောက “သူတို့ပြန်မဆုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ဒီနှစ်ပေါင်းများစွာ“ဝ”ရဲ့ဘော်သွေးတွေနဲ့ ရင်းနှီးပြီး ရယူထားတာဖြစ်တယ်။ “ဝ”ခေါင်းဆောင်တွေ၊ “ဝ”ပြည်နယ်ရဲ့တပ်ဖွဲ့ကြီးရဲ့ အခိုင်အမာလုပ်ငန်းတွေလည်းရှိတယ်”ဟု သုံးသပ်သည်။

၎င်းအပြင်“ဝ”တပ်များကိုတောင်ပိုင်းသို့ပို့စဉ်က တရုတ်အစိုးရနှင့် ကုလသမဂ္ဂ၏ ထောက်ခံမှုပါခဲ့ကြောင်း၊ တရုတ်ပြည်ကလည်းဘိန်းတောင်သူများ တရုတ်နယ်စပ်မှ ထိုင်းဘက်ရောက်သွားလျှင်ပြီးရောသဘောဖြင့် တက်တက်ကြွကြွထောက်ခံခဲ့ကြောင်း ဦးအောင်ကျော်ဇောကပြောသည်။

နအဖဘက်က“ဝ”၏ဆန္ဒကို မလိုက်လျောဘဲ အတင်းအကြပ်ဖိအားပေးလာလျှင် “ဝ” ဘက်က ခံတိုက်လာနိုင်သည်ဟုလည်း ၎င်းကမြင်သည်။

“ဝ” တပ်သည် တိုက်ခိုက်ရေးအင်အား (၂) သောင်းကျော်ရှိပြီး၊ ပြည်သူ့စစ်အင်အားအပါအဝင် (၃) သောင်းကျော်ပြီး ဥက္ကဋ္ဌမှာ ပေါက်ယုချိန်ဖြစ်သည်။ ယခုပြဿနာဖြစ်နေသော (၁၇၁) စစ်ဒေသမှာ ထိုင်းမြန်မာနယ်စပ်တလျှောက်ရှိ ပေါက်ယုချိန်၏ညီဖြစ်သူပေါက်ယုယိ၏တပ်များ ထိန်းချုပ်ထားရာ တောင်ပိုင်းဒေသဖြစ်သည်။

“ဝ”ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့သည် ၁၉၈၉ ခုနှစ်ကတည်းက နအဖနှင့် အပစ်အခတ်ရပ်စဲထားပြီး လွန်ခဲ့သည့် (၅) နှစ်ကတည်းက ရှမ်းပြည်တောင်ပိုင်းတွင် အခြေချခွင့်ရခဲ့သည်။“ဝ”တပ်သည် သံလွင်မြစ်မြောက်ဖျားပိုင်းဒေသဖြစ်သော ချင်းရွှေဟော်၊ နမ့်တစ်ဒေသမှ သံလွင်မြစ်အရှေ့ခြမ်းတလျှောက်ရှိ မက်မန်း၊ ဒီမောတာ၊ တန်းယန်ဒေသများကို လွှမ်းမိုးထားသည်။

“ဝ”နှင့် နအဖ၏ပြဿနာသည် ကျင်းပဆဲညောင်နှစ်ပင်ညီလာခံအပြီးတွင် ငြိမ်းအဖွဲ့များကို နအဖက လက်နက်ဖြုတ်သိမ်းရေးမလုပ်ခင်တွင် ပေါက်ကွဲနိုင်မည့်အလားအလာရှိသည်ဟုလည်း သုံးသပ်သူများကဆိုသည်။❖

# ပြည်သူ့အစိုးရ မပေါ် ပေါက်မချင်း မွန်ပြည်သစ်ပါတီက လက်နက်စွဲကိုင်သွားမည်

ကျင်းပဆဲ အမျိုးသားညီလာခံအပြီးတွင် ငြိမ်းအဖွဲ့များကို လက်နက်ဖြုတ်မည်ဟု သတင်းများထွက်ပေါ်နေချိန်တွင် လူထုကို အကာအကွယ်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့အစိုးရမပေါ်ပေါက်မချင်း လက်နက်ကို ဆက်လက်စွဲကိုင်သွားမည်ဟု မွန်ပြည်သစ်ပါတီက ထုတ်ဖော်ပြောဆိုလိုက်သည်။

မွန်ပြည်သစ်ပါတီအနေဖြင့် အတိတ်ကလက်နက်ကိုင်လမ်းစဉ်ကို စွန့်ခဲ့သဖြင့် တော်လှန်ရေးကာလအတွင်း နစ်နာခဲ့ရသော သမိုင်းသက်သေများရှိခဲ့သည့်အတွက် ယခုတကြိမ်တွင် ဖက်ဒရယ်ပြည်ထောင်စုနှင့်ပြည်သူလူထုကို အကာအကွယ်ပေးနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အစိုးရတရပ်မပေါ်ပေါက်သေးသရွေ့ လက်နက်စွန့်မည်မဟုတ်ဟု မွန်ပြည်သစ်ပါတီ၏ ပြောခွင့်ရသူ နိုင်အောင်မငေးက ဆိုသည်။

“နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းဖို့ကြိုးစားခဲ့တာကိုလည်း အခုထိ အကောင်အထည်မဖော်သေးဘူး။ (၁၂) နှစ်တာကာလပတ်လုံးပါပဲ”ဟု ၎င်းက ပြောသည်။

မွန်ပြည်သစ်ပါတီသည် နအဖက ပြုလုပ်သည့် ညောင်နှစ်ပင်ညီလာခံသို့ ယခင်ကတက်ရောက်ခဲ့သော်လည်း ညီလာခံအတွင်း တင်ပြချက်များ၊ အကြံပြုချက်များကို အသိအမှတ်ပြုပေးခြင်းမရှိသည့်အတွက် နောက်ပိုင်းတွင် လေ့လာသူအဖြစ်သာ တက်ရောက်ခဲ့သည်။

အဓိကကျတဲ့အခန်းကို မပြင်ဘဲနဲ့ သာမညကျတဲ့ အခန်းကိုပဲပြင်မယ်ဆိုရင် မဖြစ်ဘူးပေါ့နော်။ ကျနော်တို့ ဖြစ်စေချင်တာက ပြည်သူများပူပေါင်းပါဝင် အကြံပြုနိုင်အောင် ၅/၉၆ ကို ဖျက်သိမ်းပေးဖို့ရယ်၊ ပြည်သူ့ကိုယ်စားလှယ်တွေရယ်၊ ပါတီအဖွဲ့

# ရှမ်းပြည်တပ်မတော်များပြန်ပေါင်းပြီး နအဖခံတိုက်မည်

ဇွန်လနှောင်းပိုင်းက ပြန်လည်တောခိုလာသော ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ (ရလလဖ) နှင့် ရှမ်းပြည်တပ်မတော်တောင်ပိုင်း (အက်စ်အက်စ်အေ) တို့ စစ်ရေးအရ ပူးပေါင်းသွားမည့်ကိစ္စကို နှစ်ဘက်အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး သဘောတူခဲ့ကြသည်ဟုသိရသည်။



နအဖကို ပြန်လည်တိုက်ခိုက်တော့မည့် ရှမ်းတပ်သားတချို့

ဇူလိုင်လ (၁၁) ရက်နှင့် (၁၂) ရက်နေ့တို့တွင် အက်အက်စ်အေ–အက်စ်ဘက်မှ ဗိုလ်မှူးကြီးရွက်ဆစ်၊ ဗိုလ်မှူးကြီး စိုင်းယီ အပါအဝင် တာဝန်ရှိသူများ၊ ရလလဖဘက်မှ ဗိုလ်မှူးကြီးခွန်တိစောင်၊ ဗိုလ်မှူးကြီး သူရိန် အပါအဝင် တာဝန်ရှိသူများနှင့် ကေအဲန်ပီပီမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ခူးရီမာန်ထူးတို့သည် အက်စ်အက်စ်အေဌာနချုပ် လွယ်တိုင်းလန်တွင် ဆွေးနွေးသဘောတူခဲ့ကြခြင်းဖြစ်သည်။

ရှမ်းပြည်အရေးကို လက်နက်ကိုင်တောင်းဆိုနေသော အဖွဲ့အစည်းချင်းအတူတူ စစ်ရေးအရ၊ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်ပြီး ဆက်လက်တိုက်ပွဲဝင်သွားရန် ညှိနှိုင်းခဲ့ခြင်းဖြစ်ကြောင်း ရလလဖအတွင်းရေးမှူး ဗိုလ်မှူးသူရိန်နှင့် အက်စ်အက်စ်အေပြောရေးဆိုခွင့်ရှိသူ စိုင်းလေင်ဆိုင်တို့က အတည်ပြုသည်။

လောလောဆယ်အားဖြင့် ရလလဖနယ်မြေအတွင်း စစ်ရေးခေတ္တရပ်စဲထားရေး၊ ကျန်ရလလဖအင်အားများကို ပြန်လည်စုစည်းရေး၊ ရလလဖ၏ရိက္ခာအတွက် အက်စ်အက်စ်အေက တာဝန်ယူရေးနှင့် နှစ်ဘက်ကိုယ်စားလှယ်များထားရှိရေးအပါအဝင် အချက် (၅) ချက်သဘောတူခဲ့ကြသည်ဟု သိရသည်။

ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ (ရလလဖ) သည် ဇွန်လနှောင်းပိုင်းက ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (ကေအဲန်ပီပီ) နယ်မြေသို့ရောက်ရှိလာပြီး ကျင်းပဆဲအမျိုးသားညီလာခံသည် ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားအခွင့်အရေးကို အာမမခံသည့်အတွက် အယုံအကြည်မရှိကြောင်း၊ စစ်အာဏာရှင်စနစ်လုံးဝချုပ်ငြိမ်းရေးနှင့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး လက်တွဲတိုက်ပွဲဝင်ရမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

၁၉၉၄၊ အောက်တိုဘာလအတွင်းက နအဖနှင့် အပစ်ရပ်ခဲ့သော ရလလဖကို ဇွန်လဆန်းပိုင်းက လက်နက်အပ်ရန် နအဖက ဖိအားပေးလာသည့်အတွက် အင်အား (၁၅၀) ခန့်နှင့် လွတ်မြောက်နယ်မြေသို့ ထွက်ခွာလာကာ လက်နက်ကိုင်တော်လှန်ရေး ပြန်လည်ဆင်နွှဲခြင်းဖြစ်သည်။

၂၀၀၅ ခုနှစ်၊ နှစ်ဆန်းပိုင်းကလည်း အမျိုးသားညီလာခံတက်ရောက်နေသည့် အပစ်ရပ်အဖွဲ့တခုဖြစ်သော ရှမ်းပြည်အမျိုးသားတပ်မတော်စစ်ဦးစီးချုပ် ဗိုလ်မှူးကြီး စိုင်းယီသည် ဗိုလ်မှူးကြီးရွက်ဆစ်ဦးဆောင်သည့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) နှင့်ပူးပေါင်းကာ လက်နက်ကိုင်တော်လှန်ရေးပြန်စခဲ့သည်။

အက်စ်အက်စ်အေ–အက်စ်ကို ဗိုလ်မှူးကြီးရွက်ဆစ်က ၁၉၉၆ ခုနှစ်က နအဖနှင့်ပူးပေါင်းသွားသည့် ခွန်ဆာ၏မုန်ထိုင်အဖွဲ့မှ ခွဲထွက်ကာ တည်ထောင်ခဲ့သည်။ ပြီးခဲ့သည့် မေလကုန်ပိုင်းတွင် အက်စ်အက်စ်အေ–အက်စ်က နအဖနှင့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးရန် နှစ်ဘက်သဘောတူချိန်းဆိုခဲ့သော်လည်း နအဖဘက်မှရောက်မလာသည့်အတွက် ဆွေးနွေးပွဲ ပျက်ပြယ်ခဲ့သည်။ ❖

# ရလလဖခွဲထွက် ဦးချစ်မောင်ထံမှ ငြိမ်းအဖွဲ့များသင်ခန်းစာယူသင့်



ရလလဖအဖွဲ့ လက်နက်အပ်လိုက်ရသော

ဇူလိုင်လ (၂၆) ရက်နေ့က စစ်အစိုးရထံ အခမ်းအနားနှင့် လက်နက်အပ်လိုက်ရသော ဦးချစ်မောင်ဦးဆောင်သည့် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) ခွဲထွက်အဖွဲ့၏ သင်ခန်းစာကို ညီလာခံတက်ရောက်နေသည့် ငြိမ်းအဖွဲ့များ သင်ခန်းစာယူပြီး စစ်မှန်သောဒီမိုကရေစီအတွက် တိုက်ပွဲဝင်ကြရန် တော်လှန်ရေးနယ်မြေတွင် လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲနေသော ရလလဖမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

“အခြားအဖွဲ့တွေအနေနဲ့ သတိထားရမှာက ညီလာခံမပြီးခင်ကတည်းက လက်နက်အပ်ခိုင်းနေပြီ၊ ညီလာခံပြီးရင်တော့ သေချာပေါက်အပ်ခိုင်းတော့မယ်ဆိုတာပဲ။ ဒီမိုကရေစီအစစ်အမှန်လိုချင်ရင်တော့ ဒီညီလာခံထဲမှာ မျက်စိလည်လမ်းမှားမသွားဘဲ လုပ်ဆောင်ဖို့လိုတယ်”ဟု ညီလာခံအပေါ်အယုံအကြည်မရှိတော့သဖြင့် တော်လှန်ရေးနယ်မြေသို့ မကြာခင်ကပြန်လည်ထွက်ခွာလာကာ လက်နက်ကိုင်တော်လှန်ရေးတိုက်ပွဲဝင်နေသော ရလလဖမှပြောခွင့်ရသူ ဗိုလ်မှူးကြီးခွန်သူရိန်ကပြောသည်။

ရလလဖခွဲထွက်အဖွဲ့ဖြစ်သော ဦးချစ်မောင်ဦးဆောင်သော တပ်ဖွဲ့ဝင် (၁၃၇) ဦးသည် ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်စံပြကျေးရွာတွင် လက်နက်ခဲယမ်းများကို နအဖထံ အပြီးလွှဲအပ်ကြောင်း မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။

ဇွန်လ (၄) ရက်နေ့က နောင်ထော်ဌာနချုပ်၏ အခြားခေါင်းဆောင်များက ဥက္ကဋ္ဌဦးချစ်မောင်အား ကိုယ်ကျိုးစီးပွားကိစ္စများကြောင့် တာဝန်လွှဲပြောင်းပေးရန် တောင်းဆိုသည်။ ဦးချစ်မောင်က သဘောတူခဲ့ပြီးနောက် ယင်းနေ့ညနေပိုင်းတွင် သားဖြစ်သူ အမှတ် (၉၄၃)တပ်ရင်းမှူး ဦးချစ်အောင်အပါအဝင် နောက်လိုက်အချို့နှင့်အတူ ဌာနချုပ်မှထွက်ခွာလာရာ ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး ဆီဆိုင်အခြေစိုက် ခမရ (၄၂၃)နှင့် (၄၂၄) တွင်ခိုလှုံခဲ့သည်။

တကယ်တမ်း ဦးချစ်မောင်နှင့်အတူရဲဘော် (၃၀) ခန့်သာပါသွားပြီး လက်နက်ချအခမ်းအနားတွင် တွေ့ရသူအများစုမှာ နီးစပ်သူများကိုဆွဲထည့်ကာ အင်အားပြခိုင်းထားခြင်းဖြစ်ကြောင်းလည်း ဗိုလ်မှူးကြီးခွန်သူရိန်ကပြောသည်။

နောင်ထော်တွင် ဥက္ကဋ္ဌဟောင်း တာကလော်၊ ဒုဥက္ကဋ္ဌစောဖာမူးနှင့် အတွင်းရေးမှူး ဗိုလ်မှူးကြီးစိုးအောင်လွင်တို့ ဦးစီးသော တပ်ဖွဲ့ဝင် (၂၀၀) နီးပါး ကျန်ရှိနေသည်ဟု သိရသည်။

၁၉၉၄ ခုနှစ်က အပစ်အခတ်ရပ်စဲခဲ့သော ရလလဖအဖွဲ့သည် လက်နက်အပြီးအပိုင်စွန့်သွားသော ဦးချစ်မောင်အဖွဲ့၊ နောင်ထော်ဌာနချုပ်တွင် ကျန်ရှိနေသောအဖွဲ့နှင့် ထိုင်း–မြန်မာနယ်စပ်ရောက်အဖွဲ့ဟူ၍ ကွဲပြားသည်။ ❖


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

(နောက်ဆုံးအကြိမ် ညောင်နှစ်ပင်ညီ လာခံအကြို) ဖွဲ့စည်းပုံပေါ်ပေါက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဆိုတဲ့အတွက် ဒီစာကို နိုင်ငံသားတယောက်ရဲ့တာဝန်အရ ရေးလိုက်ပါတယ်။

၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာ (၁) ရက် ကျောင်းကပြန်ရောက်လာတဲ့အချိန် ရပ်ကွက် ကောင်စီလူကြီးတွေက မဲရုံလုံခြုံရေးအတွက် လုံခြုံရေးမှူးအဖြစ် ကြီးကြပ်ဆောင်ရွက်ပေးဖို့ ကိုယ့်ကို တလေးတစားမေတ္တာရပ်ခံလာတဲ့အခါ အလွယ်တကူခေါင်းညိတ်လိုက်တယ်။ အဲ့ဒီတုန်းက ကျနော်က အသက် (၂၀) ပြည့်ကာစ။ ကိုယ့်ကိုယ်ကို အတော်လည်းအထင်ကြီး၊ စိတ်ကြီးဝင်နေတဲ့ကာလ။ ငါ တော်တော်လူရာဝင်ပါလားပေါ့။

စာတော်တဲ့ကောင်လေးလို့ သူများတွေ မြှောက်တာ အဟုတ်ထင်ကျေနပ်နေပေမယ့် ဖွဲ့စည်းအုပ်ချုပ်ပုံဆိုတာ ဘာမှန်းတောင် သိပ်သိသေးတဲ့အကောင်မဟုတ်ဘူး။ ရပ်ကွက်ထဲကလူတွေက မဲထည့်ချင်မှန်း၊ မထည့်ချင်မှန်းလည်းမသိ။ ဆန္ဒမဲလာပေးမှာကို မိုးလင်းကမိုးချုပ် ထိုင်စောင့်ရတဲ့ အပေါက်စောင့်အလုပ်လေးကို ကျောင်းစာလောက်သိပြီး နိုင်ငံရေးဆိုလို့ နကန်းတလုံးမှမသိတဲ့ လူက လုံခြုံရေးမှူးဆိုတဲ့ လက်ပတ်တံဆိပ်လက်မှာ လာချိတ်ပေးလိုက်တာနဲ့ မြှောက်ကြွမြှောက်ကြွဖြစ်လိုက်မိတဲ့အချိန်ပေါ့။

ဘာမဟုတ်တဲ့ ခွေးခြေလေးထိုးပေးလိုက်တာမျိုးကို ကုလားထိုင်လို့ထင် ကျေနပ်နေခဲ့ကြတဲ့ မဆလမျိုးဆက် အချောင်သမား နိုင်ငံသားလူပိုအညှံ့စားတွေထဲက ထူးမခြားနားတယောက်ပါပဲ။ တိုင်းပြည်နဲ့လူထုက ခုမှတပါတီအာဏာရှင်လက်ထဲ တရားဝင်ချောက်ပေါက်ကျ သံဃာစင်ပါမှောက်တော့မှာကို အစိုးရဘက်ကဝင်ကူ လူတတ်ကြီးလုပ်လိုက်မိတဲ့အဖြစ်၊ အသုံးချခံမူလီလေးတလုံး၊ ဒေါက်တိုင်လေးတချောင်းဖြစ်သွားတာကို မသိရှာတဲ့ဘဝ။

ကိုယ့်တိုင်းပြည်၊ ကိုယ့်အစိုးရနဲ့စနစ်တွေအကြောင်း ဘာမှနားမလည်သေးတဲ့ ဆေးကျောင်းသားအကင်းလေး၊ မြယာပင် စာပေတွေလောက်ကို နိုင်ငံရေးစာပေလို့ ထင်ပြီးဖတ်နေမိတဲ့ ငပေါ။ ဒီဗမာပြည်နိုင်ငံရေးကိုအတော်နားလည်နေပြီ။ တီးခေါက်မိနေပြီလို့ ထင်တလုံးနဲ့ တကယ့်သနားစရာငတုံးလေး။

ဒီလိုနဲ့ ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်မှာ မဆလဖွဲ့စည်းပုံကို လူထုကြီးက တခဲနက်ထောက်ခံခဲ့တယ်လို့ မှတ်သားခဲ့မိပါတယ်။ (၆) လပဲကြာလိုက်တယ်။ ၁၉၇၄ ဇွန်လထဲမှာ တနိုင်ငံလုံး အလုပ်သမားသပိတ်တွေဖြစ်တယ်။ ရည်းစားလိုလို ဘာလိုလို ကောင်မလေးတယောက်ရဲ့အဆောင်ကို သွားလည်ရာကအပြန် လမ်းမှာကားတွေရှင်းနေတာ၊ လိုင်းကားတွေမလာ လူတွေက လမ်းလျှောက်နေကြရတာတွေလို့ မေးကြည့်တော့မှ အလုပ်သမားတွေသပိတ်မှောက်နေတာကိုသိရတာ။ ဒီအထိလည်း ကိုယ်နဲ့မဆိုင်ပါဘူးလေပေါ့။ အထည်ချုပ်စက်ရုံတွေနားရောက်တော့ ဝင်းတံခါးတွေကပိတ်ထားပြီး အတွင်းက ကြွေးကြော်သံတွေ တိုင်နေတာကိုကြားရတယ်။ ဆန်အလုံအလောက်ထုတ်ပေးရေး၊ လစာတွေတိုးပေးရေး၊ တခါမှမကြားဖူးတာတွေ၊ နောက်ရက်၊ နောက်ရက်တွေမှာတော့ ဖြိုခွဲတာတွေ၊ ရှင်းလင်းတာတွေ၊ ပစ်ခတ်တာတွေ ဆက်တိုက်ဆိုသလို ရေဒီယိုကကြားရ၊ သတင်းစာကဖတ်ရတယ်။ မာရှယ်လောနဲ့ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်တွေ၊ ချည်မျှင်နဲ့အထည်စက်ရုံရှေ့မှာ သေနတ်မှန်လို့ လူတွေလဲနေကြပြီတဲ့။ ဆင်မလိုက်သဘော်ကျင်းကို ရေတပ်က မြစ်ဖက်ကလှည့်ဝင်ပစ်တာတဲ့။ အလောင်းတွေ ကားနဲ့တိုက်ရတယ်တဲ့။ ဒါတွေမြင်နေကြားနေရပေမယ့် ကိုယ်နဲ့မဆိုင်သလိုပါပဲ။

အဖေကတပ်ကအရာရှိ၊ မြို့နယ်တခု မှာ ကောင်စီဥက္ကဌ၊ ကိုယ်ကိုယ်တိုင်က စစ်တပ်နဲ့ အုပ်ချုပ်ရေးအသိုင်းအဝိုင်းထဲမှာကြီးလာတဲ့လူတယောက်က ခံစားနေရတဲ့ လူထုနေ့စဥ်ဘဝတွေကို ဘာသိမှာလဲ။ ဒီမဆလအစိုးရနဲ့ ငါလည်း တနေ့ရန်သူဖြစ်လာမယ်ဆိုတာ နည်းနည်းလေးတောင် အတွေးထဲမှာ မဝင်မိဘူး။

၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ လူထုဆန္ဒခံယူပွဲမှာ မဲရုံမှူးလုပ်ခဲ့တဲ့ နလပိန်းတုံးကောင်လေးဟာ ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာမှာတော့ တက္ကသိုလ်အဓိပတိလမ်းပေါ်က (၁၂) နှစ်ကြာ သမိုင်းဖျောက်ထားတဲ့ တက္ကသိုလ်သမဂ္ဂအဆောက်အအုံမြေနေရာဟောင်းကို စတင်ရှာတွေ့တယ်။ အဲဒီ တကသတည်ခဲ့ရာနေရာမြေရိုင်းတောကြီးကို ပေါက်ပြားတွေနဲ့ ခုတ်ကြ ထွင်ကြ စရှင်းကြတဲ့အထဲမှာပါနေပြီ။ ကိုယ်နဲ့မတူ ကိုယ့်ရန်သူလုပ်တတ်တဲ့ အသုံးမကျတဲ့ အစိုးရလက်ထဲကနေ ဦးသန့်ရဲ့ရုပ်ကလာပ်ကို ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကျောင်းသားတွေက လုယူခဲ့ကြပြီးတဲ့နောက် သိန်းချီတဲ့ လူထုကြီးနဲ့ချီတက်ခဲ့ကြ၊ ဘွဲ့နှင်းသဘင်ခန်းမထဲကို ဆောင်ကျဉ်းတဲ့နေရာမှာ ကျနော်တို့ ဆေးတက္ကသိုလ်ကျောင်းသားတွေ ရှေ့ဆုံးကပါခဲ့တာပေါ့။ တက္ကသိုလ်စာကြည့်တိုက်

**ခွန်ဆိုင်း**

ဘေးက စာကြည့်တိုက်တိုးချဲ့ဆောင်ဆောက်ဖို့ ပုံထားတဲ့အုတ်ပုံတွေကို ဦးသန့်ယာယီ ဂူဗိမ္မာန်လုပ်ကြမယ်ဆိုပြီး သမဂ္ဂရင်ပြင်ထဲ လက်ဆင့်ကမ်းသယ်တဲ့နေရာမှာ ကျနော် အတော်တက်ကြွနေခဲ့တာ။ ငါတို့တရားတယ်လို့ယုံကြည်တယ်။ တက္ကသိုလ်ရိပ်သာ လမ်းတဖက် တက္ကသိုလ်ဆေးရုံက တာဝန်ခံဆရာဝန်မလေးဆီမှာ အရေးပေါ်ဆေးတွေ သွားအလှူခံပြီး မန္တလေးဆောင်ရှေ့မှာ အရေးပေါ်ဆေးခန်းဖွင့်ကြတယ်။ မန္တလေးဆောင်သပိတ်ကော်မတီမှာလည်း ဆေးကျောင်းကိုယ်စားလှယ်တယောက်လို့ စာရင်းပေး၊ တခါ တခါ လုံခြုံရေးဘက် ပြေးတာဝန်ယူလိုက်သေး ....။ ဒီလို အကြီးအကျယ်တက်ကြွနေပေမယ့် အခြေခံနိုင်ငံရေးက သုည။ ဒီဇင်ဘာ (၁၁) ရက်နေ့မှာတော့ စစ်တပ်က အင်အားသုံးဖြိုခွဲလိုက်တယ်။ တပတ်လောက် ကျောင်းထဲသပိတ်စခန်းမှာပဲ အိပ်စားလုပ်နေခဲ့တဲ့ ကျနော် အိမ်ပြန်အိပ်တဲ့ည၊ အဖမ်းခံရဖို့အချိန် မကျသေးဘူးထင်ပါ့။

ကျောင်းတော်ကြီးကို တပ်ကဝိုင်း၊ အကြမ်းဖက်ရှင်းလင်း၊ တမနက်တည်းနဲ့လူ ၇၀၀၀ လောက်ဖမ်းပြီး အင်းစိန်ထောင်ထဲ ထည့်ပစ်တာတွေ့လိုက်ရတယ်။ ဒါတောင် မဆလအစိုးရကိုဆန့်ကျင်တဲ့သပိတ်က ချက်ချင်းဦးမကျိုးဘဲ ရန်ကုန်တမြို့လုံးကို ပြန့်သွား၊ ပေါက်ကွဲနေတဲ့လူထုကြီးက မီးပွိုင့်တွေရိုက်ချိုးကြ၊ အစိုးရပိုင်ရုံးတွေ၊ အဆောက်အဦးတွေ၊ သမဆိုင်တွေ၊ ကောင်စီရုံးတွေ ဖျက်ဆီးကြ၊ မီးရှို့ကြ၊ ရုပ်ရှင်ရုံကြီးတွေလည်း မီးလောင်ပြာကျကြ၊ အစိုးရကလည်း မဲမဲမြင်ရာပစ်၊ ပြောင်းဆန်နေတဲ့ရက်တွေပေါ့။ တိုက်ပေါ်က ချောင်းကြည့်တဲ့လူတချို့တောင် သေနတ်မှန်လို့သေခဲ့ကြရ။ ၇၄ ဖွဲ့စည်းပုံပြီးပြီးချင်း ကြုံရတာတွေလေ။ သတင်းစာ၊ ရေဒီယိုတွေမှာတော့ မြေပေါ်မြေအောက် လက်ဝဲလက်ယာ အဖျက်အမှောင့်တွေ၊ ပြည်ပြေး၊ ဗကပ၊ ယူဂျီ၊ ပြည်ပသြဇာခံတွေက ကျောင်းသား၊ အလုပ်သမားတွေကြား ဝင်ရောက်ထိုးဖောက်တိုင်းပြည်ဆူပူအောင်၊ ပျက်ဆီးအောင်၊ သွေးထိုးလှုံ့ဆော်လို့ဖြစ်ရတယ်ပေါ့။ ဆက်တိုက်ဆိုသလို အရေးအခင်းတွေ ဆက်ဖြစ်တယ်။ ၁၉၇၅ ဇွန်မှာ အမောင်ကျောင်းသားတွေက အင်းစိန်ထောင်ကိုဝိုင်း၊ ရွှေတိဂုံဘုရားကုန်းတော်ကို သပိတ်စခန်းလုပ်ရင်း ထောင်ထဲကို ရာနဲ့ချီဆက်ဝင်ရပြန်တယ်။ အဲ့ဒီနွေမှာ ကျနော်ဟာရှမ်းပြည်ထဲက ပအိုဝ့်ရွာတရွာကိုရောက်သွားတယ်။ ရွာငံ၊ ရပ်စောက်၊ ဟဲဟိုးမြို့နယ်လုံးကျွတ် စာတတ်မြောက်ရေးလှုပ်ရှားမှုလှိုင်းအတုတွေ အရှိန်နဲ့ လိမ့်တုန်း၊ ဟဲဟိုးနဲ့ (၁၀) မိုင်ဝေးတဲ့ ကားလမ်းမရှိ ဗမာစကားမပြောတဲ့၊ အင်းနီဆိုတဲ့ရွာကို တလထဲနဲ့ ရေးတတ်၊ ဖတ်တတ်၊ တွက်တတ်အောင် စာသင်ပေးဖို့ ဆေးကျောင်းသားတုံးတကောင် ရောက်ခဲ့တာပေါ့။

စာသင်ခန်းမရှိ၊ စာအုပ်မရှိ၊ ကျောက်သင်ပုန်းမရှိ၊ မီးမရှိ၊ မိုးချုပ်မှ တောင်ယာထဲက ပင်ပန်းပြီးပြန်လာတဲ့ ဒီတိုင်းရင်းသားတွေကို ငါဘယ်လိုနားလည်အောင် စာသင်ရမှာလဲ။

သဘောပေါက်စတော့ပြုတယ်။ နိုင်ငံရေးပိုးက နည်းနည်းဝင်နေပြီ။ တခွန်းစ၊ နှစ်ခွန်းစ ရွာသူရွာသားတွေကို အစိုးရဆိုတာဘာလဲမေးတော့ တချို့က ရွာလူကြီးနာမည်ကိုပြောတယ်။ တချို့က သူတို့လူမျိုးလက်နက်ကိုင်တွေကိုပြောတယ်။

တချို့က တခါတလေလာတဲ့ ဗမာစစ်တပ်လို့လည်းပြောတယ်။ ဦးနေဝင်းဆိုတာ ဘယ်သူမှန်းမသိဘူး။ မြန်မာ့ဆိုရှယ်လစ်လမ်းစဥ်ဆိုတာ မကြားဖူးကြဘူး။ သေချာတာကတော့ ဒီနယ်တဝိုက်မှာ ဆေးခန်းမရှိဘူး။ ရဲစခန်းမရှိဘူး။ အစိုးရရုံးတွေမရှိဘူး။

တချို့ရွာသူရွာသားတွေက (၁၀) မိုင်လောက်ဝေးတဲ့ အနားက ဟဲဟိုးမြို့ပေါ်တောင်မရောက်ဖူးဘူး။ လက်တဝါးသာသာ နေရှင်နယ်ရေဒီယိုတလုံး ပခုံးမှာလွယ်ပြီးသွားနိုင်သူက ရွာမှာအကောင်၊ လူချမ်းသာစာရင်းဝင်။ စိတ်ထဲမှာ ယားကျိကျိဖြစ်တဲ့အချိန် ရွာလူကြီးကို (၇၄) ဖွဲ့စည်းပုံ ဘယ်လိုဆန္ဒခံယူခဲ့ရသလဲမေးတော့၊ လွယ်ပါတယ် ဆရာလေးရယ်။

တရွာလုံးကမဲတွေ သူထည့်ပေးမယ်ဆိုပြီး မြို့ကပို့ပေးတဲ့ပုံးအဖြူထဲ အကုန်လောင်းထည့်ပြီး မြို့ကို ပြန်ပို့ပေးလိုက်တာပေါ့တဲ့။

ရှမ်းပြည်ကပြန်လာပြီးနောက် ကျနော်တို့တတွေ နိုင်ငံရေးကို အတော်စိတ်ရောက်နေပါပြီ။ အရေးအခင်းတွေကြောင့် ကျောင်းတွေအကုန်ပိတ်ထားတာတွေ၊ ကိုယ့်မြို့ ကိုယ့်နယ်ပြန် စာမေးပွဲဖြေရတာတွေကြုံရတယ်။ ကျောင်းတွေပြန်ဖွင့်ပေးလိုက်တာနဲ့ မှိုင်းရာပြည့်အရေး ဆက်လှုပ်ရှားကြတယ်။ ဒီတခါတော့ ကျနော်နဲ့ ရှမ်းပြည်စာတတ်မြောက်ရေးကိုပါလာတဲ့ ဆေးကျောင်းသား (၄) ထပ်ကွမ်း လူရည်ချွန်တယောက်၊ (၂) ထပ်ကွမ်းလူရည်ချွန် (၂) ယောက်အပါအဝင် အတော်များများ ထောင်ထဲဝင်ဖို့ အလှည့်ကျတယ်။ မဆလလက်သတ်မွေး အခွင့်ထူးခံငယ်မွေးခြံပေါက်တွေက သူတို့အတွက် အမာခံကေဒါလောင်းတွေ ဖြစ်မလာတော့ဘဲ သူပုန်တွေ ဖြစ်ကုန်တာပေါ့။

(၇၄) တပါတီအာဏာရှင်စနစ်ရဲ့ ဖွဲ့စည်းပုံတရားဝင်ဖြစ်ဖို့ကူညီမိခဲ့၊ မဲရုံမှူးလုပ်ခဲ့မိတဲ့ နောက်ဆုံးနှစ် အပိုင်း (က) ဆေး

● စာမျက်နှာ (၁၈) ကော်လံ (၁) သို့

၇၄ ဖွဲ့စည်းပုံပြီးပြီးချင်း ကြုံရတာတွေလေ။ သတင်းစာ၊ ရေဒီယိုတွေမှာတော့ မြေပေါ်မြေအောက် လက်ဝဲလက်ယာ အဖျက်အမှောင့်တွေ၊ ပြည်ပြေး၊ ဗကပ၊ ယူဂျီ၊ ပြည်ပသြဇာခံတွေက ကျောင်းသားအလုပ်သမားတွေကြား ဝင်ရောက်ထိုးဖောက် တိုင်းပြည်ဆူပူအောင်၊ ပျက်စီးအောင်၊ သွေးထိုးလှုံ့ဆော်လို့ဖြစ်ရတယ်ပေါ့။



# ပြည်နယ်တိုင်းတွင် ကိုယ်ပိုင်ဖွဲ့ စည်းပုံဥပဒေရေးဆွဲခွင့်ရှိမှသာတန်းတူညီမျှမှုရှိ


အခြေခံဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ခွန်ဥက္ကာ

ပြည်နယ်တိုင်းတွင် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခွင့်ရှိမှ တန်းတူညီမျှသော ဖက်ဒရယ်ပြည်ထောင်စုဖြစ်နိုင်မည်ဟု တိုင်းရင်းသားလူမျိုးများကောင်စီ၊ အခြေခံဥပဒေရေးရာ ကော်မတီဥက္ကဋ္ဌ ခွန်ဥက္ကာကပြောသည်။

ဇူလိုင်လ (၁၆) ရက်နေ့မှ (၂၀) ရက်နေ့အထိ ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) အီးအဲန်စီ၏ ပြည်နယ်များဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) နှီးနှောဖလှယ်ပွဲတွင် ပြောကြားလိုက်ခြင်းဖြစ်သည်။

နှီးနှောဖလှယ်ပွဲသို့ ရခိုင်၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ မွန်နှင့် ရှမ်းပြည်နယ် စသော ပြည်နယ် (၇) ပြည်နယ်မှ ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များအပါအဝင် စုစုပေါင်း (၅၄) ဦးတက်ရောက်ခဲ့ကြပြီး ပြည်နယ်များ၏အခွင့်အရေး၊ ပြည်ထောင်စုတရားစီရင်ရေးနှင့် ပြည်နယ်တရားစီရင်ရေးအကြားဆက်စပ်မှု၊ ပြည်ထောင်စုတပ်ဖွဲ့ ဖွဲ့စည်းရေးပုံစံ၊ ပုဂ္ဂလိကအခွင့်အရေး၊ ကျားမတန်းတူရေး စသည့်ကိစ္စရပ်များကို ပြည်နယ်ကိုယ်စားလှယ်အသီးသီးက ဆွေးနွေးခဲ့ကြသည်။

နအဖ၏နောက်ဆုံးအကျော့ အမျိုးသားညီလာခံနှင့် တိုက်ဆိုင်ကျင်းပသော နှီးနှောဖလှယ်ပွဲကြီး၏ ရည်ရွယ်ချက်မှာ တိုင်းရင်းသားတန်းတူခွင့်ပေးနိုင်မည့် အီးအဲန်စီကရေးဆွဲထားသောဖွဲ့စည်းပုံမူကြမ်းကို ပွဲထုတ်တင်ပြခြင်းဖြစ်ပြီး၊ နအဖ၏ အမျိုးသားညီလာခံတွင် တိုင်းရင်းသားအခွင့်အရေးများ ဆုံးရှုံးနေသည့်အချက်ကို မီးမောင်းထိုးပြလိုခြင်းဖြစ်သည်ဟု အီးအဲန်စီ၏ အခြေခံဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ခွန်ဥက္ကာက ပြောသည်။

အီးအဲန်စီကရေးဆွဲထားသော အဆိုပါမူကြမ်းကို ပြည်နယ်ကိုယ်စားလှယ်များ ပြည်နယ်အလိုက် ချပြဆွေးနွေးခြင်း၊ သတင်းမီဒီယာနှင့် အသံလွှင့်ဌာနများမှတဆင့် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးအကြံပြုနိုင်ရန် စီစဉ်နေသည်ဟု ခွန်ဥက္ကာကဆက်ပြောသည်။

“ဥပမာ ရှမ်းပြည်နယ်မူကြမ်းဆိုရင်၊ ရှမ်းပြည်ထဲက ပြည်သူတွေကို ကျနော်တို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှင်းပြ ချပြ၊ မွန်ပြည်နယ်မူကြမ်းဆိုရင်လဲ မွန်ပြည်နယ်ထဲက ပြည်သူတွေလက်ထဲရောက်အောင် ကျနော်တို့ သက်ဆိုင်ရာပြည်နယ်အဖွဲ့တွေက မွန်ပြည်နယ်မှာရှိတဲ့ ပြည်သူတွေလက်ထဲရောက်အောင်ဖြန့်ကြ၊ ဖြူးကြ၊ ဆွေးနွေးကြတာတွေ့ရှိတယ်”ဟု ၎င်းကပြောသည်။

အီးအဲန်စီ၏ ပြည်နယ်များဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တွင်ပါဝင်သော ဖက်ဒရယ်ပြည်ထောင်စုတရားရုံးချုပ်သည် တိုင်းရင်းသား ပြည်သူအားလုံးအတွက် တဦးချင်းလုံခြုံမှုကို အပြည့်အဝပေးမည်ဖြစ်သည့်အပြင် အုပ်ချုပ်သူအာဏာပိုင်များက ဥပဒေချိုးဖောက်ခဲ့လျှင် တိုင်တန်းအရေးယူနိုင်ရန် ရေးဆွဲပြဋ္ဌာန်းထားသည်ဟုလည်း သိရသည်။

# တိုင်းရင်းသားနိုင်ငံရေးပါတီများက သုံးပွင့်ဆိုင် တွေ့ ဆုံဆွေးနွေးရေး ထပ်မံတောင်းဆို

၁၃ ဇူလိုင် ၂၀၀၇

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားအင်အားစုနှင့် မြန်မာစစ်အစိုးရတို့အကြား အပြန်အလှန်လေးစားယုံကြည်ပြီး တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းကသာ မြန်မာပြည်၏နိုင်ငံရေးအကြပ်အတည်းဖြေရှင်းရေးနည်းလမ်းမှန်ဖြစ်ကြောင်း ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြသော တိုင်းရင်းသားနိုင်ငံရေးပါတီ (၁၁) ပါတီက သဘောထားထုတ်ပြန်ကြေညာလိုက်သည်။


တိုင်းရင်းသားခေါင်းဆောင်များနှင့် အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ယာယီဝန်ကြီးချုပ်၊ ဒုဗိုလ်ချုပ်ကြီးသိန်းစိန်၏အမျိုးသားညီလာခံတွင် ယခင်ချမှတ်ထားသောအခြေခံမူများကို ပြန်လည်ဆန်းစစ်သွားမည်ဖြစ်ကြောင်း ကြေညာချက်နှင့် ဆက်တိုက်ထွက်ပေါ်လာသော တိုင်းရင်းသားနိုင်ငံရေးပါတီများ၏သဘောထားတွင် အချက် (၃) ချက်ပါဝင်ပြီး အရေးအကြီးဆုံးအခြေခံမှာ အဖမ်းဆီးခံနေရသောခေါင်းဆောင်များကို ပြန်လွှတ်ပေးရမည်ဟု ပါရှိသည်။

တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ သဘောထားအကျဉ်းချုပ်ကို ဇိုမီးအမျိုးသားကွန်ဂရက်မှ ပူကျင့်ရှင်းထန်က “လူမျိုးစုတွေရဲ့သဘောထားကတော့ နံပါတ်တစ်မှာ ပြည်ထောင်စုစစ်စစ်မှုနဲ့ ပြည်နယ်များ ပူးပေါင်း၍လုပ်ဖို့ရာ ကျနော်တို့ကြိုးပမ်းလျက်ရှိပါတယ်။ နံပါတ်နှစ်အချက်အနေနဲ့ အဲဒီလိုကြိုးပမ်းရာမှာလည်း ပင်လုံမှာ ကျနော်တို့ သဘောတူပြီးသားဖြစ်တဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဆိုတဲ့မူများအရ ကျနော်တို့ကြိုးပမ်းခြင်းဖြစ်ပါတယ်။ နံပါတ်သုံးအနေနဲ့ကတော့ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်အတွက် အခြေခံနိုင်ငံရေးမူများဦးစွာချမှတ်ဖို့လိုပါတယ်။ မြန်မာနိုင်ငံရေးအင်အားစုများ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာခြင်းဖြင့်သာလျှင် ရှင်းလင်းပြတ်သားသော နိုင်ငံရေးအခြေခံမူများကို ရနိုင်ပါမယ်” ဟု ရှင်း ပြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အခြေခံမူချမှတ်ရန် ဦးခွန်ထွန်းဦး၊ ဦးစိုင်းညွန့်လွင်၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး စသော ဖမ်းဆီးထိန်းသိမ်းခံ နိုင်ငံရေးအကျဉ်းသားများအပါအဝင် ၁၉၉၀ ပြည့် ရွေးကောက်ပွဲတွင်အနိုင်ရခဲ့သော ပြည်သူ့ကိုယ်စားလှယ်များ၊ အခြားအင်အားစုများ၊ တောတွင်းလက်နက်ကိုင်နှင့် အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများအပါအဝင် တိုင်းရင်းသားနိုင်ငံရေးအင်အားစုနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့အကြား တွေ့ဆုံဆွေးနွေးအဖြေရှာမှသာ မှန်ကန်သော နည်းလမ်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တိုင်းရင်းသားပါတီများအနေဖြင့် အင်အားစုအားလုံး ပါဝင်ဆွေးနွေးမှုရလဒ်မှ ထွက်ပေါ်လာမည့် လမ်းပြမြေပုံပေါ် အခြေခံရေးဆွဲမည့် ဖွဲ့စည်းပုံမျိုးကိုသာ ရေရှည်အစွန့်ရှည်နိုင်မည့်အပြင် ပြည်သူလူထုအတွက်လည်း အမှန်တကယ် အကျိုးရှိမည်ဟုမြင်သဖြင့် လက်ရှိ နအဖသွားနေသော လမ်းကြောင်းနှင့် မိမိတို့၏မျှော်မှန်းချက် အလွန်ကွာခြားသည်ဟုလည်း ပူးကျင့်ရှင်းထန်ကပြောသည်။

ယခုသဘောထားထုတ်ပြန်လိုက်သော တိုင်းရင်းသားပါတီ (၁၁) ပါတီတွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ်ကိုးကန့်ဒီမိုကရက် တစ်ပါတီနှစ်ပါတီလွဲ၍ ကျန်ပါတီများသည် ဖျက်သိမ်းခံထားရပြီး ပါတီအားလုံးသည် အမျိုးသားညီလာခံကို တညီတညွတ်တည်းသပိတ်မှောက်ထားသည်။ ❖

# တိုင်းရင်းသား အခွင့်အရေးများ ပိုမိုပေးရန် ကချင်ငြိမ်းအဖွဲ့ (ကေအိုင်အို) တောင်းဆို

ဇူလိုင် ၂၀၊ ယနေ့မြန်မာ။

စစ်မှန်သောပြည်ထောင်စုတည်ဆောက်ရေးနှင့် တိုင်းရင်းသားများ၏ အခွင့်အရေးများရရှိရေးအတွက် ထပ်မံဖြည့်စွက်လိုသောအခြေခံမူများကို ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) က အမျိုးသားညီလာခံတွင် တင်ပြသွားမည်ဟု ကေအိုင်အို၏ ဒုနိုင်ငံခြားရေးတာဝန်ခံက ပြောသည်။

ကေအိုင်အိုမှ တင်ပြတောင်းဆိုထားသည့်အခြေခံမူများတွင် အချက် (၁၉) ချက်ပါဝင်ပြီး ယင်းတွင် ပြည်ထောင်စုစစ်စစ်မှုအရ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ရေး၊ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရအကြား အာဏာခွဲဝေသတ်မှတ်ရေး၊ ပြည်နယ်အစိုးရဖွဲ့စည်းရေး၊ အခွန်ကောက်ယူမှုနှင့် နယ်စပ်ဒေသ လုံခြုံရေးကိစ္စရပ်များပါဝင်သည်။

နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ရေးတွင် ၁၉၄၇ ဥပဒေကဲ့သို့ တပြည်ထောင်စနစ်မဖြစ်စေဘဲ ပြည်ထောင်စုစစ်စစ်မှု ပိုမိုပေါ်လွင်စေရန်နှင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် မူလအခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းရန် တင်ပြထားသည်။

ယင်းတောင်းဆိုချက်များသည် ယခင်ချမှတ်ထားသောအခြေခံမူများကို ထပ်မံဖြည့်စွက်ပေးရန် တောင်းဆိုခြင်းဖြစ်သည်ဟု ကေအိုင်အို၏ ဒုနိုင်ငံခြားရေးတာဝန်ခံ ဗိုလ်မှူးကြီး ဂျိမ်းစ်လွန်ဒေါင်းက ပြောသည်။

“အရင်တုန်းက ရေးထားတဲ့အချက်တွေကို အဲဒီမှာ ပြန်လည် နည်းနည်းပါးပါး ဖြည့်စွက်ပေးဖို့ တောင်းဆိုခြင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် နောက်ဆုံးမှာ ဒီအမျိုးသားညီလာခံကနေ (ဘာ) မှာ လိုက်တာရှိလဲဆိုလို့ရှိရင် ဒါတွေ ပြန်လည်သုံးသပ်ဖို့၊ နောက် ပြည်သူလူထုနဲ့လည်း ဆွေးနွေးဖို့၊ နောက်လိုအပ်သည်များရှိခဲ့သည်ရှိသော် ကျနော်တို့ရဲ့ ခံယူချက်ပေါ်မှာ မူတည်ပြီးတော့မှ ပြန်လည်ပြီးတော့မှ ဖြည့်စွက်တောင်းဆိုဖို့ ဆိုတဲ့ဟာတွေ ရှိပါတယ်။ အဲဒီအပေါ်မှာမူတည်ပြီးတော့မှ ကျနော်တို့ ဒါတွေလုပ်ခြင်း ဖြစ်ပါတယ်။”

အမျိုးသားညီလာခံမှ သဘောတူချမှတ်ခဲ့သောအခြေခံမူများကို လွန်ခဲ့သောလကုန်ပိုင်းက ကေအိုင်အို ဗဟိုကော်မတီအစည်းအဝေးတွင် ပြန်လည်သုံးသပ်၍ ယခုကဲ့သို့ တောင်းဆိုခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။

၂၀၀၄ ခုနှစ်က နိုင်ငံရေးဦးတည်ချက် (၆) ရပ်နှင့် အခြေခံမူ (၁၀၄) ချက်ကို ပြန်လည် သုံးသပ်ဆွေးနွေးရန် တိုင်းရင်းသားအပစ်ရပ်အဖွဲ့ (၁၃) ဖွဲ့က တင်ပြတောင်းဆိုခဲ့သည်ကို မြန်မာစစ်အစိုးရက တုံ့ပြန်ခြင်းမရှိသော်လည်း ယခုတကြိမ်တွင် ဆွေးနွေးလိမ့်မည်ဟု ကေအိုင်အိုမှ မျှော်လင့်ထားသည်။

ကေအိုင်အိုအဖွဲ့၏တင်ပြချက်များကို အမျိုးသားညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် နိုင်ငံတော်အကြီးအကဲများထံ တင်ပြသွားမည်ဟု ကေအိုင်အိုအဖွဲ့၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသည်။

သို့သော်လည်း ကေအိုင်အိုအဖွဲ့မှ တင်ပြထားသောအချက်များသည် တိုင်းရင်းသားများလိုလားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မူများနှင့် ကွဲပြားနေသေးသည်ဟု ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာလာဖန်းက ပြောသည်။

“အခုလက်ရှိ သူတို့တင်လိုက်တဲ့မူက ကိုယ်ပိုင်အုပ်ချုပ်ရေးလား၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်လားဆိုတာတောင် သဲသဲကွဲကွဲ ကျနော်သိပ်မတွေ့ရဘူး။ ကျနော်တို့မူကတော့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံတဲ့ ပြည်နယ်ပေါင်းစုပြည်ထောင်စုမူဖြစ်တယ်။ အခု သူတို့တင်လိုက်တဲ့မူက အခုလို ရှင်းရှင်းလင်းလင်း မရှိဘူး။ မရှိတော့ လူမျိုးစုတွေ ဒီနေ့ ရပ်တည်တောင့်တနေတဲ့အချက်တွေနဲ့ သိပ်ပြီးတော့ ထပ်တူထပ်မျှမဖြစ်ဘူးလို့ ကျနော်တို့ ယူဆတယ်လေ”

လွန်ခဲ့သော (၁၇) ရက်နေ့က အမျိုးသားညီလာခံဖွင့်ပွဲတွင် ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က အခြေခံမူများကိုသုံးသပ်ရာတွင် မူလချမှတ်ထားသောအခြေခံမူများနှင့် ကွဲလွဲမှုမရှိစေရန် သတိပေးပြောကြားခဲ့သည်။

ကေအိုင်အိုအဖွဲ့သည် ၁၉၉၄ ခုနှစ်တွင် မြန်မာစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားပြီး အမျိုးသားညီလာခံတွင် တက်ရောက်လျက်ရှိသည်။ ❖

ဂျော (ချောင်) ထိုးခံထားရဆဲ ငြိမ်းအဖွဲ့ (၁၃) ဖွဲ့၏
၂၀၀၄ အဆိုပြုချက်

(က) ထပ်တူဥပဒေပြုခွင့်။

(ခ) ကြွင်းကျန်အာဏာကို ဥပဒေပြုခွင့်။

(ဂ) ကာကွယ်ရေးနှင့်လုံခြုံရေးကိစ္စများတွင် ဥပဒေပြုခွင့်။ (ဒေသလုံခြုံရေး/အထူးရဲ)

(ဃ)“တိုင်းရင်းသားရေးရာကဏ္ဍ”ကို သီးခြားကဏ္ဍအဖြစ် ထပ်မံထည့်သွင်းပေးရေး။

(င) တိုင်းရင်းသားစာပေကို ပြည်နယ်အလိုက် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ခွင့်။

(စ) တိုင်းရင်းသားများရဲ့ဓလေ့ထုံးစံများကို ဥပဒေပြဋ္ဌာန်းဆောင်ရွက်ခွင့်။

(ဆ) ပြည်နယ်၊ တိုင်းအလိုက် သီးခြားအခြေခံဥပဒေ ရေးဆွဲဆောင်ရွက်ခွင့်။

ဇူလိုင် (၁၆)

ပြည်သူတရပ်လုံးကို စစ်ကျွန်ပြုရန်ရည်ရွယ်လုပ်ဆောင်နေသော နအဖ၏ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် အနာဂတ်တွင် တိုင်းပြည်တွင်း၌ မငြိမ်မသက်မှုများ ဆက်လက်ပြင်းထန်မည်ဖြစ်ပြီး၊ ပြည်တွင်းစစ်ကို မီးထိုးပေးသကဲ့သို့ ပိုမိုတောက်လောင်စေမည်ဟု ညီလာခံကိုယ်စားလှယ်မှထွက်ခွာလာသော ကိုယ်စားလှယ်များက ထုတ်ဖော်ပြောကြားလိုက်သည်။

စစ်အုပ်စုက လက်ရှိရေးဆွဲနေသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေးကိုသာရည်ရွယ်ပြီး ပြည်သူလူထု၏ တောင့်တချက်ဖြစ်သော ဒီမိုကရေစီအခွင့်အရေးနှင့် တိုင်းရင်းသားတို့၏မျှော်လင့်ချက်ဖြစ်သော တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လျစ်လျူရှုထားသဖြင့် အနာဂတ်တွင် တိုင်းပြည်တွင်း၌ နိုင်ငံရေးမငြိမ်မသက်မှုများ ဆက်လက်ကြီးထွားနေမည်ဟု ညီလာခံကိုယ်စားလှယ်များက ပြောကြားသည်။

ယမန်နေ့ နေ့လည်ပိုင်းက ထိုင်း–မြန်မာနယ်စပ်တနေရာတွင်ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်းမာတ်ရ်ကိုဘန်က ....

"၁၉၇၄ ခုနှစ်မှာ နေဝင်းအုပ်စုက သူတို့စိတ်ကြိုက် ဖွဲ့စည်းပုံတခုရေးဆွဲတယ်။ ဒီမိုကရေစီမရှိဘူး။ အဲ့ဒီနောက်ပိုင်းမှာ ပြည်တွင်းစစ်ဟာ တဆင့်ပြီးတဆင့် လောင်ကျွမ်းသွားတယ်"ဟု ပြည်သူလူထုတရပ်လုံး၏ ဒီမိုကရေစီအခွင့်အရေးနှင့် တိုင်းရင်းသားအခွင့်အရေးများကို ဥပေက္ခာပြုရေးဆွဲသော ဖွဲ့စည်းပုံ၏ နောက်ဆက်ဆိုးကျိုးကို ထောက်ပြသည်။

ခွန်းမာတ်ရ်ကိုဘန်သည် ၁၉၉၃၊ ဇန်နဝါရီလ (၉) ရက်နေ့တွင်စတင်ခဲ့သော နအဖ၏ညီလာခံသို့ ရွေးကောက်ခံရသောကိုယ်စားလှယ်များအစုအဖွဲ့မှ တက်ရောက်ပြီးနောက် အမျိုးသားညီလာခံဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လက်မခံနိုင်သဖြင့် ၁၉၉၃၊ ဧပြီလတွင် လွတ်မြောက်နယ်မြေသို့အစောဆုံးထွက်ခွာလာသူဖြစ်သည်။

အမျိုးသားညီလာခံသို့ တက်ရောက်ရာတွင် ကြိုတင်ဖြန့်ဝေထားခြင်းမရှိသော ညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေ၊ အစုအဖွဲ့အလိုက်ဆွေးနွေးရာတွင် လိုက်နာရမည့်စည်းကမ်းများကို လက်ခံရရှိခဲ့ကြောင်း အဆိုပါမူများတွင် နိုင်ငံတော်၏အမျိုးသားရေးဦးတည်မှုအခန်းတွင် တပ်မတော်ကပါဝင်ရေးဟူသောအချက်ကို တအံ့တဩ တွေ့ခဲ့ရသည်ဟု ၎င်းကပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက ကမကထလုပ်သော အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နအဖ၏အတုအယောင်ညီလာခံကို အယုံအကြည်မရှိတော့သဖြင့် ညီလာခံမှပြန်လည်ထွက်ခွာခဲ့ကြသော ကိုယ်စားလှယ် (၆) ဦးက ၎င်းတို့၏အတွေ့အကြုံများကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းခဲ့ကြသည်။

၁၉၉၃၊ ဇန်နဝါရီလမှ ၁၉၉၅၊ နိုဝင်ဘာလ (၂၈) ရက်နေ့အထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကိုယ်စားလှယ်အဖြစ် အမျိုးသားညီလာခံသို့တက်ရောက်ခဲ့သူ ခွန်မြင့်ထွန်းက နအဖညီလာခံနှင့်ဖွဲ့စည်းပုံသည် စနစ်မပြောင်းရေးအပေါ်တွင်သာ အခြေခံထားသဖြင့် အဲန်အယ်လ်ဒီ၏ စနစ်ပြောင်းရေးမူဝါဒနှင့် ဆန့်ကျင်နေသည်ဟုဆိုသည်။

သတင်းစာရှင်းလင်းပွဲမတိုင်ခင် တရက်စောပြီး လွတ်မြောက်နယ်မြေသို့ရောက်လာသူခွန်မြင့်ထွန်းက ယနေ့အချိန်တွင် နည်းမျိုးစုံဖြင့် အတုအယောင်လုပ်ထားသော နအဖ၏ ညီလာခံကိုဖွင့်ချပြရန် ပြည်သူ့ကိုယ်စားလှယ်တဦး၏ တာဝန်ရှိမှုအရ၊ လက်ရှိနိုင်ငံရေးလိုအပ်ချက်အရ အရေးကြီးသည်ဟုခံယူသဖြင့် လွတ်မြောက်နယ်မြေသို့ ထွက်ခွာရှင်းလင်းရခြင်းဖြစ်ကြောင်း ရှင်းလင်းသည်။

"ဗမာပြည်တိုးတက်ဖို့ စီးပွားရေးကောင်းရမယ်။ စီးပွားရေးကောင်းဖို့ နိုင်ငံရေးတည်ငြိမ်ဖို့လိုတယ်။ ဒီအပေါ်မှာ ကျနော်

သတင်းဆောင်းပါး

# နအဖဖွဲ့စည်းပုံက ပြည်တွင်းစစ်ကို ထပ်မံဆိုးရွားစေမည်






တို့ရော၊ သူတို့ရောအငြင်းမပွားဘူး။ ကျနော်တို့က နိုင်ငံရေးတည်ငြိမ်ရေးရဖို့ စနစ်ပြောင်းဖို့လိုတယ်။ စနစ်မပြောင်းရင် နိုင်ငံရေးတည်ငြိမ်မှုမရနိုင်ဘူး။ ဒီကနေ့ အမျိုးသားညီလာခံအပါအဝင် စစ်တပ်ရဲ့လုပ်ဆောင်ချက်တွေက စနစ်မပြောင်းရေးအပေါ်မှာ အခြေခံထားတယ်။ လက်ရှိအခြေအနေအတိုင်း စစ်တပ်ကအရာရာမှာ လွှမ်းမိုးရမယ်ဆိုတဲ့ အခြေခံအပေါ်မှာပဲ ဖွဲ့စည်းပုံကို ရေးဆွဲနေတာဖြစ်တယ်"ဟု ပြောကြားသည်။

ပအိုဝ့်အမျိုးသားဖြစ်သူ ခွန်မြင့်ထွန်းသည် ၁၉၉၀ ရွေးကောက်ပွဲတွင် သထုံမြို့နယ်မှ ရွေးကောက်ခံကိုယ်စားလှယ်ဖြစ်ပြီး ၁၉၉၆ ခုနှစ်တွင်အဖမ်းခံရကာ ၂၀၀၃ ခုနှစ် ဩဂုတ်လကမှ ပြန်လည်လွတ်မြောက်လာသူဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွင် အသက်အငယ်ဆုံးအမတ်ဖြစ်သူ ခွန်မြင့်ထွန်းက တချိန်က စစ်အုပ်စုသည် လမ်းစဉ်ပါတီခေတ်တွင် ဆိုရှယ်လစ်အမည်ခံ စစ်အုပ်ချုပ်ရေးကို ထူထောင်ခဲ့သည့်နည်းတူ လက်ရှိစစ်အုပ်စုသည်လည်း ဒီမိုကရေစီအမည်ခံစစ်အုပ်ချုပ်ရေးစနစ်တရပ်ကို ထူထောင်နေသည်ဟု စွပ်စွဲသည်။

"ကျနော်တို့အခုထင်နေတာက တံခါးတချပ်ပွင့်တော့မယ်လို့ ထင်နေကြတယ်။ ဒီမှာ အလုအယက်တိုးဝင်နေကြတာရှိတယ်။ ဒီတံခါးဟာ လွတ်မြောက်အောင်ဖွင့်လိုက်တဲ့တံခါးလား။ လှောင်အိမ်တခုကနေ တခြားလှောင်အိမ်တခုကို ပြောင်းလိုက်တဲ့တံခါးလား သုံးသပ်ဖို့လိုတယ်။ ကျနော်အမြင်ကတော့ စနစ်အဟောင်းကနေ စနစ်သစ်ကိုပြောင်းလဲတဲ့ တခါးဖွင့်ခြင်းမဟုတ်ဘူး။ လှောင်အိမ်တခုကနေတခြားလှောင်အိမ်တခုကို ပြောင်းဖွင့်တဲ့ တံခါးပဲဖြစ်တယ်"ဟု ခွန်မြင့်ထွန်းကပြောသည်။

ခွန်မြင့်ထွန်းပြောပြသော "ဘာမှမရှိတာထက် တခုခုရှိတာကပိုကောင်းသည်" ဟူသော ပြည်တွင်းအင်အားများကြားရှိ ဖွဲ့စည်းပုံနှင့်ပတ်သက်သော ဝိဝါဒကွဲပြားမှုအပေါ် "အဖော်မရှိ၍ အေအိုင်ဒီအက်စ်ရောဂါသည်နှင့်အတူတူနေသလိုဖြစ်မည်"ဟု ခွန်းမာတ်ရ်ကိုဘန်းက ပြင်းပြင်းထန်ထန် သတိပေးလိုက်သည်။

၁၉၉၀ ရွေးကောက်ပွဲတွင် ဖားဆောင်းမြို့နယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအမတ်အဖြစ် အနိုင်ရသူ စောတာရှူးတူးက ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို လျစ်လျူရှုထားသော လမ်းပြမြေပုံသည် ပြည်သူလူထုကိုကျွန်ပြုရန်လုပ်ဆောင်ခြင်းဖြစ်သည်ဟုပြောသည်။

စောတာရှူးတူးသည် တစည‌ပါတီ၏ တပ်မတော်၏လုပ်ငန်းစဉ်များအပေါ် အပြည့်အဝပူးပေါင်းဆောင်ရွက်ရေး၊ လမ်းပြမြေပုံကိုထောက်ခံရေး တရားဝင်မူဝါဒကြောင့် သမိုင်းတရားခံအဖြစ်မခံဘဲ လမ်းပြမြေပုံကြေညာအပြီးတွင် လွတ်မြောက်နယ်မြေသို့ ထွက်ခွာလာကာ စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် "အုတ်တချပ်၊ သဲတပွင့်" အဖြစ်လိုက်ပါ ဆောင်ရွက်နေသူဖြစ်သည်။

သတင်းစာရှင်းလင်းပွဲသို့ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့မှ ၁၉၉၆ ခုနှစ်အထိ အမျိုးသားညီလာခံသို့ ကရင်ပြည်နယ်တိုင်းရင်းသားအစုအဖွဲ့ကိုယ်စားလှယ် (၉) ဦးအနက်တဦးဖြစ်ခဲ့သူ စောအယ်ဒီထွေး၊ ၁၉၉၃ ခုနှစ်တွင် ကယားပြည်နယ်မှ လယ်သမားအစုအဖွဲ့ကိုယ်စားလှယ်အဖြစ် အတင်းအကြပ်စေလွှတ်ခြင်းခံရသူ ခူးရွေးရယ်နှင့် ၁၉၉၄ ခုနှစ်က အပစ်အခတ်ရပ်စဲခဲ့ပြီး လွန်ခဲ့သောလကမှ လက်နက်ကိုင်ပြန်လည်ဆင်နွှဲရန် ဆုံးဖြတ်ခဲ့သော ရလလဖ ဥက္ကဋ္ဌ ခွန်တိဆောင်တို့လည်း တက်ရောက်ခဲ့ကြပြီး နအဖ၏အမျိုးသားညီလာခံသည် ကြိုတင်စီစဉ်ထားသော "စာတမ်းဖတ်ပွဲ" ဖြစ်သည်ဟု ဝေဖန်ခဲ့ကြသည်။

သတင်းဌာနတဒါဇင်ကျော်မှ သတင်းထောက်များနှင့် အထူးဧည့်သည်တော်များ စုစုပေါင်း (၁၀၀) နီးပါးတက်ရောက်သော သတင်းစာရှင်းလင်းပွဲတွင် စောအယ်ဒီထွေးက "ဖွဲ့စည်းပုံက ၁၉၉၃၊ ဇန်နဝါရီလ (၉) ရက်ကတည်းက အတည်ပြုပြီးသားပဲ"ဟု ပြောသည်။

ရလလဖဥက္ကဋ္ဌ ခွန်တိဆောင်က "ဆက်တက်တဲ့လူတွေက ဆက်တက်မယ်ဆိုရင် လိုချင်တာကိုရအောင်လုပ်ကြ။ ဒါပေမယ့် ကျနော်ထင်တယ် မရဘူး။ ထွက်သာ ထွက်" ဟု ညီလာခံတက်ရောက်မည့် အခြားငြိမ်းအဖွဲ့များအား သတင်းစာရှင်းလင်းပွဲမှတဆင့် အမှာစကားပါးသည်။

ခွန်တိဆောင်သည် ၂၀၀၅ ခုနှစ်တွင် ကျင်းပသော အမျိုးသားညီလာတွင် (၇) ပြည်နယ်ကိစ္စကို တင်ပြရန်လုံးပန်းခဲ့သော်လည်း စာတမ်းဖတ်ကြားခွင့်မရဘဲ ၂၀၀၆ ခုနှစ်၊ ညီလာခံတွင် နအဖက ဖိတ်ကြားခံကိုယ်စားလှယ်အဖြစ်မှ ဖယ်ရှားခဲ့သည်။

ရလလဖအနေသည် အပစ်အခတ်ရပ်စဲထားသည့် (၁၃) နှစ်တာကာလအတွင်း ဒီမိုကရေစီရေး၊ တိုင်းရင်းသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရေး မျှော်လင့်ချက်များကို နအဖနှင့်ဆွေးနွေးခွင့်မရခဲ့သဖြင့် လက်နက်ကိုင်တော်လှန်ရေး ဆက်လက်ဆင်နွှဲမည်ဖြစ်ကြောင်း ဇွန်လ (၁၀) ရက်နေ့တွင် ကြေညာခဲ့သောအဖွဲ့ဖြစ်သည်။

၎င်းအတောအတွင်း အပစ်အခတ်ရပ်စဲအဖွဲ့တဖွဲ့ဖြစ်သော မွန်ပြည်သစ်ပါတီသည်လည်း နအဖ၏ အမျိုးသားညီလာခံအပေါ် အယုံအကြည်မရှိတော့သဖြင့် ညီလာခံသို့ တက်ရောက်နေသော ကိုယ်စားလှယ်အဖြစ်မှ လေ့လာသူအဖြစ်သာ အဆင့်လျှော့ချ တက်ရောက်ခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေး ပြန်လည်ဆင်နွှဲရေး၊ မနွှဲရေးကိစ္စကို ကံသေကံမ မပြောနိုင်သေးဟု မွန်ပြည်သစ်ပါတီ သတင်းဌာနများသို့ ပြောကြားထားသည်။

နိုင်ငံတကာနှင့် ပြည်တွင်းပြည်ပဒီမိုကရေစီအင်အားစုများက အတုအယောင်ညီလာခံအဖြစ်သတ်မှတ်ထားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းအမျိုးသားဒီမိုကရေစီချုပ်တို့က သပိတ်မှောက်ထားသော ညီလာခံသည် ဇူလိုင်လ (၁၈) ရက်နေ့တွင် ပြန်လည်စတင်သည်။ ယခုညီလာခံသည် (၁၄) နှစ်ကြာလာပြီဖြစ်သော ညီလာခံ၏ နောက်ဆုံးအဆင့်ဖြစ်သည်ဟု နအဖကကြေညာထားသည်။

ပြည်ပအခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးကောင်စီက စစ်အုပ်စုသည် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရပါတီကို နည်းမျိုးစုံဖြင့် နှိပ်ကွပ်နေခြင်း၊ အတိုက်အခံခေါင်းဆောင်များကို နှစ်ရှည်ထောင်ဒဏ်ချမှတ်ခြင်း၊ လူမျိုးစုဒေသများတွင် တိုင်းရင်းသားအိုးအိမ်မဲ့များပြားလာနေခြင်းများကို ထောက်ပြပြီး အဆိုပါတရားမဲ့လုပ်ရပ်များကို အဆုံးမသတ်ဘဲ အတုအယောင်ညီလာခံကိုအဆုံးသတ်ရန်ပြင်ဆင်နေခြင်းသည် အနာဂတ်တွင် ပြည်သူတရပ်လုံးကိုစစ်ကျွန်ပြုရန် နအဖ၏ ကြိုးပမ်းမှုသက်သက်ဖြစ်သည်ဟု ထောက်ပြဝေဖန်သည်။

❖

၂၀၀၇ ခုနှစ်၊ (၁၄) ဇူလိုင်တွင် ထိုင်း–မြန်မာနယ်စပ်တနေရာမှာ ကျင်းပခဲ့သည့် အတုအယောင်အမျိုးသားညီလာခံအကြောင်း သတင်းစာရှင်းလင်းပွဲသည် ယခင်သတင်းစာရှင်းလင်းပွဲများနှင့်မတူဘဲ တမူထူးခြား၍နေသည်။ အားလုံးသောကိုယ်စားလှယ်များသည် တိုင်းရင်းသားများဖြစ်ကြပြီး မီဒီယာတွင် စကားပြောနေကျ ကိုယ်စားလှယ်များမဟုတ်ကြပေ။ သူတို့အားလုံးက နအဖကကျင်းပပေးနေသည့် ညောင်နှစ်ပင်ညီလာခံအား “အစစ်အမှန်ညီလာခံ” အဖြစ် သဘောမတူနိုင်ရသည့် အဓိကအကြောင်းများကို သူတို့ ညီလာခံတက်ခဲ့သည့် အတွေ့အကြုံများကိုအခြေခံကာ တင်ပြသွားကြခြင်းဖြစ်သည်။

ကရင်တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်တော်တဦးဖြစ်သူ စောအယ်ဒီထွေးက နဝတ (နအဖအား ယခင်ကအသုံးအနှုန်း) ၏ ဖိအားပေးမှုကြောင့် ပြည်သူကရွေးကောက်သည့် ကိုယ်စားလှယ်မဟုတ်ဘဲ ညီလာခံတက်ခဲ့ရသည့်အတွက် သူ့လိပ်ပြာသူမလုံသည့်အတွက် အခုလို လာရောက်ဖွင့်ဟဝန်ခံရခြင်းဖြစ်ပြီး မဆလ၊ နအဖတို့၏ ဂုဏ်သိက္ခာကိုသော်လည်းကောင်း၊ ညောင်နှစ်ပင်တွင်ရေးဆွဲနေသည့် ညီလာခံနှင့် အခြေခံဥပဒေတို့ကိုလည်းကောင်း အပုပ်ချပြီး တဖက်သားထိခိုက်အောင် တင်ပြသွားမှာမဟုတ်၊ တကယ်ဖြစ်ပျက်ခဲ့သည့် အမှန်တရားများကိုသာ တင်ပြသွားမှာဖြစ်ကြောင်း ပထမဆုံးပြောလေသည်။

“တကယ်တော့ ၁၉၉၃ ဇန်နဝါရီလ (၉) ရက်နေ့ကတည်းက အခြေခံဥပဒေဟာ အလိုအလျောက် သူ့ဖာသာသူ အတည်ပြုပြီးဖြစ်နေပါပြီ” ဒီကွန်ဖရင့်ကြီးက အားလုံးက Make up လုပ်ထားပြီးသားပဲ။ ကျနော်တို့ကတော့ စစ်အစိုးရရွေးချယ်တဲ့ ကိုယ်စားလှယ်အနေနဲ့သွားကတည်းကိုက ဘယ်သူက အဆိုတင်သွင်း၊ ဘယ်သူက ထောက်ခံဆိုတာ ပေးထားပြီးသား၊ မဆလခေတ်က အစည်းအဝေးအတိုင်းပဲ စာတမ်းကို တယောက်ဖတ်မယ်။ တယောက်က ထောက်ခံမယ်။ ပြီးရင် အတည်ပြုမယ်”

ထို ၁/၉၀ ၏ အပုဒ် (၁၂) တွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၃) တွင် “လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်”ဟု စစ်အုပ်စုမှ စာနှင့်ပေနှင့် တရားဝင်ထုတ်ပြန် ကြေညာခဲ့သော်လည်း ယခု ဥပဒေရေးဆွဲနေသူအားလုံးနီးပါးမှာ ပြည်သူမှရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များ မဟုတ်ကြပေ။

ထို့အပြင် သူတို့အနေနှင့် နိုင်ငံရေးသမားလည်းမဟုတ်၊ ဥပဒေပညာရှင်များလည်းမဟုတ်သောကြောင့် ညီလာခံအတွင်း၌ ညီအကိုများဖြစ်သည့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အဲန်အယ်လ်ဒီ စသည့် အင်အားကြီး၍ နိုင်ငံရေးရာ၌လည်း ပိုမိုကျွမ်းကျင်သည့်ပါတီကြီးများအပေါ်ကိုသာ အားကိုးအားထားပါကြောင်းကိုလည်း ထည့်သွင်းပြောသွားခဲ့သည်။

မဆလ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟောင်း) ၏အရိပ်မည်း ယခုတိုင် အုပ်မိုးခြင်းခံရကာ မျက်နှာငယ်နေရသဲ့ တစည ကိုယ်စားလှယ် စောတာရူးတူးက“ကြွရောက်လာတဲ့ကိုယ်စားလှယ်တော်ကြီးများက မိမိတို့ရဲ့အမြင်ကို စာရွက်မကိုင်ဘဲနဲ့ ပြောကြဆိုကြတယ်။ ကျနော့်အနေနဲ့ကတော့ ဆယ့်ခုနစ်နှစ် မဆလမှာ ဖြတ်သန်းလာရတဲ့ အလေ့အကျင့်တခုအနေနဲ့ စာဖတ်တဲ့အကျင့်က ကျနော့်ထံက ခွာချလို့မရသေးဘူးဆိုတာ မေတ္တာရပ်ခံချင်ပါတယ်” ဟု ပြောကာ နအဖ၏ အတုအယောင်ညီလာခံတွင် မိမိတို့သဘောဆန္ဒအရ ဥပဒေရေးဆွဲခွင့်ကို မရရှိခဲ့ဘဲ စစ်အုပ်စု၏အလိုကျ ချပေးသည့်အချက်များကိုသာ ဖိအားပေးအတည်ပြုခိုင်းခြင်းခံနေရသည့်အတွက် သမိုင်းတရားခံမဖြစ်လိုသည့်အတွက် နယ်စပ်ဒေသသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ရပါကြောင်း ဖွင့်ဟဝန်ခံသွားခဲ့သည်။



ခွာညို

# ဗမာပြည်အနာဂတ်ကို လှောင်အိမ်ထဲထည့်ကာစားနေတဲ့ စစ်အုပ်စု

> တိုင်းပြည်ရဲ့ အစစ်အမှန် အာဏာပိုင်ရှင်အစစ်အမှန်ဟာ ပြည်သူလူထုပဲဖြစ်ပါတယ်။
> ဒါကြောင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ ပြည်သူလူထုများပိုင်ဆိုင်ထားတဲ့
> တိုင်းပြည်အာဏာကို အဲန်အယ်လ်ဒီပါတီကို (၈၀) ရာနှုန်းကျော် ယုံကြည်စိတ်ချစွာ
> လွှဲအပ်ထားပြီးဖြစ်ပါတယ်။

“တိုင်းပြည်ရဲ့ အစစ်အမှန်အာဏာပိုင်ရှင် အစစ်အမှန်ဟာ ပြည်သူလူထုပဲဖြစ်ပါတယ်။ ဒါကြောင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ ပြည်သူလူထုများပိုင်ဆိုင်ထားတဲ့ တိုင်းပြည်အာဏာကို အဲန်အယ်လ်ဒီပါတီကို (၈၀) ရာနှုန်းကျော် ယုံကြည်စိတ်ချစွာ လွှဲအပ်ထားပြီးဖြစ်ပါတယ်။ တဆက်တည်းမှာ နဝတဟာ အဲန်အယ်လ်ဒီပါတီကို တိုင်းပြည်အာဏာလွှဲအပ်ပေးခြင်းမှတပါး အခြားတရားဝင်နည်းလမ်းမရှိ” ကြောင်းကိုလည်း ခြွင်းချက်မရှိ ထောက်ခံပြောကြားသွားသည်။

သတင်းစာရှင်းလင်းပွဲမတိုင်မီ တရက်ကမှ ထိုင်းနိုင်ငံသို့ရောက်လာခဲ့သူ အဲန်အယ်လ်ဒီအမတ်လည်းဖြစ်၊ ပအိုဝ်အမျိုးသားလည်းဖြစ်သူ ခွန်မြင့်ထွန်းက အဲန်အယ်ဒီမှာ ပူးပေါင်းဆောင်ရွက်ရေးမူဆိုတာရှိတဲ့အတွက် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ခဲ့တယ်။ ပူးပေါင်းဆောင်ရွက်လို့မရတဲ့အခါ ညီလာခံကထွက်ခဲ့ရတာဖြစ်ပါတယ်ဟု ပြောခဲ့သည်။ တဆက်တည်းမှာပင် ....

“၂၀၀၄ မှာ ညီလာခံကို တက်ရတဲ့အခါမှာ အတော်များများက ထင်နေကြတာက ၁၉၉၃ ညီလာခံနဲ့ ၂၀၀၄ ညီလာခံ အတူတူပဲလို့။ ကျနော့်အမြင်မှာတော့ မတူဘူး။ ဘာမတူလည်းဆိုတော့ ၁၉၉၃ ညီလာခံဟာ ၁/၉၀ အရကျင်းပတာဖြစ်တဲ့အတွက် လွှတ်တော် ဆိုတာရှိတယ်။ ၂၀၀၄ ညီလာခံမှာကျတော့ လွှတ်တော်ကို ညီလာခံနဲ့အစားထိုးပြီးတော့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အပြီးချေဖျက်ဖို့ ဦးတည်ထားတာကို တွေ့ရတယ်”ဟု ပြောသည်။

တိုင်းပြည်တပြည်တွင် ဒီမိုကရေစီပေါ်ထွန်းရန်အတွက် ရွေးကောက်ပွဲနှင့် လွှတ်တော်က အဓိကဖြစ်သောကြောင့် ၁၉၉၀ ရွေးကောက်ပွဲအား အကောင်အထည်မဖော်တော့ဘူးဆိုလျှင် ရွေးကောက်ပွဲလုပ်ပြီးမှ လွှတ်တော်မခေါ်ဘူးဆိုသည့် အလွန်ရိုင်းသည့် အစဉ်အလာတခု မြန်မာမှာသာမက ကမ္ဘာ့ရာဇဝင်မှာပါရိုင်းတော့မည်ဟု ခွန်မြင့်ထွန်းက ဆက်ပြောသွားသည်။

၁/၉၀ ကိုမှ လက်မှတ်မထိုးလျှင် ပုဂ္ဂိုလ်ရေးအရ အရေးယူမည်၊ ပါတီကိုဖျက်ပစ်မည်ဖြစ်ကြောင်းသိရှိပါသည် စသည်ဖြင့် အမျိုးသားထောက်လှမ်းရေးအဖွဲ့မှ ရွေးကောက်ပွဲတွင် အနိုင်ရပါတီအားလုံးအား လက်မှတ်များရေးထိုးစေခဲ့ကြောင်းကိုလည်း အန်အယ်လ်ဒီမှ ကြေညာချက်အမှတ် (၃၀/၉၀) ဖြင့် ၁၉၉၀ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်တွင် ပြည်သူအားအသိပေးထားခဲ့ပြီးဖြစ်သည်။

“အခုတော့ ၁/၉၀ ကိုဆန့်ကျင်ပြီး Road Map (လမ်းပြမြေပုံ) ကို ပြဋ္ဌာန်းတယ်။ ဒါဆိုရင် ကိုယ်ဖော်တဲ့ဆေး ကိုယ်မသောက်ရဲတဲ့ စစ်အစိုးရလက်ထဲမှာ၊ ကိုယ်ထုတ်တဲ့ဥပဒေကိုယ်ပြန်မလိုက်နာရဲတဲ့ စစ်အစိုးရလက်ထဲမှာ ကျနော်တို့က ဒီမိုကရေစီဘယ်လိုဖော်ဆောင်မလဲဆိုတာ စဉ်းစားကြည့်ပါ” ဟု မေးခွန်းထုတ်လိုက်သည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က “အာဏာပိုင်တွေဟာ မိမိတို့သဘောမကျတဲ့ ရွေးကောက်ပွဲရလဒ်တွေဆိုရင် လျစ်လျူရှုလိုက်၊ လိုချင်တဲ့ရလဒ် ဖြစ်လာနိုးနိုး ရွေးကောက်ပွဲအသစ်တွေကို ကျင်းပလိုက် လုပ်နေမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့အနာဂတ်နဲ့ ကစားရာရောက်ပါလိမ့်မယ်။ တိုင်းပြည်ရဲ့အနာဂတ်ဆိုတာ ကစားရမယ့်အရာ မဟုတ်ပါဘူး။ တလေးတစားနဲ့ စောင့်ရှောက်သွားရမယ့်အရာသာဖြစ်ပါတယ်” ၁၉၉၈ ခုနှစ်၊ မေလ (၂၈) သူမစကားပြောခွင့်ရခဲ့စဉ်ကာလများအတွင်းတွင် ဤသို့ဝေဖန်ပြောကြားထားခဲ့သည်။

ညီလာခံကိုယ်စားလှယ်ဖိတ်ကြားပုံ နည်းမှန်လမ်းကျမဟုတ်ခဲ့ခြင်းကိုတော့ လယ်သမားမဟုတ်ပါဘဲ လယ်သမားကိုယ်စားလှယ်အနေနှင့်ဖိအားပေးကာ တက်စေခိုင်းခြင်းခံရသူ အငြိမ်းစား မူလတန်းကျောင်းအုပ်ဆရာကြီး ခူးရွေးရယ်က ဖွင့်ဟသွားသည်။

“ကျနော်က လယ်သမားတယောက် မဟုတ်ပါဘူး။ နိုင်ငံရေးလည်း မသိဘူး။ ဥပဒေအကြောင်းလည်း နားမလည်ဘူး။ ဒါကြောင့် မတက်နိုင်ဘူး။ မတက်ပါဘူးလို့ပြောပါတယ်။ အဲဒီတော့ သူတို့က ခင်ဗျားက ကယားပဲ။ ကယားပြည်နယ်၊ ကိုယ့်ကယားလူမျိုးတွေအတွက် ဒါလောက်တောင်မှ အလုပ်အကျွေးမပြုနိုင်ဘူးလား။ အနစ်နာမခံနိုင်ဘူးလားလို့ အတင်းအကျပ်ပြောဆိုလာတဲ့အပေါ်မှာ သိပ်လည်းမကြာပါဘူး အလွန်ဆုံးကြာရင် (၆) လ၊ (၇) လပဲ ဆိုတဲ့အပေါ်မှာ ကျနော်က မတတ်သာလို့တက်ခဲ့ရပါတယ်”

ညီလာခံသည် သူ့အတွက် အလွန်ပင်ခက်ခဲခဲ့သည်။ ဥပဒေဆိုင်ရာ တွေးခေါ်မြော်မြင်မှုများသူ့တွင်မရှိ။ ဆွေးနွေးခိုင်းသည့်ခေါင်းစဉ်များအပေါ်တွင် ဆွေးနွေးနိုင်ရန် စာအုပ်စာပေများကို အားကိုးလိုက်မည်၊ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဆွေးနွေးလိုက်မည်ဟူ၍ အားခဲထားသမျှမှာ ညီလာခံရောက်သည်နှင့် သဲထဲရေသွန်သလို ကွယ်ပျောက်ခဲ့ရသည်။

“ကျနော်တို့ပြုစုတဲ့စာတမ်းက ခဏခဏ တည်းဖြတ်ခံရတယ်။ ဒါလေးတော့ ဒီလိုပြုပြင်ပေးလိုက်ပါအုံး။ ဒီလိုပြန်ရေးပေးပါအုံး။ ဆိုင်ရာကနေ ကျနော်တို့ရဲ့စာတမ်းကို အခါခါအလီလီပေါ့ တည်းဖြတ်တယ်။ ကျနော်တို့နားလည်တာက သဘာပတိကြီးက ရှင်းပြသွားတဲ့အတိုင်း ကျနော်တို့ကိုယ်စားလှယ်တွေက စာတမ်းပြုစုရမယ်။ ဆွေးနွေးရမယ်။ ဒါပေမယ့် သူတို့လိုချင်တာကတော့ ရှိပြီးသား၊ အဲဒီ ရှိပြီးသားအတိုင်းကို မရောက်မချင်း ကျနော်တို့ကို ဝိုင်းပြီးမှ ထောက်ခံခိုင်းတယ်”

ဆရာကြီး ခူးရွေးရယ်က ညီလာခံသို့ ဥပဒေရေးဆွဲရန်ဖိတ်ကြားခံရသူ လယ်သမားအများစုမှာ စာမတတ်ကြ၍ အသိဉာဏ်မှာ အားနည်းကြကြောင်း၊ ထို့ကြောင့် လယ်သမားက လယ်သမားကဏ္ဍကို ဆွေးနွေးသည်ဆိုရာ၌ ထိရောက်နိုင်မည်မဟုတ်ကြောင်းအား အသိပေးသင့်သည်ထင်၍ တင်ပြခြင်းဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသွားသည်။

ဤသတင်းစာရှင်းလင်းပွဲတွင် ဝါရင့်နိုင်ငံရေးသမား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများက ရှေ့ဆုံးတန်းမှာ အမျိုးသားဝတ်စုံများကိုဝတ်လျက်၊ အသက်အငယ်ဆုံး အမတ်နှင့် ကျနော်တို့က ပြည်သူရွေးကောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မဟုတ်ရပါဘူးဟု ရိုးရိုးကြီး ချပြောပြနေသည့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အညီလာခံအတူဝင်ခဲ့ဖူးကြသည့် ညီအကိုတော်များကို အားရပါးရလက်ခုပ်တီးကာ အားပေးနေခြင်းအား စိတ်ကြည်နူးဖွယ်တွေ့မြင်ခဲ့ရသေးသည်။

နောက်တခါ ရိုးရိုးကြီးနှင့် အားပါးတရ ပြောလိုက်သူမှာကား ရှမ်းပြည်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) ၏ ဒုဥက္ကဋ္ဌလည်းဖြစ်၊ ညီလာခံအတွင်း၌လည်း အပစ်ရပ်အဖွဲ့များ၏ ကိုယ်စားလှယ်အနေနှင့် တက်ရောက်ဆွေးနွေးခွင့်ရခဲ့သူ၊ အမျိုးသားညီလာခံသို့ စေ့စပ်ရေးဖြစ်နိုးနိုး သွားတက်ခဲ့သူ ရှမ်းအမျိုးသားကြီး ခွန်တိဆောင်ဖြစ်သည်။ သူက ....

“ကျနော်တို့စစ်ကိုမုန်းတယ်။ စစ်ကိုမုန်းလို့စစ်သားလုပ်တယ်။ အခု စစ်ကိုမုန်းလို့ စစ်တိုက်ရမယ်။ ဒါပဲ”ဟု စိတ်လှုပ်ရှားတက်ကြွစွာဖြင့် ပြောခဲ့လေသည်။

ယခု ဆယ်ကြိမ်မြောက်နှင့် နောက်ဆုံးအကြိမ်ညီလာခံအပြီးတွင် ကျင်းပပေးတော့မည့် ပြည်သူ့ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ ပြည်သူလူထု၏ မျှော်လင့်ချက်အမျိုးမျိုးနှင့် ပတ်သက်၍ ခွန်မြင့်ထွန်းက “လူတွေက ထွက်ပေါက်တံခါးဖွင့်ပေးတယ်လို့ ထင်နေကြတယ်။ ကျနော့်အမြင်ကတော့ စနစ်တခုကနေတခုကို ပြောင်းမယ့်တံခါးမဟုတ်ဘဲ လှောင်အိမ်တခုကနေ နောက်လှောင်အိမ်တခုကို ပြောင်းမယ့်တံခါးပဲဖြစ်တယ်လို့ မြင်မိတဲ့အတွက် ဒီသတင်းစာရှင်းလင်းပွဲကိုလုပ်ရခြင်းဖြစ်ပါတယ်”ဟု ပြောသွားခဲ့လေသည်။

ခွာညို
၂၃၊ ဇူလိုင်၊ ၀၇

❖

လွတ်လပ်ရေးရရှိခဲ့သော်လည်း ရှမ်းပြည်နှင့်ကရင်ပြည်တို့တွင် ပဒေသရာဇ်စနစ်သည် ဆက်လက်ကျန်ရှိနေသေးသောကြောင့် စောဖျာများနှင့် တိုက်ပွဲဆင်နေရသေးသည်။ မိမိ၏လက်တွဲဘက် ရှမ်းပြည်မှ ရပလရဲဘော်များ စော်ဘွားပုလိပ်တပ်နှင့် အစိုးရတပ်များ၏ ညှပ်ပိတ်ချေမှုန်းခံရသောအချိန် ၁၉၄၉ တွင် ရှမ်းပြည်မှ ပြည်သူ့ရဲဘော်များ တောခိုသောအခါ လွိုင်ကော်ရှိ ကိုချမ်းသာတို့လင်မယားနှစ်ဦးလည်း မရှေးမနှောင်းမှာပင် တောခိုကုန်ကြသည်။ တောတွင်း၌ ဆင်းရဲသည့်ဒုက္ခကိုခံနေရသောအချိန်မှာပင် သားဦးဖြစ်သူ မောင်စိုးဝင်း (ဒီဇင်ဘာလဖွား၊ အငြိသား) ကို ခင်မင်သောသူလက်ထဲသို့ ပေးလိုက်ရသည်။ ဒုတိယသားငယ်ကိုလည်း ၁၉၅၁ ခုနှစ်တွင်မွေးဖွားခဲ့ပြီး အခြားသူထံ ပေးလိုက်ရပြန်သည်။ ဖခင်ဖြစ်သူ ကိုချမ်းသာသည် ၁၉၅၂ ခုနှစ်တွင် အစိုးရတပ်များနှင့် ဖြစ်ပွားသောတိုက်ပွဲတွင် ကျဆုံးခဲ့လေသည်။

မမြသီသည် ကိုချမ်းသာမရှိသည့်နောက်ပိုင်း တော်လှန်ရေးတွင် ဆက်လက်တိုက်ပွဲဝင်ခဲ့ပြီး ပဒေသရာဇ်စော်ဘွားများ အာဏာစွန့်သော ၁၉၅၉ ခုနှစ်ကုန်တွင် အလင်းဝင်ရောက်ခဲ့သည်။ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ မြို့ပတ်လမ်းအရှေ့၊ အစိုးရဆန်ဂိုဒေါင်အနီးရှိနေအိမ်တွင် ဆွေမျိုးများနှင့်အတူနေထိုင်သွားခဲ့သည်။ မကွယ်လွန်မီအချိန်အထိ လုပ်ဖော်ကိုင်ဖက် ရပလရဲဘော်ဟောင်းများဖြစ်ကြသော ဦးထွန်းမြင့် (တောင်ကြီး)၊ ဦးခွန်ထီး (ပင်လုံ) (သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၏အဖိုး)၊ ဦးရွှေအုံးတို့ ၁၉၈၉ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်သော ရှမ်းပြည်တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (ရတဒဖ) ဌာနချုပ်တည်ရှိရာ (ရေထွက်ဦးလမ်း၊ ကန်ရှေ့ရပ်ရှိ ဆီဆိုင်စော်ဘွား စပ်ခွန်ကြည်သမီး စဝ်မြဝင်းပိုင်အိမ်) သို့ မကြာခဏသွားရောက်ကာ အားပေးကူညီခဲ့သည်။ လွန်ခဲ့သော နှစ် (၄၀) ကျော်အချိန်က ပထမပင်လုံညီလာခံတွင် ဟောပြောခဲ့သော ဦးထွန်းမြင့် (တောင်ကြီး) နှင့်ဦးခွန်ထီး (ပင်လုံ) တို့၏ ပြောကြားချက်များကို မမေ့နိုင်ဘဲ ပြန်ပြောင်းပြောပြနေတတ်သည်။ ကွယ်လွန်ခါနီးအချိန်ထိ စစ်ဘက်တွင် ရာထူးကြီးရနေသော သားကြီးနှင့်သားငယ်ကို ဆက်သွယ်အကြောင်းကြားခြင်းမရှိခဲ့ပေ။ ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရသည်။

*(ရပလဝ ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့၊ ၁၉၄၆ ခုနှစ် ပထမပင်လုံညီလာခံအပြီး ဖွဲ့စည်းခဲ့သော ရှမ်းပြည်၏ ပထမဆုံးနိုင်ငံရေးအဖွဲ့၊ ဒုတိယပင်လုံညီလာခံတွင် ပင်လုံစာချုပ်ဖြစ်ပေါ်လာရေးအတွက် တောင်တန်းပြည်မပူးပေါင်းရေးကို အဓိကအခန်းမှ ပါဝင်ကူညီခဲ့သည်။ စာရေးသူ)*

**အလာကောင်းသော်လည်း အခါနှောင်းပြီ**

ဝန်ကြီးချုပ်ဘဝရောက်မှ မိမိဘဝအမှန်ကို တစွန်းတစသိရှိနေပြီဖြစ်သော ပါတနာ တယောက် လွမ်းဆွတ်သတိရမှုတို့ဖြင့် ဇာတိမြေ ကရင်နီဒေသ (ယခုအခေါ် ကယားပြည်နယ်) သို့ ၂၀၀၄ ခုနှစ်တွင် ရောက်ရှိလာခဲ့သည်။ လွိုင်ကော်မြို့ တိုးတက်ဖွံ့ဖြိုးရေးကို အနည်းငယ်လုပ်ပြသွားသည်။ လွိုင်ကော်တောင်ဘက် (၁–မိုင်ခွဲ) အကွာတွင်ရှိသော မြကလပ်တောင်ပေါ်တွင် ဘုရားထီးတော်တင်လှူသွားပြီး ဘုရားကို (၂၄) နာရီ အချိန်ပြည့် မီးထွန်းညှိပူဇော်ရန် အမိန့်ပေးခဲ့သည်။ *(မြကလပ်တောင်သည် စစ်ရေးအမြင်အရ ကရင်နီလက်နက်ကိုင်အဖွဲ့ (KNPP) အတွက် လွန်စွာအရေးပါသည်။ မကြာခဏဆိုသလို မြကလပ်မှနေ၍ လက်နက်ကြီးဖြင့် လွိုင်ကော် (ဒကစ) ဌာနချုပ်၊ ထောက်လှမ်းရေးရုံးနှင့် ခလရ (၅၄) များကို ပစ်ခတ်လေ့ရှိသည်။ ထို့ကြောင့် တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို ဘုရားပွဲပြင်တာကိုအကြောင်းပြရင်း လျှပ်စစ်မီးထိန်ထိန်ထွန်းညှိကာ (KNPP) ၏ စစ်ရေးကိုဟန့်တားခဲ့သည်။ စာရေးသူ)*

မိဘ၏ လုပ်ဖော်ကိုင်ဖက် ရဲဘော်ဟောင်းများ သက်ရှိထင်ရှား ကျန်ရှိနေသေးကြောင်းသိရှိသောအခါ ရဲဘော်ဟောင်းများထံချဉ်းကပ်၍ လိုက်လံကန်တော့သည်။ ရန်ကုန်တွင် အေးအေးချမ်းချမ်းနေထိုင်နိုင်ရန် တိုက်ခန်းများဖြင့် ကန်တော့သော်လည်း တော်လှန်ရေးရဲဘော်ဟောင်းများက လုံးဝလက်မခံချေ။ မိမိ၏ သွေးသောက်ရဲဘော်၏ ရင်သွေးကိုမြင်ရ၍ ဝမ်းသာကြသော်လည်း ပကတိဖြစ်ပျက်နေသောအခြေအနေတို့ကြောင့် အော့နှလုံးနာမိကြသည်။ ထိုရဲဘော်ဟောင်းများထံ ကျနော်သည် ချဉ်းကပ်သောအခါ တော်လှန်ရေးရဲဘော်ဟောင်းများက "ဒီလူရဲ့ ကလေးဘဝကိုတွေးကြည့်ရင် အင်မတန်သနားစရာကောင်းပါတယ်။ သူ့အမေ သောက်သုံးမကျတာလည်းပါတယ်။ ဘဘတို့ကိုထိုင်ကန်တော့တုန်းကဆိုရင် သူ့မျက်နှာမှာ မျက်ရည်ကျနေသလို ဘဘတို့လည်း ရင်ထဲကိုဆို့တက်လာတယ်။ ဒါပေမယ့် သူ့လက်ရှိ စရိုက်က မိဘအရင်းစရိုက်နဲ့ လုံးဝခြားနားသွားပြီမို့ ဘဘရဲ့ဝမ်းနည်းစိတ်ဟာ လွင့်ပြယ်သွားပါတယ်။"ဟု ကျနော့်ကို ပြောပြဖူးသည်။

**အပယ်ခံဆိုသည်မှာ ...**

၂၀၀၃ ခုနှစ်၊ မေ (၃၀) ဒီပဲယင်း

**မင်းလွင်**
**(ရှမ်းပြည်)**

လုပ်ကြံမှုအပြီးတွင် ပါတနာသည် အဓိကအမိန့်ပေးကြိုးကိုင်သူဟု သတင်းများထွက်ပေါ်လာသောအခါ ကျနော်တို့တောင်တန်းသားများအားလုံး ဒေါသထွက်ကုန်ကြသည်။ "ဒို့တိုင်းရင်းသားဖြစ်လို့ကတော့ ဒီကောင့်ကိုအမှုန့်ချေပြီး စာရင်းကနေ ပယ်ပစ်မယ်" ဟု ကျိုးဝါးကြသူများလည်းရှိသည်။ တကယ်တော့ ပါတနာဟာ ဗမာမဟုတ်ပါ။ တောင်တန်းသား၊ အင်းသားလူမျိုး စစ်စစ်ဖြစ်ပါသည်။ အင်းတိုင်းရင်းသားသာမက တောင်တန်းသားအဖြစ်ကပါ ပစ်ပယ်ဖို့ရန် ပါတနာကို သူ့အကုသိုလ်ဒုစရိုက်က ဖန်တီးခဲ့လေပြီ။

ကျနော်တို့တောင်တန်းဒေသတွင် ဓလေ့ထုံးစံတခုရှိသည်။ ရွာတရွာတွင် ဆိုးသွမ်း၊ မိုက်မဲ၊ မူးယစ်ရမ်းကားသူကို ဆုံးမ၍မရသည့်အခါ 'ရွာမှပယ်မည်' ဟု သတိပေးတားမြစ်လျှင် ထိုသူသည် လူကောင်းဖြစ်ရန် ကြိုးစားလာပါသည်။ ရွာမှပယ်သည်ဆိုသည်မှာ ပြောဆိုဆုံးမ၍မရသည့် လူမိုက်သည် သေဆုံးခဲ့သော် သံဃာတော်များမှ တရားမနာခြင်း၊ လူထုက လိုက်လံပို့ဆောင်ခြင်း မပြုခြင်းဖြစ်သည်။ လူ့အသိုင်းအဝိုင်းမှ ဖယ်ရှားလိုက်ခြင်းမျိုးဖြစ်သည်။

မြန်မာ့သမိုင်းတွင် ရာဇာဝင်တွင်သည့် လုပ်ကြံမှုမျိုး နှစ်ကြိမ်ရှိသွားလေပြီ။ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရမှုသည် ပထမဖြစ်ပြီး၊ ဒီပဲယင်းလုပ်ကြံခံရမှုသည် ဒုတိယဖြစ်သည်။ ကျနော်သည် ၂၀၀၆ ခုနှစ်၊ ဇွန်လဆန်းပိုင်းက မုံရွာတက္ကသိုလ်ရှိ သူငယ်ချင်းဖြစ်သူ (ဆရာမ) ထံ အလည်ရောက်ရှိသောအခါ (၅) ရက်နေခဲ့ပါသည်။ ယနေ့တိုင်မုံရွာရှိမိဘအချို့သည် မိမိတို့၏သားချင်းများသည် ဆိုင်ကယ်ဖြင့် ဒေါ်အောင်ဆန်း

# အပယ်ခံ
# တောင်တန်းသားတယောက်အကြောင်း

**နိုဂုံးပိုင်း**

တကယ်တော့ ပါတနာဟာ ဗမာမဟုတ်ပါ။ တောင်တန်းသား၊ အင်းသားလူမျိုး စစ်စစ်ဖြစ်ပါသည်။ အင်းတိုင်းရင်းသားသာမက တောင်တန်းသားအဖြစ်ကပါ ပစ်ပယ်ဖို့ရန် ပါတနာကို သူ့အကုသိုလ်ဒုစရိုက်က ဖန်တီးခဲ့လေပြီ ...။



စုကြည်၏ ဒီပဲယင်းခရီးစဉ်သို့ အတူလိုက်ပါသွားခဲ့ရာ ယနေ့အချိန်ထိ အိမ်ပြန်မရောက်လာသေးတာကို ပြန်လာနိုးနိုးဖြင့် လည်တဆန့်ဆန့် မျှော်နေကြသည်။ အချို့မှာ သားစိတ်ဖြင့် စိတ်ဝေဒနာသည်ဖြစ်ကုန်ကြသည်။ ဒီမြင်ကွင်းတွေကို သူငယ်ချင်းက လိုက်လံမိတ်ဆက်ပေးလို့ အတွင်းကျကျ သိခွင့်ရခဲ့သည်။ တောင်တန်းဒေသလိုမျိုးကို မဆိုထားဘိ ဥပဒေစိုးမိုးပါတယ်ဆိုတဲ့ အဖြူရောင်နယ်မြေမှာပင် အာဏာပိုင်ဂိုဏ်းချုပ် အလိုအကျ ပါတနာလက်လွန်ခဲ့လေပြီ။ ဒီလုပ်ကြံပွဲ၏ အဓိကတရားခံမှာ မိမိတို့တောင်တန်းသားစစ်စစ်ဖြစ်နေသည်ကို ကျနော်မီးမောင်းထိုးပြလိုက်ပါက ကရင်နီပြည်နယ်သားအဖြစ်ကသာမက တောင်တန်းသားအဖြစ်ကပါ စွန့်ပယ်ကြပေလိမ့်မည်မှာ မလွဲကေန်ပင်တည်း။

**ဝဋ်ကြွေးရှိသမျှ ကျေပါစေတော့ ...**

ကျနော်မေးမြန်းဖူးသည့် ဦးချမ်းသာ၏ အချစ်ဆုံးသူငယ်ချင်း ပြည်သူ့ရဲဘော်ဟောင်းတဦးက "မြသီဟာ ဒီကလေးကို ဂရုတစိုက်မွေးမြူခဲ့ရင် မောင်စိုးဝင်းဟာ သားတို့နဲ့ လက်တွဲဖော်ရဲဘော်တွေဖြစ်နေလောက်ပြီ။ ခုတော့ သားတို့က ပြိုကွဲနေတဲ့ ပြည်ထောင်စုကို တည်ဆောက်ဖို့ကြိုးစားနေပေမယ့် ဒီကောင်တွေအဖွဲ့ကတော့ ပြည်ထောင်စုကို ပျက်အောင်လုပ်နေတယ်ကွ" ဟု ပြောခဲ့ပါသည်။

မရှိတော့တဲ့ ပြည်ထောင်စုကို တည်ဆောက်ဖို့ကြိုးစားကြသော "ရှမ်းပြည်အတိုင်ပင်ခံကောင်စီ"သည် ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ (၇) တွင် ဖျက်ဆီးခံလိုက်ရပြီး ကျနော့် ရဲဘော်ရဲဘက်များဖြစ်သော ခေါင်းဆောင်များအားလုံးကို ထိုနှစ် နိုဝင်ဘာ (၅) ရက်တွင် အင်းစိန်ထောင်အထူးတရားရုံးမှ ထောင်ဒဏ်ချမှတ်စီရင်ခဲ့သည်။ ရှမ်းမျိုးဆက်သစ်အဖွဲ့ခေါင်းဆောင် ရဲဘော်မြင့်သန်းဆိုလျှင် သံတွဲထောင်တွင် ကျဆုံးခဲ့လေပြီ။ ရဲဘော်ထွန်းညို (ဘူးသီးတောင်ထောင်) ဆိုလျှင် သွားများမရှိတော့ပါ။ ဆန်ပြုတ်ကိုသာ မျိုချနေရပါသည်။ မြင်းခြံထောင်မှ ရဲဘော်စိုင်းမျိုးဝင်းထွန်းကတော့ ချောင်းဆိုးတိုင်းသွေးပါရာမှ ယခုနောက်ဆုံးစိတ်ဖောက်ပြန်စပြုနေပါပြီ။ ပူတာအိုထောင်မှ ခွန်ထွန်းဦးသည် အင်မတန်ပိန်ချုံးသွားပါသည်။ လက်ရှိရုပ်ပုံကိုသာ မြင်ရသူတိုင်းမှတ်မိမည်မထင်ပါ။ ခန္တီးထောင်မှ ရဲဘော်ဆေထင်သည် မျက်စိရောဂါရနေပြီး ကြာလျှင်မျက်စိကွယ်သွားနိုင် (သို့) မှုန်သွားနိုင်ပါသည်။ ယခုလည်း ကျနော်တို့နှင့် မဆုံဆည်းခဲ့ရသော ပါတနာသည်လည်း စက်ဳပူဆေးရုံတွင် နောက်ဆုံးထွက်သက်ကို စောင့်နေရရှာသည်။

ရှမ်းပြည် မျိုးဆက်သစ်ဆိုသည်မှာ (ရပလ) ၏ မျိုးဆက်ဟုပြောလျှင် ပြောလို့ရပါသည်။ ထို့ကြောင့်လည်း ဒေါ်မြသီ၏ ဆွေမျိုးများသည် အကျဉ်းကျခံရှမ်းခေါင်းဆောင်များအတွက် အသနားခံစာတင်သွင်းရေးကို ကူညီပေးကြပါသည်။ နေပြည်တော်ရှိ အစ်ကိုဖြစ်သူ ဝန်ကြီးချုပ်ပါတနာထံ အကြောင်းကြားခဲ့ပါသည်။ ဒီကိစ္စကို ဗိုလ်သန်းရွှေနှင့် ဗိုလ်ရွှေမန်းတို့ လက်ထဲမှာရှိတာကြောင့် မိမိအနေဖြင့် ဘယ်လိုမှမတတ်နိုင်ကြောင်း ငွေကြေးလိုအပ်ပါက တိတ်တဆိတ်

● စာမျက်နှာ (၁၆) ကော်လံ (၄) သို့

## မြန်မာ့ကျူးကလီးယားအစီအစဉ်ကို အိုင်အေအီးအေက အတည်မပြု

မြန်မာနိုင်ငံ၏ နျူးကလီးယားအစီအစဉ်အတွက် နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) နှင့် စီစဉ်ဆောင်ရွက်ခြင်း လုံးဝမရှိကြောင်း အိုင်အေအီးအေက ဇူလိုင်လ (၁၅) ရက်နေ့တွင် ထုတ်ဖော်ပြောဆိုသည်။

အိုင်အေအီးအေအကြီးအကဲ မိုဟုမက်အီလ်ဘာရာဒေးက မလေးရှားနိုင်ငံသို့ရောက်ရှိနေစဉ် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် မြန်မာ့နျူးကလီးယားကိစ္စကို သူမသိရှိကြောင်း၊ မီဒီယာတွင် ဖော်ပြသောသတင်းများသည် မှန်းဆချက်များသာဖြစ်နေပြီး ခိုင်လုံသောအချက်အလက်များကို မတွေ့ရဟုဆိုသည်။

သို့သော် ရုရှားအနုမြူအေဂျင်စီက မေလအတွင်းသတင်းထုတ်ပြန်ရာတွင် အိုင်အေအီးအေ၏ကွပ်ကဲမှုနှင့် မြန်မာနိုင်ငံတွင် (၁၀) မီဂါဝပ်အားရှိသော နျူးကလီးယားဓာတ်ပေါင်းဖိုတခု တည်ဆောက်ရန်စီစဉ်နေကြောင်းဖော်ပြခဲ့သဖြင့် နိုင်ငံတကာက ထိုကိစ္စအပေါ် အထူးစိုးရိမ်နေခဲ့သည်။ ❖

## ဒို့ဗမာအစည်းအရုံးဝင် သခင်ခင်ညွန့်ကွယ်လွန်

ဝါရင့်နိုင်ငံရေးသမားကြီး သခင်ခင်ညွန့်သည် ဇူလိုင်လ (၁) ရက်နေ့၊ ည (၇) နာရီ (၂၅) မိနစ်တွင် ရန်ကုန်မြို့ ဗဟိုစည်ဆေးရုံ၌ လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သည်။ အသက် (၉၄) နှစ်အရွယ် သခင်ခင်ညွန့်သည် မေလရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားပြုအရွေးခံခဲ့ပြီး မကွေးတိုင်း၊ ရေနံချောင်းမြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မြေ၏ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။

သခင်ခင်ညွန့်သည် ၁၉၃၃ ခုနှစ်တွင် မကွေးတိုင်း၊ ရေနံချောင်းမြို့နယ် ဒို့ဗမာအစည်းအရုံး၏ တွဲဖက်အတွင်းရေးမှူးတာဝန်ကိုထမ်းဆောင်ပြီး ၁၃၀၀ ပြည့်အရေးတော်ပုံ၏ အလုပ်သမားခေါင်းဆောင်တဦးဖြစ်သည်။ ဂျပန်ခေတ်တွင် မကွေးတိုင်း၊ မင်းလှမြို့နယ် အာရှလူငယ်အစည်းအရုံး အတွင်းရေးမှူး၊ ဖက်ဆစ်တော်လှန်ရေးမြို့နယ်အုပ်ချုပ်မှုအဖွဲ့ဝင်၊ ၁၉၄၈ ခုနှစ်တွင် ရေနံချောင်းမြို့နယ်၏ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်တွင် ဒုဥက္ကဋ္ဌ၊ ဒို့ဗမာအစည်းအရုံး သမိုင်းပြုစုရေးကော်မတီဝင်၊ သခင်ကိုယ်တော်မှိုင်း ရာပြည့်ကျင်းပရေးကော်မတီဝင် စသည့်တာဝန်များ ထမ်းဆောင်ခဲ့သည်။ ❖

## ဘိလပ်ပြန်သန်း၏ ဈာပနအခမ်းအနား
## အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်မြို့တွင်ကျင်းပ

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် ပထမဆုံး မြန်မာအမျိုးသမီးအရာရှိအဖြစ် (၂၄) နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူ၊ အနုပညာလောကတွင်လည်းထူးချွန်သူ ဘိလပ်ပြန်သန်း (ခေါ်) ဒေါ်ဒိုရာသန်းအေးသည် ဇွန်လ (၁၇) ရက်နေ့က အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်မြို့ရှိနေအိမ်တွင် ကွယ်လွန်သွားသည်။

'လှေကလေးကို လှော်မည်' သီချင်းဖြင့် တချိန်က ကျော်ကြားလှသော ဘိလပ်ပြန်သန်းသည် ကွယ်လွန်ချိန်တွင် အသက် (၉၉) နှစ်ရှိပြီး၊ ဇူလိုင်လ (၇) ရက်နေ့တွင် သူမ၏ ဈာပနအခမ်းအနားကို အောက်စဖို့ဒ်မြို့တွင်ကျင်းပသည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားတွင်နေထိုင်စဉ်ကာလက အဒေါ်အရင်းသဖွယ် စောင့်ရှောက်ခဲ့သူ ဘိလပ်ပြန်သန်း၏ နောက်ဆုံးခရီးကို ဒေါ်အောင်ဆန်းစုကြည်၏သားနှစ်ဦးဖြစ်သူ ကိုမြင့်ဆန်းအောင်နှင့် ကိုထိန်လင်းတို့လည်း တက်ရောက်ခဲ့သည်။ ဘိလပ်ပြန်သန်းခေါ် ဒေါ်ဒိုရာသန်းအေးသည် မျိုးချစ်စိတ်ရှိသူအဖြစ်သာမက အရည်အချင်းထက်မြက်သူ မြန်မာအမျိုးသမီးတဦးအဖြစ် မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က လေးစားခဲ့သူဖြစ်သည်။ ❖

## တနှစ်အတွင်း ကုန်စျေးနှုန်းနှိုင်းယှဉ်ချက်

| | (၂၀၀၆–မေပြီ) | (၂၀၀၇–ဇူလိုင်) |
|---|---|---|
| ရွှေစျေး၊ ငွေစျေး | | |
| ရွှေတကျပ်သား | ၃၈၀၀၀၀ ကျပ် | ၄၆၆၀၀၀ ကျပ် |
| ၁ ဒေါ်လာ (အမေရိကန်) | ၁၂၅၀ ကျပ် | ၁၂၈၅ ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁ ကျပ် | ၃၇ ကျပ် |
| အခြေခံစားကုန်စျေးနှုန်းစာရင်း | | |
| ပေါ်ဆန်းမွှေး (တအိတ်) | ၁၈၀၀၀ ကျပ် | ၂၈၅၀၀ ကျပ် |
| ဧည့်မထ | ၁၁၀၀၀ ကျပ် | ၂၀၀၀၀ ကျပ် |
| ဝက်သား (တပိဿာ) | ၅၀၀၀ ကျပ် | ၅၅၀၀ ကျပ် |
| အမဲသား (တပိဿာ) | ၄၅၀၀ ကျပ် | ၄၅၀၀ ကျပ် |
| မြေပဲဆီ(တပိဿာ) | ၂၅၀၀ ကျပ် | ၃၇၀၀ ကျပ် |
| ငြုပ်သီး | ၂၂၄၀ ကျပ် | ၂၇၀၀ ကျပ် |
| ကုလားပဲခြမ်း | ၁၁၀၀ ကျပ် | ၁၂၀၀ ကျပ် |
| ကြက်သွန်နီ | (၈၅၀–၉၀၀) ကျပ် | (၄၁၀–၇၀၀) ကျပ် |
| လက်ဖက်ရည် (တခွက်) | ၁၅၀ ကျပ် | ၂၀၀ ကျပ် |

## ပညာရေးပြုပြင်ပြောင်းလဲမှုမလုပ်ဘဲ ဒီမိုကရေစီရွေ့ဆက်နိုင်ဟု ပညာရေးသုတေသီပြောကြား



ဒေါက်တာ သိန်းလွင်

မြန်မာပြည်တွင် ဒီမိုကရေစီရွေ့ခရီး အောင်မြင်လိုလျှင် တက်ကြွပြီး စဉ်းစားတွေးခေါ်မှုကိုအားပေးသော ပညာရေးပြုပြင်ပြောင်းလဲမှုတရပ် မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်သည်ဟု ပညာရေးသုတေသီတဦးဖြစ်သူ ဒေါက်တာသိန်းလွင်က ပြောသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်တွင် ဇူလိုင်လ (၉) ရက်နေ့က ပြုလုပ်သော မြန်မာပြည် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးဆွေးနွေးပွဲတွင် ထိုင်း–မြန်မာနယ်စပ်အခြေစိုက် ပညာရေးသုတေသီတဦးဖြစ်သူ ဒေါက်တာသိန်းလွင်က မြန်မာပြည်တွင် လက်ရှိကျင့်သုံးနေသော စစ်အစိုးရ၏ပညာရေးမူဝါဒအပါအဝင်၊ စာမေးပွဲစနစ်၊ သင်ကြားမှု၊ သင်ယူမှုနည်းနာများကို ပြုပြင်ပြောင်းလဲမှသာ ဒီမိုကရေစီရွေ့ခရီးသို့ တက်လှမ်းနိုင်မည်ဟု ပြောကြားသည်။

NED (National Endowment for Democracy) အဖွဲ့က ကမကထလုပ်ပြီး ပညာရှင်များနှင့် လေ့လာသူတရာခန့် တက်ရောက်သောဆွေးနွေးပွဲတွင် ဒေါက်တာသိန်းလွင်က မြန်မာပြည်တွင် "ဗဟိုချုပ်ကိုင်မှုနည်းပါးသော အမေရိကန်ပညာရေးစနစ်" ကိုအတုယူပြီး လွတ်လပ်သောပညာရေးစနစ်တရပ် လိုအပ်နေသည့်အခြေအနေကို သူ၏သုတေသနတွေ့ရှိချက်များအပေါ် အခြေခံရှင်းလင်းသည်။

"ဗဟိုချုပ်ကိုင်မှုနည်းတဲ့ ပညာရေးစနစ်က တိုင်းရင်းသားဒေသတွေမှာ သူတို့ကလေးတွေ သူတို့ ပညာသင်နိုင်စေမယ်။ သူတို့ရဲ့တန်ဖိုးထားမှုတွေကို ကလေးတွေ သင်နိုင်မယ်။ တပြိုင်နက်တည်းမှာပဲ ဒီ သက်ဆိုင်ရာဒေသတိုင်းက တနိုင်ငံလုံးနဲ့သက်ဆိုင်တဲ့ အားလုံးစံထားရမယ့်စံတွေကိုလည်း လိုက်နာရမယ်လို့ ကျနော်နားလည်တယ်"ဟု ၎င်းကပြောကြားသွားသည်။

ပညာရေးပြုပြင်ပြောင်းလဲရာတွင် လက်ရှိစာမေးပွဲနစ်ကို ပြန်လည်ပြင်ဆင်ရန် လိုအပ်ပြီး၊ roif rae ရ ပညာရေးစနစ်မျိုးကို အစိုးရကပြဋ္ဌာန်းရေးအပါအဝင် ဆရာ/ဆရာမများအနေဖြင့်လည်း ခေတ်သစ် သင်ကြားရေးနည်းနာများကိုနားလည်ပြီး ကျောင်းသူကျောင်းသားများအတွက် တက်ကြွပြီး စဉ်းစားတွေးခေါ်တတ်သော သင်ယူမှုမျိုးကို အားပေးသော သင်ကြားနည်းစနစ်ဖန်တီးပေးရန် လိုအပ်သည်ဟု ဆိုသည်။

ဒေါက်တာသိန်းလွင်၏ ဆွေးနွေးချက်များကို NED အဖွဲ့မှ တောင်နှင့်အရှေ့တောင်အာရှတာဝန်ခံ ဘရိုင်ယန်ဂျိုးဇက်ဖ်က ထောက်ခံပြောဆိုခဲ့ပြီး မြန်မာပြည်တွင် စစ်အုပ်စုသည် လူမှုအသိုင်းအဝိုင်းတွင် ဗိုလ်ကျနိုင်ရေးအတွက် ပညာရေးကိုရည်ရွယ်ချက်ရှိရှိဖြင့် တွေးခေါ်မြော်မြင်တတ်သော ပညာရေးကိုနှိမ်ချထားသဖြင့် တွန်းလှန်ပစ်ရန်လိုအပ်သည်ဟု တိုက်တွန်းသွားသည်။

မြန်မာပြည် ပညာရေးပြုပြင်ပြောင်းလဲရေးနှီးနှောဖလှယ်ပွဲသို့ သချာင်္ပါမောက္ခတဦးဖြစ်သူ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းလည်းတက်ရောက်ခဲ့ပြီး မြန်မာပြည်တွင် တချိန်ကရှိခဲ့သော သာသနာပြုကျောင်းများအကြောင်းနှင့် ပုဂ္ဂလိကကျောင်းများအကြောင်းကိုဆွေးနွေးသွားသည်ဟု သိရသည်။

❖

## လူသတ်ကောင်သန်းရွှေကြောင့် မြန်မာတိုင်း (မ်) ဂျာနယ် ကြက်ပျောက်ငှက်ပျောက်

*"အဓိက ကျနော်တို့ပြောချင်တဲ့စကားက မြန်မာစစ်ခေါင်းဆောင်ဆိုတာ လူသတ်သမား။ နောက် မြန်မာပြည်သူတွေအတွက် လွတ်မြောက်စေလိုတယ်ဆိုတာကို ဖော်ပြလိုက်တာပါ"*

ဇူလိုင်လထုတ် မြန်မာတိုင်း (မ်) အင်္ဂလိပ်ဂျာနယ်များတွင် "လူသတ်ကောင် သန်းရွှေ"ဟု အဓိပ္ပါယ်ရသော ကြော်ငြာတခု ပါလာသဖြင့် စျေးကွက်အတွင်းမှ ဂျာနယ်တချို့ကို အာဏာပိုင်များကပြန်လည်သိမ်းဆည်းသွားနေသည်ဟု ရန်ကုန်မြို့မှ ဂျာနယ်အရောင်းဆိုင်များ၏ ပြောကြားချက်ကို ပြည်ပသတင်းဌာနများက ကိုးကားကြသည်၊

ဇူလိုင် (၁၃–၂၉) ရက်ထုတ် အတွဲ (၂၉) အမှတ် (၃၇၆) မြန်မာတိုင်း (မ်) အင်္ဂလိပ်ဂျာနယ် စာမျက်နှာ (၂၃) တွင် "Tourist from Scandinavia" ခေါင်းစဉ်နှင့် စာမျက်နှာဝက်ခန့် ကြော်ငြာပါရှိခဲ့ပြီး အောက်ခြေစာတမ်းတွင် "Ewhsnahtrellik"ဆိုသည့် စာသားပါဝင်ခဲ့ရာ ပြောင်းပြန်ဖတ်ပါက"Killer Than Shwe" (လူသတ်ကောင်သန်းရွှေ) ဟု အဓိပ္ပါယ်ထွက်သည်။

၎င်းကြော်ငြာကို ဒိန်းမတ်အခြေစိုက် Surrend အနုပညာအုပ်စုက စီစဉ်ခဲ့ခြင်းဖြစ်ပြီး လွတ်လပ်စွာပြောဆိုရေးသားခွင့် ပိတ်ပင်ခံနေရသော မြန်မာနိုင်ငံတွင် စာပေစိစစ်ရေးကို အနုပညာနည်းလမ်းဖြင့် ဖြတ်ကျော်ရန်နည်းလမ်းရှိကြောင်းကို တီထွင်ပြလိုက်ခြင်းဖြစ်ကြောင်း အဖွဲ့ကပြောသည်။

ဒိန်းမတ်အနုပညာအဖွဲ့မှ ဂျမ်အီဂက်စ်ဘော့ဂ်က"ကြော်ငြာကတော့ လှပတဲ့ မြန်မာနိုင်ငံကိုလာဖို့ဖိတ်ခေါ်တဲ့ ခရီးသွားကြော်ငြာပါ။ ဒီအထဲမှာ အဓိက စကားဝှက်နှစ်လုံး ထည့်ထားပါတယ်။ Killer Than Shwe ဆိုတဲ့ စကားလုံးကတော့ ကြော်ငြာရဲ့အောက်ဆုံးစာကြောင်း ဒိန်းမတ်စာလိုလိုဖြစ်နေတဲ့ Ewhsnahtrellik ဆိုတဲ့စကားလုံးကို ပြောင်းပြန်လှန်ရင်တွေ့ရပါမယ်။ နောက်တလုံး Freedom ဆိုတာကတော့ ဒိန်းမတ်ကဗျာဟောင်းလို့ဆိုတဲ့ အပိုဒ်က Feel Relaxed, Enjoy Everthing, Dance On Minutes ဆိုတဲ့စာကြောင်းက အစစကားလုံးတွေအားလုံးကို ပေါင်းလိုက်ရင် Freedom ဆိုတာတွေ့ပါလိမ့်မယ်။ အဓိက ကျနော်တို့ပြောချင်တဲ့စကားက မြန်မာစစ်ခေါင်းဆောင်ဆိုတာ လူသတ်သမား။ နောက် မြန်မာပြည်သူတွေအတွက် လွတ်မြောက်စေလိုတယ်ဆိုတာကို ဖော်ပြလိုက်တာပါ"ဟု ပြောသည်။

စစ်အစိုးရ၏ဝါဒဖြန့်စာများကို ဖော်ပြလေ့ရှိသော မြန်မာတိုင်းမ်ကို အသုံးချပြီး စစ်အစိုးရကို သရော်ခဲ့ရသည့်အတွက် ကျေနပ်ကြောင်း၊ မိမိတို့အနုပညာအဖွဲ့သည် ယခင်ကလည်း အလားတူသရော်ချက်မျိုးဖြင့် အီရန်အပါအဝင် ကမ္ဘာပေါ်က ဖိနှိပ်သောအစိုးရများကို လှောင်ပြောင်ခဲ့ဖူးကြောင်း၊ မြန်မာပြည်မှ ဖိနှိပ်လွန်းသောစစ်အုပ်စုကို သရော်နိုင်ရန်အတွက် အချိန်အတန်ကြာအောင် နည်းလမ်းရှာခဲ့ရကြောင်း အဖွဲ့က ပြောသည်။

စျေးကွက်အတွင်းသို့ ဂျာနယ်ရောက်ပြီးနောက်ပိုင်း ဒိန်းမတ်အဖွဲ့က လျှို့ဝှက်ချက်ကို မဖွင့်ချခဲ့ခင်အချိန်အထိ ပင်လယ်၊ အုန်းပင်တပင်နှင့် နေတစင်းပုံပါသော ကြော်ငြာကို စကင်ဒီနေးဗီးယား ခရီးသွားကြော်ငြာတခုအဖြစ်သာ မြန်မာတိုင်း (မ်) က ယူဆခဲ့ပြီး စာပေစိစစ်ရေးကလည်း ခွင့်ပြုခဲ့သည်။



မြန်မာတိုင်း (မ်) မှ အမည်မဖော်လိုသူတဦးက ကြော်ငြာအောက်ခြေတွင် အင်္ဂလိပ်ဘာသာဖြင့်ရေးထားသော စာသားထဲမှ စကားလုံးတချို့ကို နားမလည်သော်လည်း ဒိန်းမတ်စကားလုံးဟု ယူဆခဲ့သည်ဟုဆိုသည်။

မြန်မာတိုင်း (မ်) သည် ပြည်တွင်း၌ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေနေသော တစောင်တည်းသောဂျာနယ်ဖြစ်ပြီး တပတ်တကြိမ်ထုတ်ဝေကာ လက်လီစျေးကွက်ပေါက်စျေးမှာ တစောင် (၉၅၀) ဖြစ်သော်လည်း ဒိန်းမတ်အနုပညာအဖွဲ့၏ကြော်ငြာကြောင့် ဆိုင်ပေါ်ရောက်နေသော ဂျာနယ်များကို အမည်မသိသူများက ရသမျှလိုက်လံဝယ်ယူသွားသည်ဟု ရန်ကုန်မှ ဂျာနယ်အရောင်းဆိုင်များက ပြောသည်။❖

# ပြည်သူလူထုနှင့်ကြံ့ဖွံ့ လူထုဆန္ဒခံယူပွဲမှာတွေ့မယ်

## ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (အဲန်ဒီဒီ) သုတေသန နှင့်မှတ်တမ်းတင်ဌာနမှူး ဦးငွေအောင်နှင့် ဆက်သွယ်မေးမြန်းခန်း

*မေး ။ ။ ဒီမိုကရေစီနဲ့ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (အဲန်ဒီဒီ) ရဲ့ သုတေသနနဲ့မှတ်တမ်းတင်ဌာနကထုတ်ဝေတဲ့ အပတ်စဉ် ပြည်တွင်းသတင်းသုံးသပ်ချက်တွေနဲ့ သုတေသနစာတမ်းတွေမှာ (ကြံ့ဖွံ့) လို နာမည်ဆိုးနဲ့ ကျော်ကြားနေတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေး အသင်းအကြောင်းကို မကြာခဏ ရေးသားဖော်ပြတာတွေ့ရပါတယ်။ ဘယ်လိုရည်ရွယ်ချက်နဲ့ အခုလို မကြာခဏ ရေးသားဖော်ပြနေတာလဲသိပါရစေ။*

ဖြေ ။ ။ ဗိုလ်ချုပ်ကြီးတွေ တိုင်းမှူးတွေ၊ ဝန်ကြီးတွေကိုယ်တိုင် နာယကကြီးတွေ၊ ဗဟိုအလုပ်အမှုဆောင်တွေအဖြစ်နဲ့ ဦးဆောင်ဖွဲ့စည်းထားတဲ့ ဒီအသင်းကို နိုင်ငံရေးနဲ့မပတ်သက်တဲ့ "အမျိုးသားရေးအသင်းကြီး" အဖြစ် တရားဝင်ကြေညာ ဝါဒဖြန့်နေပေမယ့် လက်တွေ့မှာတော့ ဒီအသင်းကြီးကို စစ်ဗိုလ်ချုပ်တွေက ငွေကြေးတွေ အများအပြားအကုန်ခံပြီး အချိန်ယူတည်ဆောက်နေတာဟာ စစ်အာဏာရှင်ဟောင်းကြီး ဦးနေဝင်းရဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလို စစ်တပ်ကျောထောက်နောက်ခံ နိုင်ငံရေးအင်အားစု(Political Wing) တရပ်အဖြစ်နဲ့အသုံးချဖို့ စနစ်တကျလုပ်ဆောင်နေတာဖြစ်ကြောင်း ပြည်တွင်းပြည်ပက ရှင်းရှင်းလင်းလင်း သိမြင်လာအောင် ခိုင်မာတဲ့သတင်းအချက်အလက်တွေအပေါ် အခြေခံပြီး ရေးသားသတိပေးခဲ့တာဖြစ်ပါတယ်။

*မေး ။ ။ အတိုက်အခံနိုင်ငံရေးပါတီတွေရဲ့ လှုပ်ရှားမှုတွေရပ်တန့်သွားအောင်နဲ့ အဖွဲ့ချုပ်အပေါ် လူထုရဲ့ ထောက်ခံမှုတွေ ကျဆင်းသွားအောင် နည်းလမ်း (၆) သွယ်နဲ့ နှိပ်ကွပ်အရေးယူသွားမဲ့ ကြံ့ဖွံ့အဖွဲ့ရဲ့ အစီအစဉ်ဆိုတာက ဘာတွေလဲ။*

ဖြေ ။ ။ အဖွဲ့ချုပ်ပါတီဝင်တွေနဲ့ နိုင်ငံရေးလှုပ်ရှားသူတွေကို အရေးယူနှိပ်ကွပ်ဖို့ ကြံ့ဖွံ့အဖွဲ့က ကျင့်သုံးမဲ့ နည်းလမ်း (၆) သွယ်ဆိုတာက၊ စည်းရုံးရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်း၊ အုပ်ချုပ်ရေးနည်းလမ်း၊ တရားဥပဒေနည်းလမ်း၊ ပြည်သူ့စွမ်းအားအသုံးပြုတဲ့နည်းလမ်း၊ သာလွန်တဲ့အင်အားနဲ့ အပြတ်ချေမှုန်းတဲ့နည်းလမ်းတွေ ဖြစ်ပါတယ်။ ဒီနည်းလမ်းတွေကို ကြံ့ဖွံ့ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုယ်တိုင် ရေးဆွဲချမှတ်ပေးခဲ့တာဖြစ်ကြောင်း သိရှိရပါတယ်။

*မေး ။ ။ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုနိုင်ဖို့နဲ့ ရွေးကောက်ပွဲသစ် ပြန်လည်ကျင်းပပြုလုပ်ဖို့အတွက် ကြံ့ဖွံ့အဖွဲ့က ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်နေကြပြီဆိုတာက ဘယ်အချက်တွေကိုပြောတာလဲ။*

ဖြေ ။ ။ နအဖက သူတို့ရဲ့ (Road Map) ကို ချပြပြီး မကြာခင်မှာ ကြံ့ဖွံ့ဗဟိုစည်းရုံးရေးကော်မတီက အောက်ခြေစည်းရုံးရေးကော်မတီအဆင့်ဆင့်ကို အသေးစိတ်ညွှန်ကြားချက်တွေ ထုတ်ပြန်ခဲ့ပါတယ်။ ကြံ့ဖွံ့အင်အားတွေကို ထပ်မံတိုးချဲ့စည်းရုံးဖို့၊ စည်းရုံးရေးကော်မတီအဆင့်ဆင့်ကို ရပ်ကျေးအဆင့်အထိ ကျစ်လျစ်ခိုင်မာအောင် ဖွဲ့စည်းထားကြဖို့၊ ကျေးရွာတိုင်း မြို့နယ်တိုင်းမှာ (ပ) ခေါင်းဆောင် (ဒု) ခေါင်းဆောင်အပါအဝင် အင်အား (၁၀) ဦးစီပါဝင်တဲ့ ကြံ့ဖွံ့ယူနစ်တွေဖွဲ့စည်းပြီး ဆယ်စု၊ ရာစု၊ ထောင်စု စသည်ဖြင့် စနစ်တကျဖွဲ့စည်းထူထောင်ထားဖို့၊ လာမဲ့ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် မြို့နယ်အလိုက် ဩဇာတိက္ကမရှိတဲ့ ကြံ့ဖွံ့အဖွဲ့ဝင် (၅) ဦးစီရဲ့ အမည်စာရင်းကို ကြိုတင်ပြုစုထားကြဖို့၊ သက်ဆိုင်ရာနယ်မြေအလိုက် မဲပေးနိုင်သူတွေရဲ့ စာရင်းကိုလည်း အနီးစပ်ဆုံး ပြုစုတင်ပြကြဖို့၊ ပြည်သူလူထုအတွင်း စည်းရုံးရေးကျယ်ပြန့်လာစေဖို့ အတွက် ရဟန်းသံဃာတွေ၊ သက်ကြီးရွယ်အိုတွေ၊ လူငယ်လူရွယ်တွေနဲ့ အမျိုးသမီးတွေကို ဗဟိုကလမ်းညွှန်ထားတဲ့ စည်းရုံးရေးမူဝါဒတွေနဲ့အညီ စည်းရုံးရေးစခန်းတွေတည်ဆောက်ပြီး စည်းရုံးသွားကြဖို့၊ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားမှန်တွေနဲ့ မကျေနပ်ချက်တွေကိုလည်း လေ့လာစုံစမ်းပြီး သုံးသပ်တင်ပြကြဖို့၊ မိမိတို့ နယ်မြေအတွင်းမှာရှိတဲ့ ပြိုင်ဘက် နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးအင်အားစုတွေ၊ တသီးပုဂ္ဂလ နိုင်ငံရေးသမားတွေရဲ့ အားသာချက်၊ အားနည်းချက်တွေနဲ့ သူတို့အချင်းချင်းရဲ့ ဆက်ဆံရေးအခြေအနေတွေကို လေ့လာစုံစမ်းပြီး သုံးသပ်ချက်နဲ့တကွ တင်ပြကြဖို့၊ အဲဒီ နိုင်ငံရေးအင်အားစုတွေအပေါ် ပြည်သူလူထုရဲ့ ထောက်ခံမှုအခြေအနေကိုလည်း မှန်မှန်ကန်ကန် သုံးသပ်တင်ပြကြဖို့၊ ညွှန်ကြားခဲ့တာကို တွေ့ရပါတယ်။

*မေး ။ ။ တကယ်လို့ ကြံ့ဖွံ့တွေ လာမယ့်ရွေးကောက်ပွဲမှာ အာဏာရလာရင် တပ်မတော်နဲ့ပြည်သူလူထုက လက်ခံနိုင်ပါ့မလား။*

ဖြေ ။ ။ နအဖ နဲ့ ကြံ့ဖွံ့ဆိုတာက ခွဲလို့ရတာမှ မဟုတ်တာဘဲ။ အားလုံး ဒီလူတွေပဲလေ။ နအဖရဲ့ ပြည်သူ့စစ်မဟာဗျူဟာစီမံချက်မှာ တပ်မတော်အပါအဝင် ပြည်သူတရပ်လုံး ဒို့အရေးသုံးပါးကို ဦးထိပ်ထားတဲ့ ကြံ့ဖွံ့အဖွဲ့ကြီးရဲ့ နိုင်ငံရေးဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး ပြည်သူ့စစ်ပွဲကို ဆင်နွှဲသွားရမယ်လို့ အတိအလင်း လမ်းညွှန်ဖော်ပြထားတဲ့အပြင် နအဖ လေးလပတ်အစည်းအဝေးတွေမှာလည်း ကြံ့ဖွံ့နာယကကြီးဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကြံ့ဖွံ့အဖွဲ့ဟာ နအဖရဲ့နိုင်ငံရေးအင်အားစု (Political Wing) ဖြစ်တယ်လို့ မကြာခဏ ချပြနေတာကို ကြည့်ခြင်းအားဖြင့် ကြံ့ဖွံ့အဖွဲ့ဟာ မဆလပါတီလို နိုင်ငံတော်ကို စီမံအုပ်ချုပ်မဲ့အဖွဲ့အစည်းအဖြစ် တပ်မတော်က လက်ခံထားတယ်ဆိုတာ ထင်ရှားပါတယ်။ ပြည်သူလူထုအနေနဲ့ လက်ခံမခံဆိုတာကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတွက် လူထုဆန္ဒခံယူပွဲနဲ့ ရွေးကောက်ပွဲအသစ်တွေမှာ စောင့်ကြည့်ရမယ်လို့ ထင်ပါတယ်။

*မေး ။ ။ ကြံ့ဖွံ့အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့စဉ်က နိုင်ငံရေးနဲ့မပတ်သက်တဲ့ အမျိုးသားရေးအသင်းကြီးအဖြစ် ကျောင်းသားတွေ၊ ဝန်ထမ်းတွေကိုပါ နည်းမျိုးစုံနဲ့ စည်းရုံးထည့်သွင်းခဲ့ပြီးမှ အခု ဗိုလ်ချုပ်ငွေဦးက နိုင်ငံရေးပါတီအဖြစ် ပြောင်းလဲဖွဲ့စည်းကောင်း ဖွဲ့စည်းနိုင်တယ်လို့ ပြောဆိုလာတာဟာ ရှေ့နောက်ကွဲလွဲမနေဘူးလား။ ဒီလိုလုပ်လို့ရော ရနိုင်ပါ့မလား။*

ဖြေ ။ ။ စစ်အာဏာရှင်တွေရဲ့အဘိဓာန်မှာ ကတိတို့၊ သစ္စာတို့၊ သိက္ခာတို့၊ အရှက်တရားတို့ဆိုတာ မရှိဘူး။ သူတို့ အာဏာလက်မလွှတ်ရဖို့ဆိုရင် ရှေ့နောက်ညီတာ၊ မညီတာတွေကို ဂရုစိုက်လေ့မရှိဘူး။ ၁၉၉၀ ခုနှစ်တုန်းကလည်း ရွေးကောက်ပွဲကျင်းပပေးပြီး အနိုင်ရတဲ့ပါတီလက်ထဲ အာဏာလွှဲပြောင်းပေးပြီးရင် တပ်မတော်က စစ်တန်းလျားကို ပြန်ပါ့မယ်လို့ စစ်အာဏာသိမ်းခေါင်းဆောင်ကိုယ်တိုင် လူသိရှင်ကြားပြောဆိုတာတွေ လုပ်ခဲ့ဘူးတာပဲ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေတွေမှာလည်း အတိအကျ ရှင်းရှင်းလင်းလင်းဖော်ပြထားခဲ့တာပဲ။ ဒါပေမယ့် တကယ် အာဏာကိုလက်လွှတ်ရမဲ့ အခါကျတော့ ၁/၉၀ ကိုထုတ်ပြန်ပြီး ပြည်သူလူထုရဲ့ ဆန္ဒတွေကို စစ်ဖိနပ်နဲ့ နင်းချေဖျက်ဆီးပစ်ခဲ့တာ အားလုံးမြင်တွေ့ခဲ့ကြတာပဲလေ ။ ။

❖



> ၁၉၉၀ ခုနှစ်တုန်းကလည်း
> ရွေးကောက်ပွဲကျင်းပပေးပြီး အနိုင်
> ရတဲ့ပါတီလက်ထဲ
> အာဏာလွှဲပြောင်းပေးပြီးရင်
> တပ်မတော်က
> စစ်တန်းလျားကို ပြန်ပါ့မယ်လို့
> စစ်အာဏာသိမ်းခေါင်းဆောင်ကိုယ်တိုင်
> လူသိရှင်ကြားပြောဆိုတာတွေ
> လုပ်ခဲ့ဖူးတာပဲ။

**အဲန်ဒီဒီမှထုတ်ဝေပြီးသော ကြံ့ဖွံ့ဆိုင်ရာ စာတမ်းနှင့်အစီရင်ခံစာများစာရင်း**

| | |
|---|---|
| "အာဏာလိုသူ စစ်အုပ်စု၊ စေခိုင်းသူ ဗိုလ်ချုပ်မှူးကြီး၊ လေးကိုင်သူကြံ့ဖွံ့" အပတ်စဉ် ပြည်တွင်း သတင်းသုံးသပ်ချက် အမှတ်စဉ် (၉၄) | |
| "ကြံ့ခိုင် ကြံ့ဖွံ့အမည်ခံ စစ်အာဏာရှင်ခါးပိုက်ဆောင် ကျောရိုးများ" | အမှတ်စဉ် (၉၅) |
| "မှတပါး အခြားရှိသေးရဲ့လား" | အမှတ်စဉ် (၉၆) |
| "သင်တို့မှတပါး ထောက်ခံမဲ့သူ အခြားမရှိပြီ" | အမှတ်စဉ် (၁၁၂) |
| "ဖွတ်တက်တဲ့ ပုဂံပြည်" | အမှတ်စဉ် (၁၁၆) |
| "ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့တဲ့ မြန်မာပြည်က နာဇီဗိုလ်ချုပ်များ" | အမှတ်စဉ် (၂၂၇) |
| "ကြံ့ဖွံ့၊ ညောင်နှစ်ပင်နဲ့ ၂၀၀၆" | အမှတ်စဉ် (၂၃၀) |
| " ရဝမ်ဒါမှာ MRND ၊ မြန်မာနိုင်ငံမှာ USDA" | အမှတ်စဉ် (၂၇၈) |
| "The White Shirts" | (အစီရင်ခံစာ၊ အင်္ဂလိပ်ဘာသာ) |

## လူ့အခွင့်အရေးလှုပ်ရှားသူများနှစ်ရှည်ထောင်ဒဏ်ချမှတ်ခံရ

ဟင်္သာတထောင်တွင် ဖမ်းဆီးချုပ်နှောင်ထားခြင်းခံရသည့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူ (HRDP) အဖွဲ့ဝင်ကို မြင့်နိုင်နှင့် (၅) ဦးတို့ကို အာဏာပိုင်များက ဇူလိုင်လ (၂၄) ရက်နေ့က ပြစ်ဒဏ်များချမှတ်လိုက်သည်။ ပြစ်ဒဏ်ကျခံရသူများမှာ ကိုမြင့်နိုင်၊ ကိုကျော်လွင်၊ ကိုမြစိန်၊ ကိုလှရှိန်၊ ဦးမြင့်နှင့် ဦးဝင်းတို့ဖြစ်ပြီး ဟင်္သာတမြို့နယ်တရားရုံးက ပုဒ်မ (၅၀၅/ခ) (၅၀၅/ဂ) တိုဖြင့် ထောင်ဒဏ် (၄) နှစ် မှ (၈) နှစ်ချမှတ် လိုက်သည်ဟု နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က ပြောသည်။ ပုဒ်မ (၅၀၅/ခ) သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ပျက်ပြားစေရန်လှုံ့ဆော်သည့်ပုဒ်မဖြစ်ပြီး (၅၀၅/ဂ) သည် လူမျိုးစုအချင်းချင်း (သို့မဟုတ်) လူအုပ်စုအချင်းချင်း ပြဿနာဖြစ်စေရန် လှုံ့ဆော်သည့်ပုဒ်မဖြစ်သည်။

အဆိုပါ (HRDP) အဖွဲ့ဝင်များသည် ဧပြီလ (၁၈) ရက်နေ့က ဟင်္သာတမြို့နယ်တွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို လှည့်လည်ရှင်းလင်းစဉ် အုတ်ပုံကျေးရွာ၌ ကြံ့ဖွံ့အဖွဲ့များ၏တိုက်ခိုက်မှုကြောင့် (HRDP) အဖွဲ့ဝင်ကို မြင့်နိုင်ကိုမောင်မောင်လေးတို့ (၂) ဦး ပြင်းထန်စွာဒဏ်ရာရရကြ၍ ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာနတွင် တပတ်ခန့် ဆေးကုသမှုခံခဲ့ရသည်။ ယင်းတိုက်ခိုက်မှုကို ဟင်္သာတမြို့နယ် တလုပ်ထော်ကျေးရွာရဲစခန်းတွင် အမှုဖွင့် တိုင်ကြားခဲ့သော်လည်း အတိုက်ခိုက်ခံရသူများ ဆေးရုံကဆင်းသည့်အထိ တာဝန်ရှိသူများက လာရောက်စစ်ချက်ယူခြင်းမရှိသောကြောင့် ကိုမြင့်နိုင်က တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့သည်။ ထို့နောက် ကိုမြင့်နိုင်အပါအဝင် (HRDP) အခြားအဖွဲ့ဝင်များ (၅) ဦးကို အုတ်ပုံရွာ ရယကဥက္ကဋ္ဌ ဦးအောင်သန်းက ပြန်လည်တရားစွဲပြီး မေလ (၂) ရက်နေ့ ရုံးချိန်းအတွင်း (၆) ဦးအား ဖမ်းဆီးချုပ်နှောင်၍ ဟင်္သာတထောင်သို့ ပို့ဆောင်ခဲ့သည်။

ရန်ကုန်အခြေစိုက် (HRDP) သည် လူ့အခွင့်အရေးမြှင့်တင်ရေးလုပ်ငန်းများကို လှုပ်ရှားဆောင်ရွက်ရန်ရည်ရွယ်၍ (၂၀၀၂) ခုနှစ်က စတင်ဖွဲ့စည်းခဲ့ထားသောအဖွဲ့ဖြစ်သည်။

# အမေရိကန်နှင့်ဆက်ဆံရေးထက် အမျိုးသားပြန်လည်သင့်မြတ်ရေး အရေးကြီး
# အဲန်စီဂျီယူဘီ ကုလသမဂ္ဂရေးရာဝန်ကြီး ဒေါက်တာသောင်းထွန်းပြောဆို



အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်လိုကြောင်း စစ်အုပ်စု၏ ဇူလိုင်လ (၁၈) ရက်နေ့က ထုတ်ဖော်ပြောဆိုလိုက်သည့်အပေါ် အဲန်စီဂျီယူဘီဝန်ကြီးက ဝေဖန်လိုက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကိုသာ အဓိကလုပ်ငန်းစဉ်ဖြစ်သည်ဟု ထောက်ပြလိုက်သည်။

နအဖ ပြန်ကြားရေးဝန်ကြီး၏ အမေရိကန်နှင့်ပူးပေါင်းဆောင်ရွက်လိုသည်ဟူသော ပြောဆိုချက်အပေါ် အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) နိုင်ငံခြားရေးရာ တာဝန်ခံ ဒေါက်တာသောင်းထွန်းက ကြိုဆိုသော်လည်း "အရင်ဦးဆုံး ကိုယ့်အချင်းချင်း ဆက်ဆံရေးပြေလည်ဖို့အရေးကြီးသည်"ဟုလည်း ထောက်ပြသည်။

ဇွန်လအတွင်းက တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့တွင် အမေရိကန်အစိုးရကိုယ်စားလှယ်တို့များနှင့်တွေ့ဆုံခွင့်ရခဲ့ပြီး နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုအပေါ် ဝေဖန်ပြောဆိုလေ့ရှိသော စစ်အစိုးရပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ယခုကဲ့သို့ လေသံပစ်လိုက်ခြင်းဖြစ်သည်။

စစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများ၊ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသာ နိုင်ငံရေးပါတီများလက်ထဲမှ အာဏာလုယူထားခြင်းတို့ကြောင့် အမေရိကန်ပြည်ထောင်စုအပါအဝင် အနောက်နိုင်ငံများက ပိတ်ဆို့ဒဏ်ခတ်မှုဖြင့် အရေးယူထားသည်။

ဇွန်လအတွင်းက အမေရိကန်၏ အရှေ့အာရှနှင့်ပစိဖိတ်ရေးရာဌာန ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး အဲရစ်ဂျွန် (Eric John) သည် မြန်မာစစ်အစိုးရဘက်မှ ဝန်ကြီးအချို့နှင့် တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး နေအိမ်အကျယ်ချုပ်ချခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် တွမ်ကေစီ (Tom Casey) က ဘေဂျင်းဆွေးနွေးပွဲတွင် မြန်မာစစ်အစိုးရ ၏ အပြုအမူနှင့် အမေရိကန်၏စိုးရိမ်မှုကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုဆွေးနွေးခဲ့သဖြင့် ထူးခြားသည်ဟုဆိုသည်။

"နိုင်ငံတကာနဲ့ ဆက်ဆံရေး အဆင်မပြေတဲ့အတွက်ကြောင့်မို့လည်း ဒီကနေ့ မြန်မာပြည်မှာ ပြည်သူလူထုအတွက် နစ်နာနေရတဲ့အပိုင်းတွေ အများကြီးရှိတယ်။ တိုင်းပြည်တည်ဆောက်ရေးတွေမှာ နှောင့်နှေးနေရတဲ့အပိုင်းတွေရှိတယ်။ ဒါပေမယ့်လို့ အဲဒီလို နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဆိုလို့ရှိရင် နိုင်ငံတကာနဲ့ဆက်ဆံရေးပြေလည်ဖို့ဆိုရင် အရင်ဦးဆုံး အချင်းချင်း၊ ကိုယ့်တိုင်းသူပြည်သားအချင်းချင်းကြားထဲမှာ ဆက်ဆံရေးပြေလည်ဖို့ ပိုအရေးကြီးတယ်" ဟု ဒေါက်တာသောင်းထွန်းကပြောသည်။

ဆက်လက်၍ (Globalization) ခေတ်ကြီးထဲတွင် မည်သည့်နိုင်ငံမှ အထီးကျန်ရန် မဖြစ်နိုင်တော့ကြောင်း၊ နိုင်ငံတကာကလည်း မြန်မာပြည်တွင် အင်အားစုအားလုံး ပြေလည်လိုသောဆန္ဒရှိကြောင်း၊ အားလုံးလက်ခံနိုင်မည့် နိုင်ငံရေးဗဟိုချက်တခုအပေါ် အခြေခံ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအခြေခံပေါ်တွင် တိုင်းပြည်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်တရပ်ကို မြင်လိုကြကြောင်း ၎င်းကပြောသည်။

❖

# အဲန်စီယူဘီခေါင်းဆောင်များနှင့် အမေရိကန်ဒုနိုင်ငံခြားရေးဝန်ကြီးတွေ့ဆုံ
# ဘေဂျင်းဆွေးနွေးပွဲကြောင့် အမေရိကန်ပေါ်လစီမပြောင်းလဲဟုဆို

ဝါရှင်တန်ဒီစီမြို့တော်သို့ ရောက်ရှိနေသောအင်ဒိုနီးရှားအောက်လွှတ်တော်အမတ် မစ္စတာ ဂျိုကိုဆူစီလို (Djoko Susilo) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) နိုင်ငံခြားရေးတာဝန်ခံ ဒေါက်တာသောင်းထွန်းတို့သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်ရေး ဆွေးနွေးရန် အမေရိကန်အစိုးရ၏ အာရှပစိဖိတ်ရေးရာ ဒုတိယနိုင်ငံခြားရေးဝန်ကြီး အဲရစ်ဂျွန် (Eric John) နှင့် ဇူလိုင်လ (၅) ရက်နေ့က သွားရောက်တွေ့ဆုံသည်။

အာရှပစိဖိတ်ရေးရာ အမေရိကန် ဒုနိုင်ငံခြားရေးဝန်ကြီး အဲရစ်ဂျွန်သည် ၎င်းမတိုင်ခင် တပတ်ခန့်က တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့တွင် စစ်အစိုးရပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း၊ ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သူဖြစ်သည်။

ဝါရှင်တန်အခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ၏ နိုင်ငံခြားရေးရာတာဝန်ခံ ဒေါက်တာသောင်းထွန်းနှင့် ဝန်ကြီးဦးဘိုလှတင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) ၏ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်၊ မြန်မာ့အရေးထောက်ခံအားပေးသော အာဆီယံလွှတ်တော်အမတ်များအဖွဲ့ (AIPMC) ဥက္ကဋ္ဌဖြစ်သူ အင်ဒိုနီးရှား အောက်လွှတ်တော်အမတ် ဂျိုကိုဆူစီလိုနှင့် အဲရစ်ဂျွန်တို့၏ဆွေးနွေးပွဲတွင် မြန်မာပြည်အခြေအနေ၊ အမေရိကန်၏ မြန်မာနိုင်ငံနှင့်ပတ်သက်သော သဘောထားအမြင်၊ ရှေ့လုပ်ငန်းစဉ်များဆွေးနွေးခဲ့ကြသည်။

မြန်မာနှင့်အမေရိကန်အရာရှိများ ဘေဂျင်းတွင်တွေ့ဆုံမှုသည် အမေရိကန်ပေါ်လစီပြောင်းလဲသွားခြင်းမဟုတ်ဘဲ နည်းနာအရ အမေရိကန်က မြန်မာပြည်၏ လက်ရှိနိုင်ငံရေးနှင့်လူ့အခွင့်အရေးအခြေအနေကို တိုက်ရိုက်ပြောဆိုဝေဖန်ခဲ့ခြင်းဟု အဲရစ်ဂျွန်က ရှင်းပြကြောင်း ဒေါက်တာသောင်းထွန်းက ပြောသည်။

"ဒါဟာ ဘာလဲဆိုတော့ အမေရိကန်က မြန်မာနိုင်ငံမှာ စစ်အစိုးရ လုံးဝပြုတ်ကျရေး လုပ်နေတယ်။ ဖိအားပေးနေတယ်။ အမှန်မှာ အမေရိကန်က မြန်မာနိုင်ငံမှာ တွေ့ဆုံဆွေးနွေးပွဲဖြစ်ပြီးတော့ အဓိကကျတဲ့ နိုင်ငံရေးအင်အားစုတွေ အားလုံးပါဝင်တဲ့ နိုင်ငံရေး၊ ဒီမိုကရေစီရေးအသွင် ကူးပြောင်းမှုလုပ်ငန်းစဉ်တရပ်ကို ဖြစ်စေချင်တာပါ"ဟု ဒေါက်တာသောင်းထွန်းက ပြောသည်။

စစ်အစိုးရအပေါ် စီးပွားရေးပိတ်ဆို့အရေးယူထားသော အမေရိကန်အစိုးရအရာရှိနှင့် နအဖကိုယ်စားလှယ်များ၏ ဘေဂျင်းတွင် တိုက်ရိုက်ဆွေးနွေးခဲ့ခြင်းသည် နိုင်ငံရေးအရ ထူးခြားမှုတခုဟု ဒေါက်တာသောင်းထွန်းက အကောင်းမြင်သည်။

"ဆက်သွယ်ရေးလမ်းကြောင်းကတော့ ဒါပွင့်သွားတယ်။ ဒီဆက်သွယ်ရေးလမ်းကြောင်းအပေါ်မှာ အခြေခံပြီးတော့ ဘယ်လောက်တိုးတက်မှုရှိလာမလဲဆိုတာ နအဖရဲ့ တုံ့ပြန်မှုတွေအပေါ်မှာ မူတည်တယ်"ဟု ဒေါက်တာသောင်းထွန်းကပြောသည်။

မြန်မာပြည်ပြဿနာကို ပြည်တွင်းရေးကိစ္စအဖြစ် အမြဲပြောဆိုနေသော တရုတ်အစိုးရက ယခုကဲ့သို့ တွေ့ဆုံမှုမျိုးကို စီစဉ်ပေးခဲ့ခြင်းသည် ခြေလှမ်းမှန်တခုအဖြစ် အကောင်းမြင်သော်လည်း ဘေဂျင်းဆွေးနွေးမှုအပေါ် အဆုံးအဖြတ်ပေးမည့်သူများမှာ နေပြည်တော်မှ ခေါင်းဆောင်များသာဖြစ်ကြောင်းလည်း ဒေါက်တာသောင်းထွန်းက

# နအဖ၏ အတုအယောင်အမျိုးသားညီလာခံနောက်ဆုံးအဆင့် လုပ်ငန်းစဉ်အပေါ် သဘောထားထုတ်ပြန်ချက်

၁။ နအဖစစ်အုပ်စုသည် ၎င်းတို့၏အတုအယောင်အမျိုးသားညီလာခံကို လာမည့် ဇူလိုင်လ (၁၈) ရက်နေ့တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး ယခုတကြိမ်သည် ညီလာခံ၏ နောက်ဆုံးအပိုင်းဖြစ်သည်ဟု နအဖပြန်ကြားရေးဌာနမှ တရားဝင်ထုတ်ပြန်သည်။ (၁၄) နှစ်ကြာ အချိန်ယူခဲ့သော အဆိုပါညီလာခံသည် စစ်အုပ်ချုပ်ရေးကို သက်ဆိုးရှည်အောင်အားထုတ်မှုဖြစ်ပြီး ပြည်သူလူထုကို တရားဝင်စစ်ကျွန်ပြုခွင့်ရရေး စစ်အုပ်စု၏ကြိုးပမ်းမှုပင်ဖြစ်သည်။

၂။ မြန်မာနိုင်ငံတွင် တရားဝင်ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ စစ်တပ်က စိတ်ကြိုက်ချယ်လှယ်လွှမ်းမိုးအုပ်ချုပ်ခဲ့သည်မှာ ဆယ်စုနှစ် နှစ်ခုနီးပါးရှိခဲ့ပြီဖြစ်ရာ ပြည်သူကို အကျိုးပြုပြီး ပြည်သူ့ဆန္ဒသဘောထားအမှန်ကို ရောင်ပြန်ဟပ်မည့် စစ်မှန်ခိုင်ခံ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် အမှန်တကယ်လိုအပ်နေသည်မှာ အငြင်းပွားဖွယ်မရှိပါ။ သို့သော် နိုင်ငံတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်သည် သက်ဆိုင်ရာနိုင်ငံရှိ နိုင်ငံသားများ၏ မွေးရာပါဒီမိုကရေစီအခွင့်အရေးများကို အာမခံမှုနှင့် နိုင်ငံ၏တရားဥပဒေစိုးမိုးရေးမဏ္ဍိုင်အခိုင်အမာဖြစ်ထွန်းမှုတို့ကို အလေးပေးရမည့်အပြင် အဆိုပါနိုင်ငံတွင် ပကတိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေ၊ အတိတ်သမိုင်းနောက်ခံနှင့် ကမ္ဘာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို မျက်ခြေမပြတ်ရန်လိုအပ်ပါသည်။

၃။ လက်ရှိစစ်အုပ်စုသည် ပြည်သူလူထု၏ဆန္ဒအမှန်ဖြစ်သော ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ဥပေက္ခာပြုခြင်း၊ ပြည်သူလူထုက တခဲနက်ရွေးချယ်ထားသော အနိုင်ရပါတီကို အပြင်းအထန်ချေမှုန်းတိုက်ခိုက်နေခြင်း၊ ပါတီခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်ခြင်း၊ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခြင်း၊ နိုင်ငံရေးသမား (၁၅၀၀) ခန့်ကို မတရားအကျဉ်းချထားခြင်းများ ပြုလုပ်လျက်ရှိသည်။ ၎င်းအပြင် စစ်ဘေးဒဏ်ကြောင့် တိုင်းရင်းသားနယ်မြေဒေသများတွင် နေရပ်ရင်းပျောက်ဆုံးနေသော တိုင်းရင်းသားများ နေ့စဉ်တိုးပွားနေခြင်းသည် နအဖစစ်အုပ်စုလက်ထက်တွင် နိုင်ငံသားများ၏ ဒီမိုကရေစီအခွင့်အရေးဆုံးရှုံးမှုများနှင့် တရားဥပဒေစိုးမိုးရေးကင်းမဲ့မှုတို့ကို သိသာစေသည်။ အထက်ပါအချက်များကြောင့် မြန်မာပြည်ကို နိုင်ငံတကာက စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ထားပြီး မြန်မာပြည်ပြဿနာသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးဆုံးဖြတ်ရသည့်အထိ အခြေအနေဆိုးရွားခဲ့သည်။

၄။ နအဖစစ်အုပ်စုသည် အထက်ပါအခြေအနေအရပ်ရပ်ကို အဆုံးမသတ်ဘဲ အတုအယောင်ညီလာခံကို အဆုံးသတ်ရန်ကြိုးပမ်းမှုသည် ၎င်းတို့၏တရားမဲ့လုပ်ရပ်များကို ဥပဒေဖြင့် တရားဝင်ကျူးလွန်နိုင်ရန် ကြိုးပမ်းနေခြင်းပင်ဖြစ်သည်။ ၎င်းအတုအယောင်ညီလာခံမှ အတည်ပြုပြဋ္ဌာန်းပေးလိုက်မည့် ဖွဲ့စည်းပုံတရပ်သည်လည်း ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက မျှော်မှန်းထားသော စစ်မှန်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေမည်ဟု ယုံကြည်သည်။ ယင်းယုံကြည်ချက်အပေါ် နအဖ၏ အတုအယောင်ညီလာခံကို ကိုယ်တိုင်တက်ရောက်ပြီးမှ ကျောခိုင်းထွက်လာကြသော ညီလာခံကိုယ်စားလှယ်များ၏ ယခုသတင်းစာရှင်းလင်းပွဲမှ ရင်ဖွင့်ရှင်းလင်းချက်များက ပိုမိုခိုင်လုံစေမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

ဆက်သွယ်ရန် – ဦးမြင့်သိန်း
တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)
ဖုန်း – ၆၆–၀၈၇–၁၀၈–၃၅၅၂

● မျက်နှာဖုံးသတင်းမှ ...

လုပ်ဆောင်နေခြင်းမဟုတ်ကြောင်း၊ မြန်မာပြည်ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အနာဂတ် မြန်မာပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်လှုပ်ရှားနေကြောင်း ကိုဌေးကြွယ်ကရှင်းလင်းသည်။

ဆဲဗင်းဂျူလိုင်နေ့ အောက်မေ့ဖွယ်အခမ်းအနားကို နယ်သာလန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံရှိ ဒီမိုကရေစီအင်အားစုများက ကျင်းပခဲ့ကြပြီး အရေးတော်ပုံအတွင်း ကျဆုံးကျောင်းသားရဲဘော်များကို အလေးပြုခြင်းနှင့် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးအတွက် သံန္နိဋ္ဌာန်ပြုခြင်းများ ချမှတ်ပြုလုပ်ခဲ့ကြသည်။

၁၉၆၂ ခုနှစ်၊ မတ်လတွင် ဦးနေဝင်းခေါင်းဆောင်သော စစ်တပ်က တိုင်းပြည်အာဏာကို အဓမ္မသိမ်းယူခဲ့သည့် အပေါ် လက်မခံနိုင်သော ကျောင်းသားရာပေါင်းများစွာသည် တက္ကသိုလ်သမဂ္ဂအဆောက်အဦးတွင် စုရုံးသပိတ်မှောက်ဆန္ဒပြနေစဉ် ဇူလိုင်လ (၇) ရက်နေ့တွင် အာဏာသိမ်းအုပ်စု၏ ဗုံးခွဲအကြမ်းဖက်ခြင်းခံရပြီး ဆန္ဒပြကျောင်းသားရာပေါင်းများစွာ သွေးမြေကျခဲ့ရသည်။

❖

**● ဖွန်မိုင်းဆောင်းပါးမှ ...**

မှန်းကြည့်မိတယ်။

(၇)

ဖွဲ့စည်းပြီးတယ်ဆိုရင်ပဲ ....

ထောင်သောင်းချီတဲ့ ကျောင်းသားတွေဟာ အဓိပတိလမ်းတလျှောက် ချီတက်ခဲ့ကြတယ်။

ခွပ်ဒေါင်းအလံတွေကို လွှင့်တင်ရင်း

သုံးရောင်ခြယ် ကဒေါင်းအလံကြီးကို ဖြန့်လျှက် ကျောင်းသားရှစ်ယောက်က ကိုင်ဆောင်ရင်း လူထုရှိရာချီတက်ခဲ့ကြတယ်။ လှည်းတန်းလမ်းဆုံ၊ ပြီးတော့ ပြည်လမ်းတလျှောက် ....

အဲဒီကမှ .... လူထုရှိရာ မြန်မာနိုင်ငံတနံတလျားက နေရာအနှံ့ဆီ....

လူထုနှင့်အတူလက်တွဲပြီး လူထုလူတန်းစားအလွှာစုံနှင့် တပ်မတော်သားတချို့ပါပါဝင်တဲ့ ရှစ်လေးလုံးအရေးတော်ပုံကြီးကို ဦးဆောင်လှုပ်ရှားခဲ့ကြတယ်။

တပြည်လုံးမှာ၊ နေရာအနှံ့မှာ ....

ဒီမိုကရေစီ ရရှိရေး။

တပါတီစနစ် ဖျက်သိမ်းရေး။

ပါတီစုံ စနစ်ရရှိရေး။

ကြားဖြတ်အစိုးရဖွဲ့စည်းရေး ကြွေးကြော်သံတွေ ကမ္ဘာတုန်အောင် ကြွေးကြော်ခဲ့ကြတယ်။

ဂျီသရီးသံ၊ ဂျီဖိုးသံတွေ ဆွံ့အသွားလောက်အောင် ကျနော်တို့လူထုတွေ အောင်ပွဲခံနိုင်ခဲ့ကြတယ်။

အဲဒီမနက်နဲ့ အဲဒီမနက်ရဲ့ နောက်မနက်တွေ ....

အားလုံးမှတ်မိကြမှာပါ။

သမိုင်းခေတ်နှင့်ပြောရင် ဘာဝေးသေးလို့လဲ။

(၈)

အဲဒီတုန်းက အငွေ့အသက်တွေ အခုပြန်ရနေတယ်လို့ ကျနော်ပြောရင် "ဒါတော့ ဇွတ်ပြောတာပဲ" လို့ ကျနော့်ကို တချို့က စောဒက တက်ချင်ကောင်း တက်ချင်ကြမလားပဲ။

ကျနော်ကတော့ အဲဒီ ရနံ့တွေတကယ်ရတယ်။ တကယ့်ကို ရနေတယ်။

ဘာဖြစ်လို့လဲဆိုတော့ .... အဲဒီတုန်းက ဘဝဂ်ထိညံသွားအောင် ကြွေးကြော်တောင်းဆိုတိုက်ပွဲဝင်ခဲ့တဲ့သူတွေ၊ ဆာလောင်မှုတွေနှင့်မွန်းကြပ်နေတဲ့သူတွေဟာ အခုကျနော်တို့ရှေ့မှာရှိနေကြတဲ့ ဟောဒီလူမျိုးစုံပြည်သူတွေပဲလေ။

အနာဂတ်မဲ့မှုတွေနဲ့ အရာရာမသေချာမရေရာဖြစ်နေကြရတဲ့ ကျနော်တို့ရဲ့ ဟောဒီပြည်သူတွေပါပဲ။

အခြေအနေတွေဟာ ဘာဆို ဘာမှ မပြောင်းလဲသေးဘူး။ မပြောင်းလဲရုံသာမက ပိုပြီးငတ်လာတယ်။ ပိုပြီး မွန်းကြပ်လာတယ်။ ပိုပြီး မရေရာ မသေချာဖြစ်လာတယ်။

ဒီပြည်သူတွေရှိနေသမျှ

ဒီမွန်းကြပ်မှုတွေ၊ ဒီအနာဂတ်မဲ့မှုတွေနှင့် ဒီငတ်မွတ်ဆာလောင်မှုတွေရှိနေသေးသမျှ၊

ဒီဖိနှိပ်မှုတွေ၊ ဒီရက်စက်မှုတွေ ရှိနေသမျှ၊

ဒီတိုက်ပွဲအငွေ့အသက်တွေကို ဘယ်သူတားထားဆီးထားလို့ ရနိုင်မှာလဲ။

ဒီတိုက်ပွဲအရှိန်အဟုန်မျိုးတွေကို ဘယ်သူတားထားဆီးထားလို့ ရနိုင်မှာတဲ့လဲ။

တားနိုင်မယ်လို့ထင်ရင် တားကြည့်လိုက်ပါ။ လူတချို့အတွက် လွတ်လပ်စွာ ရှူသွပ်ခွင့် ရှိကောင်းရှိနိုင်ပါလိမ့်မယ် ။ ။

ဇွန်မိုင်း

၂၃၊ ၇၊ ၂၀၀၇

**● မင်းလွင် (ရှမ်းပြည်) ဆောင်းပါးမှ ...**

ကူညီမည်ဟု ဆွေတော်မျိုးတော်များကို ပြန်ကြားခဲ့သည်။ ရဲဘော်မြင့်သန်းကွယ်လွန်သည့်သတင်းကို သိသောအခါတွင်လည်း "သူ့မိသားစုဘယ်လိုရပ်တည်သလဲ။ ဘာလုပ်ကိုင်စားသောက်ကြသလဲ"ဟု ဂရုဏာသံဖြင့် မေးမြန်းသမှုပြုခဲ့ပါသည်။ တကယ်တော့ သူလည်း ခံစားတတ်သွားလေပြီ။

ယခုတော့ ဘဝအတွက် နောက်ဆုံးအချိန်ရောက်နေပြီဆိုတာကို ကျနော်သိလိုက်ရတဲ့အချိန် သူနဲ့ကျနော်တို့ရဲ့ ရာထူးဂုဏ်ပကာသနများကိုဘေးဖယ်ပြီး တောင်တန်းသားအနေဖြင့်တွေ့ဆုံပြီး အားပေးစကားပြောချင်ပါသည်။ အချုပ်အားဖြင့်ဆိုရသော် မြန်မာ့မြေပေါ်တွင် မွေးဖွားပေးလိုက်သော ဦးနေဝင်း၏ ဖက်ဆစ်စနစ်သားကောင်အဖြစ် ကျနော်တို့ဘဝတွေ ကွာခြားကုန်တော့သည်။ စစ်ကြောင့် ကျနော်တို့ပြည်သူပြည်သားတွေ အသက်စတေးခံရသည်။ မိဘမဲ့ကလေးတပ်များ ပေါ်ထွက်လာသည်။ ဒဏ်ရာရ၊ ကျိုးကန်းကြသော ဒုက္ခိတတပ်ကြီး မွေးဖွားလာသည်။ တိုက်ခိုက်နေကြသော နှစ်ဘက်စလုံးမှ မုဆိုးမတပ်က အဆင်သင့်စောင့်ကြိုနေသည်။ ပြဿနာ၏အဖြေကိုကား ရေရှည်မဖြေရှင်းနိုင်ပါ။

ပြာပုံဘဝအောက်မှ လွတ်လပ်ရေးရခဲ့သော ကျနော်တို့နိုင်ငံ စစ်ဖိနပ်အောက်မှ အမြန်ဆုံးလွတ်မြောက်နိုင်ပါစေ။ စနစ်တွေကြောင့် မဆုံဆည်းခဲ့ရသော ကျနော်နဲ့ ပါတနာတို့အဖြစ်မျိုး လူတိုင်းကင်းဝေးနိုင်ပါစေ။ ဒီပဲယင်း စစ်ရာဇဝတ်ကောင်ဘွဲ့ရခဲ့သော စကော်ပူဆေးရုံမှ ပါတနာတယောက် ဒီပဲယင်းအာဇာနည်တို့၏ပုံရိပ်များ ခြောက်လှန့်မှုမှ လွတ်မြောက်ကာ နောင်သံသရာထိ မခံစားရဘဲ ဒီဘဝဒီမျှဖြင့် ဘဝနိဂုံးချုပ်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

မင်းလွင် (ရှမ်းပြည်)

**ကျေးဇူးတင်လွှာ**

ဤစာတမ်းဖြစ်မြောက်ရေးအတွက် တိုက်တွန်းအားပေးသော သူငယ်ချင်းအားလည်းကောင်း၊ လွတ်လပ်ရေးမော်ကွန်းဝင်တော်လှန်ရေးရဲဘော်ဟောင်းနှင့် ဦးချမ်းသာ၏ သူငယ်ချင်းအရင်းများဖြစ်ကြသော ဖိုးဖိုး (ဦးအုံးဖေ – ပင်လုံစစ်တမ်း)၊ (ဦးအေးမောင် – သံဖြူ)၊ (ဦးညွန့်မောင် – ပင်းတယ ပါလီမန်အမတ် – ရှမ်းပြည်အတိုင်ပင်ခံကောင်စီအကြံပေး) တို့ကို ကျေးဇူးတင်ရှိပါသည်။

(စာတမ်းပါဝန်ကြီးချုပ်၏ အတ္ထုပတ္တိအချို့ကို တပ်မတော်မော်ကွန်းတိုက်မှ ကူးယူလိုပါက ခွင့်ပြုကြောင်းနှင့် စကော်ပူဆေးရုံရောက်လူနာအား အမြန်ပေးပို့နိုင်ပါသည်)။

# နအဖ၏ ဖွဲ့စည်းပုံကြောင့် လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခတွေ ပိုမိုကြီးထွား ပြင်းထန်လာမည်

## နအဖ၏အတွင်းဟောင်းလောင်းဖွဲ့စည်းပုံအပေါ် ဦးအောင်ထူး၏ကောက်ချက်



(ဦးအောင်ထူးသည် ထိုင်းမြန်မာနယ်စပ်အခြေစိုက် မြန်မာနိုင်ငံရှေ့နေ များကောင်စီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သည်။)

ယနေ့ဟာ Globalization ခေတ်ဖြစ်သွားပြီ။ နိုင်ငံတကာဥပဒေတွေကို ကျနော်တို့တိုင်းပြည်က ဘယ်လိုလက်ခံမလဲဆိုတာပါရမှာဖြစ်တယ်။ အဲဒါလည်း မပါဘူး။ ကာကွယ်ရေးဦးစီးချုပ်နဲ့ သူ့လက်ပါးစေစစ်ဗိုလ်တွေသာ ခြယ်လှယ်သွားတော့မယ်။ ကျနော် ဆက်တင်ပြချင်တဲ့အချက်က ဘာလဲဆိုတော့ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်လို့ ထိထိရောက်ရောက် ကာကွယ်ဖို့ ဘာပြဌာန်းချက်မှမပါဘူး။ ကနေ့ကာလက သတင်းခေတ်ဖြစ်တယ်။ Information ခေတ်။ အဲဒီတော့ Information နဲ့ပတ်သက်ပြီးတော့ သတင်းဌာနတွေ၊ သတင်းလုပ်ငန်းတွေကနေပြီးတော့ လူ့အဖွဲ့အစည်းကို အကျိုးပြုနေကြတယ်။ ဒါပေမယ့် နအဖဖွဲ့စည်းပုံမှာ လွတ်လပ်တဲ့သတင်းဌာနတွေ အားကောင်းစွာလည်ပတ်တည်ရှိနိုင်ဖို့အတွက် ဘာပြဌာန်းချက်မှမပါဘူး။ နိုင်ငံရေးပါတီတွေမဆိုထားနဲ့ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်မယ့်အဖွဲ့တွေ၊ HIV၊ AIDS တို့လို ရောဂါတွေခံစားနေရတဲ့လူတွေကို စောင့်ရှောက်မယ့်အဖွဲ့တွေ၊ နောက်မိဘမဲ့ကလေးတွေ၊ ဒုက္ခရောက်နေတဲ့အမျိုးသမီးတွေကို စောင့်ရှောက်မယ့်အဖွဲ့တွေ၊ အဲဒါတွေအားကောင်းစွာ လှုပ်ရှားခွင့်ရဖို့ ဘာပြဌာန်းချက်မှမပါဘူး။ တချိန်တည်းမှာ စီးပွားရေးတိုးတက်မှုအတွက် အလုပ်သမားအခွင့်အရေးဖက်ကလည်း စဉ်းစားဖို့လိုတယ်။ အလုပ်သမားအခွင့်အရေးကို တိုးတက်ရရှိစေဖို့အတွက် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ရဲ့ နိုင်ငံတကာစာချုပ်စာတမ်းတွေကို ဘယ်လိုဖော်ဆောင်သွားရမယ်ဆိုတာ နအဖဖွဲ့စည်းပုံမှာ ဘာမှမပါဘူး။ ကနေ့ ထိုင်းနိုင်ငံနဲ့ နိုင်ငံခြားတိုင်းပြည်တွေမှာရောက်နေတဲ့ အတိဒုက္ခရောက်နေတဲ့ သန်းနဲ့ချီတဲ့အလုပ်သမားတွေရဲ့အခွင့်အရေးတွေကို တိုးတက်ဖို့အထောက်အပံ့ဖြစ်စေမယ့် ဘာပြဌာန်းချက်မှမပါဘူး။ တိုင်းပြည်တခုဟာ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီနစ်ပြောင်းတယ်ဆိုတဲ့နေရာမှာ ဖွဲ့စည်းပုံတိုင်းမှာပါတဲ့အခန်းတခန်းရှိတယ်။ အဲဒါဘာလဲဆိုတော့ အသွင်ကူးပြောင်းရေးဆိုင်ရာကာလဖြစ်တယ်။ နအဖဖွဲ့စည်းပုံမှာ ပြီးခဲ့တဲ့ကာလတွေတုန်းကဖြစ်ပွားခဲ့တဲ့ လူထုတွေခံစားနေရတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုအတွက် အရေးယူဆောင်ရွက်ဖို့ ဘာပြဌာန်းချက်မှမရှိဘူး။ နယ်စပ်ဒေသဒုက္ခသည်တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ကြီးကြပ်စောင့်ရှောက်မှုအောက်ကနေပြီးတော့ သူ့နေရင်းရပ်ရွာတွေကိုပြန်ဖို့ကိစ္စတွေ ဘာတခုမှ မပြဌာန်းထားဘူး။ အတင်းအဓမ္မရွှေ့ပြောင်းခံရလို့ ရွာတွေပျက်ရ၊ မြေတွေအသိမ်းခံရ၊ အဲဒီလို နစ်နာဆုံးရှုံးတဲ့လူထုတွေကို ပြန်လည်ကုစားပေးဖို့ ဘာပြဌာန်းချက်မှမပါဘူး။ အပစ်အခတ်ရပ်စဲသွားတဲ့ လက်နက်ကိုင်အဖွဲ့တွေရှိတယ်။ ဒီအဖွဲ့အစည်းတွေကို ဘယ်လိုလက်နက်တွေဖြုတ်ပြီးတော့ လူထုအဖွဲ့အစည်းအသွင်ကူးပြောင်းကြမယ်ဆိုတဲ့ ပြဌာန်းချက်တွေ တခုမှမပါဘူး။ နိုင်ငံသားတွေရဲ့အခွင့်အရေးဆုံးရှုံးမှုတွေကို ကာကွယ်ပေးမယ့်လူ့ အခွင့်အရေးကော်မရှင်လိုဟာလည်း နအဖဖွဲ့စည်းပုံထဲမှာမရှိဘူး။ နောက် အစိုးရအမှုထမ်းတွေ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်စစ်ဆေးမယ့် ယာယီအစိုးရသဘောမျိုးလည်းမရှိဘူး။ အစိုးရအာဏာပိုင်မဟုတ်တာလုပ်ရင် အရေးယူအပြစ်ပေးမယ့် အုပ်ချုပ်ရေးတရားရုံးလိုဟာမျိုးလည်း နအဖဖွဲ့စည်းပုံမှာမရှိဘူး။ တခါ ပြည်ထောင်စုတွေမှာ ဖြစ်လေ့ရှိတဲ့ပြဿနာဖြစ်တယ်။ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရကြားမှာဖြစ်တယ်။ ပြည်နယ်အစိုးရ အချင်းချင်းကြားထဲမှာဖြစ်တယ်။ နိုင်ငံရေးပါတီနဲ့ အစိုးရကြားထဲမှာဖြစ်တယ်။ အဲဒီလိုပြဿနာတွေဖြစ်လာရင် ဖြေရှင်းဆောင်ရွက်နိုင်ဖို့ အုပ်ချုပ်ရေးတရားရုံးမျိုး နအဖဖွဲ့စည်းပုံမှာမရှိဘူး။ ဒါပေမယ့် နအဖဖွဲ့စည်းပုံမှာ မတရားတဲ့ဥပဒေတွေ ဆက်ရှိနေတယ်။ လျှို့ဝှက်အကျဉ်းထောင်တွေ၊ အချုပ်စခန်းတွေ ဆက်ရှိနေမယ်။ ဖိနှိပ်တဲ့ယန္တရားအမျိုးမျိုးတွေဆက်ရှိနေမယ်။ နအဖက ခုနက ကိုယ်စားလှယ်ကြီးတွေပြောသွားတဲ့အတိုင်း ဖွဲ့စည်းပုံဆွဲတာ (၁၄) နှစ်ရှိသွားပြီ။ ဒါပေမယ့် တိုင်းရင်းသားတွေကိုယ်ပိုင်ပြဌာန်းခွင့်တို့၊ နိုင်ငံရေးအခွင့်အရေးတို့ဆိုတာတွေဝေးလို့၊ တိုင်းရင်းသားတွေရဲ့ စာပေလွတ်လပ်စွာသင်ကြားခွင့်ကို အထောက်အပံ့ဖြစ်စေမယ့် အားကောင်းလာစေဖို့အတွက် ဘာပြဌာန်းချက်မှမထားဘူး။ ပညာရေးအရပြောရမယ်ဆိုရင် လူငယ်တွေရင်ဆိုင်နေရတဲ့ လက်ရှိ ပျက်နေတဲ့ပညာရေးကို ပြုပြင်ဖာထေးပြီးတော့ အကောင်းဘက်ကိုဦးတည်တဲ့ပညာရေးစနစ်တရပ် တည်ဆောက်ခွင့်ရနိုင်ဖို့ ဘာပြဌာန်းချက်မှ မရှိဘူး။ လူမှုရေးကဏ္ဍအရ ပြောရမယ်ဆိုရင်လည်းပဲ ကိုယ့်ကိုယ်ကို လူကုန်ကူးခံရ၊ ပျော်တော်ဆက်ခံရ၊ တရုတ်မယားအဖြစ် အရောက်ခံရ၊ ထမင်းစားစရာမရှိလို့ဆံပင်ဖြတ်ရောင်းပြီးတော့ ရှက်တာကြောင့် ဆံပင်ခိုးဖြတ်ခံရပါတယ်လို့ပြောရတဲ့ဘဝအထိ ရုန်းကန်နေကြရတဲ့ အမျိုးသမီးတွေကို လူမှုရေးအရကာကွယ်စောင့်ရှောက်ဖို့၊ အထောက်အပံ့ဖြစ်ဖို့ ဘာပြဌာန်းချက်မှမပါဘူး။ ခြုံပြောရရင် နအဖရဲ့ဖွဲ့စည်းပုံက လူထုအတွက် ဘာတခုမှရစရာမရှိဘူးလို့ အတိအကျပြောချင်တယ်။ ဒါပေမယ့် ဆုံးရှုံးစရာတွေချည်း။ အောက်ခြေတပ်မတော်သားတွေနဲ့လူထုတွေက ဆင်းရဲနေကြမယ်။ ကုန်းကောက်စရာမရှိတော့ဘူး။ အဲဒီအချိန်မှာ စစ်ဗိုလ်တွေနဲ့ သူ့ရောင်းရင်းတွေစီးပွားဖြစ်ကြမယ်။ ကြီးကြီးကျယ်ကျယ် ချမ်းသာကြမယ်။ အဲဒီခေတ်ကြီးကိုရောက်သွားမယ်။ လူထုတွေက ဒါကိုကြည့်ပြီးတော့ စိတ်ထဲမှာ မနာလိုစိတ်တွေပေါ်လာမယ်။ မုန်းတီးစိတ်တွေပေါ်လာမယ်။ အာဃာတစိတ်တွေပေါ်လာမယ်။ ဒီအချိန်ကျရင် ဒေါသတွေပြင်းထန်လာမယ်။ ဒါ့ကြောင့် နအဖရဲ့ဖွဲ့စည်းပုံဟာ လူ့အဖွဲ့အစည်းမှာ ဖြစ်တည်နေတဲ့ ပဋိပက္ခတွေကို ပြေလည်အောင်ဖြေရှင်းဖို့ အခြေခံကိုချမှတ်တဲ့ဖွဲ့စည်းပုံမျိုးမဟုတ်ဘူးဆိုတာကို ဒီနေရာကနေပြီး အတိအလင်းပြောချင်တယ်။ နအဖရဲ့ဖွဲ့စည်းပုံကြောင့် လူ့အဖွဲ့အစည်းအတွင်းမှာ ပဋိပက္ခတွေ ပိုမိုကြီးထွားပြင်းထန်လာမယ်။ တိုင်းပြည်ကိုမွဲပြာကျ၊ လူထုကို ဆင်းရဲတွင်းနက်သထက်နက်မယ့် ဖွဲ့စည်းပုံအခြေခံဖြစ်တဲ့အကြောင်းတင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။

❖

# လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ကို ရှေ့နေလုပ်ခွင့် (၂) နှစ်ပိတ်ပင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဃ်္ဘန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ကို ပြည်ပအသံလွှင့်ဌာနတခုနှင့် အင်တာဗျူးလုပ်သဖြင့်ရှေ့နေတဦး၏ကျင့်ဝတ်ကို ဖောက်ဖျက်သည်ဟုဆိုကာ ရှေ့နေလုပ်ခွင့် (၂) နှစ်ပိတ်ပင်လိုက်သည်။

တရားရုံးကို မထီမဲ့မြင်လုပ်သည်ဟူသောစွဲချက်ဖြင့် ရှေ့နေလုပ်ခွင့်ပိတ်ပင်ခံလိုက်သောရသော နိုင်ငံရေးအကျဉ်းသားများ၏ အမှုကို လိုက်ပါဆောင်ရွက်ပေးနေသူ ဦးသိန်းညွန့်က "ရှေ့နေရှေ့ရပ်များ၏ကျင့်ဝတ်သိက္ခာ အပိုဒ် (၃၂) အရ တရားသူကြီးတွေကို ဝေဖန်ခြင်းမပြုရဘူး၊ အပိုဒ် (၂၁၂) အရ တရားသူကြီးတွေကို မချေမငံဆက်ဆံခြင်းမပြုသင့်ဘူး"ဆိုတဲ့အချက်များကိုဖော်ပြပြီး တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေ ပုဒ်မ၁၀/၁ အရ ရှေ့နေလိုက်ပိုင်ခွင့် (၂) နှစ် ရပ်ဆိုင်းကြောင်း အမိန့်ချမှတ်လိုက်ကြောင်းပြောသည်။

ဇွန်လ (၂၉) ရက်နေ့က အမိန့်ချမှတ်ခဲ့သောအဆိုပါအမှုသည် ၂၀၀၅ ခုနှစ်၊ နှစ်ဝက်ကတည်း စတင်ခဲ့ခြင်းဖြစ်ပြီး ကာယကံရှင်ဘက်က လျှောက်လဲချက်ပေးခဲ့သော်လည်း တရားသူကြီးမှ အကြိမ်ကြိမ်ပယ်ကာ နောက်ဆုံးအခြေအနေသို့ ရောက်ရှိသွားခြင်းဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့က ဦးသိန်းညွန့်သည် ငွေကြေးမတတ်နိုင်၍ တဝက်တပျက်ဖြစ်နေသောအမှုတခုကို အမှုသည်၏ မေတ္တာရပ်ခံချက်အရ လိုက်ပါဆောင်ရွက်ခဲ့ပြီး အမိန့်ချမှတ်အပြီးတွင် အမှု၏ဖြစ်စဉ်ကို ပြည်ပအသံလွှင့်ဌာနတခုနှင့် အမေးအဖြေလုပ်ခဲ့သည်။

ယင်းလုပ်ရပ်အပေါ် တရားလိုကတရားရုံးကို မထီမဲ့မြင်လုပ်သည်ဟု တရားစွဲဆိုခဲ့ပြီး ၂၀၀၅ ခုနှစ်၊ မေလ (၉) ရက်နေ့တွင် တရားသူကြီး ဦးမြင့်သိန်းကလည်း မိမိနိုင်ငံအပေါ် အားမနာပ သတင်းထုတ်လွှင့်နေသော သတင်းဌာန၏အမေးကို ဖြေကြားခြင်းသည် ရှေ့နေကျင့်ဝတ်ကိုဖောက်ဖျက်သည်ဟု ဆုံးဖြတ်ချက်ချခဲ့သည်။

ဦးသိန်းညွန့်ဘက်က လျှောက်လဲချက်ကို ၂၀၀၅ ခုနှစ်ထဲတွင်တကြိမ်၊ ၂၀၀၇ ခုနှစ် ဇွန်လ (၅) ရက်နေ့တွင်တကြိမ် ပယ်ချခဲ့ပြီး ဇွန်လ (၂၉) ရက်နေ့တွင် ရှေ့နေလုပ်ခွင့် (၂) နှစ် ရပ်နားကြောင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဦးသိန်းညွန့် ရှေ့နေလိုင်စင်သက်တမ်း (၂၅) နှစ်အတွင်း ဟံသာဝတီဦးဝင်းတင်၏အမှု၊ ရှမ်းလူမျိုးခေါင်းဆောင် ဦးစိုင်းဖအမှု၊ စစ်ကိုင်းတိုင်း ဒီပဲယင်းလွှတ်တော်ကိုယ်စားလှယ် စစ်ကိုင်းတိုင်း အဲန်အယ်လ်ဒီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီးကျော်ဆန်း (အငြိမ်းစား) အမှုအပါအဝင် နိုင်ငံရေးအကျဉ်းသားများ၏အမှုကို လိုက်ပါဆောင်ရွက်ခဲ့သူဖြစ်သည်။

ယခုကဲ့သို့ ရှေ့နေလုပ်ခွင့်ပိတ်ပင်ခံရသည့်ကိစ္စအပေါ် ကာယကံရှင်ဦးသိန်းညွန့်က ယခုကိစ္စသည် "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အဖွဲ့ချုပ်ဝင်တွေအပေါ်မှာ နည်းအမျိုးမျိုးနဲ့ ဖိနှိပ်မှုတွေထဲက တခုပဲဖြစ်ပါတယ်"ဟုပြောသည်။ ❖

# ဟံသာဝတီဦးဝင်းတင်ကို ပြန်လွှတ်ရမည့် အချိန်ကျော်လွန်



ဦးဝင်းတင်လွတ်မြောက်ရေးတောင်းဆိုနေစဉ်

ထောင်သက် (၁၈) နှစ်ရှိပြီဖြစ်သည့် သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်ကို ပြန်လွှတ်ပေးရန် မြန်မာသတင်းသမားများသမဂ္ဂနှင့် အရှေ့တောင်အာရှစာနယ်ဇင်းအဖွဲ့ (SEAPA) တို့က ဇူလိုင်လ (၂) ရက်နေ့နေ့စွဲဖြင့် ကြေညာချက်တောင်းဆိုလိုက်သည်။

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့တွင်ဖမ်းဆီးခံသော ဦးဝင်းတင်၏ ထောင်သက် (၁၈) နှစ်မပြည့်မီရက်ပိုင်းအလိုတွင် ပြည်ပအခြေစိုက်သတင်းသမားများက အချိန်ကိုက်တောင်းဆိုလိုက်ခြင်းဖြစ်ပြီး ယူနက်စကိုအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် Koichiro Matsura ကလည်း ဦးဝင်းတင်၏ အသက်အရွယ်နှင့်ကျန်းမာရေးကိုငဲ့၍ လွှတ်ပေးသင့်သည်ဟု စစ်အစိုးရကိုတိုက်တွန်းသည်။

မြန်မာသတင်းသမဂ္ဂ၏ အတွင်းရေးမှူး ဦးစံမိုးဝေက "ထောင်ဥပဒေအရဆိုရင် ဦးဝင်းတင်ကို ၂၀၀၆ ခုနှစ်၊ ဇွန်လကတည်းက လွှတ်ပေးရမှာပါ"ဟုပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ အားထားရဆုံး အကြံပေးအဖြစ်သတ်မှတ်ခံရသူ ဟံသာဝတီသတင်းစာအယ်ဒီတာချုပ်ဟောင်း ဦးဝင်းတင်သည်ထောင်ကျနေစဉ် ၁၉၉၅ ခုနှစ်က နိုင်ငံရေးအကျဉ်းသားများ လူ့အခွင့်အရေးချိုးဖောက်ခံနေရသည့်ကိစ္စကို ကမ္ဘာ့ကုလသမဂ္ဂသို့ စာရေးတိုင်ကြားခဲ့သောကြောင့် နောက်ထပ်ထောင်ဒဏ် (၇) နှစ်တိုးမြှင့်ခံရခြင်းဖြစ်သည်။

ဦးဝင်းတင်သည် ၁၉၈၈၊ အရေးတော်ပုံကြီးနောက်ပိုင်းတွင် အဖမ်းခံရသည့် နိုင်ငံရေးအကျဉ်းသားများအနက် ထောင်သက်အရှည်ကြာဆုံး နိုင်ငံရေးအကျဉ်းသားတဦးဖြစ်ပြီး နိုင်ငံရေးကိစ္စနှင့်လွှတ်ရန် ငြင်းဆန်ကာ ယုံကြည်ချက်အတွက် ထောင်ကျခံနေသူဖြစ်သည်။

ယခုအခါ အသက် (၇၇) နှစ်ရှိပြီဖြစ်သော ဦးဝင်းတင်သည် ထောင်တွင်း၌ နှလုံးရောဂါ (၂) ကြိမ်ခံစားခဲ့ရပြီးသွေးတိုး၊ ဆီးချို၊ ကျောရိုးဆစ်ကျည်းပေါင်းတက်သည့်ရောဂါခံစားနေရသော်လည်း ဆေးဝါးနှင့်အစားအစာအတွက် ထောင်ဝင်စာပို့သည့် မိတ်ဆွေများကိုသာ မှီခိုနေရသည်ဟု သိရသည်။

၂၀၀၁ ခုနှစ်တွင် ဦးဝင်းတင်ကို (ယူနက်စကိုဂီလာရ်မိုကာနို) ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်ဆုနှင့် ကမ္ဘာ့သတင်းစာများအသင်းကြီးက လွတ်လပ်မှုရွှေကလောင်ဆု၊ ယခုနှစ် ဖေဖော်ဝါရီလတွင် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့နှင့် ပြင်သစ်ဖောင်ဒေးရှင်းတို့က လွတ်လပ်မှုရွှေကလောင်ဆုများ ချီးမြှင့်ဂုဏ်ပြုခဲ့ကြသည်။

❖

# ကြံ့ဖွံ့အဖွဲ့များရမ်းကားနေ၊ ပြည်သူ့ကိုယ်စားလှယ်ကို သံလက်သီးနှင့်ဝင်ထိုး

ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းပွဲမှအပြန်တွင် ကြံ့ဖွံ့အဖွဲ့ဝင်တဦးဟုယူဆရသူ၏ သံလက်သီးဖြင့်ထိုးနှက်ခြင်းခံရသော အဲန်အယ်လ်ဒီပါတီမှ မတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်သည် ယခုအခါ ဆေးရုံမှပြန်ဆင်းလာပြီဖြစ်သည်။

နှာခေါင်းရိုးအက်သွားပြီး မျက်လုံးနှင့်ပါးစပ်တဝိုက်တွင် ဒဏ်ရာပြင်းထန်သဖြင့် မတ္တရာမြို့နယ်ဆေးရုံမှတဆင့် မန္တလေးဆေးရုံကြီးတွင် (၁၄) ရက်ကြာ ဆေးကုသခံရပြီးနောက် ဇွန်လ (၂၈) ရက်နေ့တွင်ဆေးရုံမှပြန်ဆင်းလာသော်လည်း ဒဏ်ရာမသက်သာသေးဟုသိရသည်။

ဇွန်လ (၁၅) ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် ဆုတောင်းပွဲမှအပြန်တွင် ဦးသန်းလွင်တို့အဖွဲ့ကို ကြံ့ဖွံ့အဖွဲ့နှင့် ရယကအဖွဲ့အပါအဝင် စုစုပေါင်းလူအင်အား (၄၀၀) ခန့်က လိုက်လံနှောင့်ယှက်ခဲ့ပြီး၊ အဲန်အယ်လ်ဒီပါတီအဖွဲ့ဝင် (၃၀) ကျော်ထဲမှ အသက် (၇၀) ရှိ ဦးသန်းလွင်အားအမည်မသိသူတဦးက သံလက်သီးဖြင့်ဝင်ရောက်ထိုးနှက်ခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားစဉ်တွင် သံလက်သီးနှင့်လူကို ဦးသန်းလွင်နှင့်အတူပါလာသည့် လူငယ်များက လိုက်လံဖမ်းဆီးရန်ကြိုးစားသော်လည်း ရယကအဖွဲ့ဝင်များက ကြားဝင်ဟန့်တားခဲ့သည်။ ယခုကဲ့သို့ မတရားအထိုးနှက်ခံရသည့်ကိစ္စနှင့်ပက်သက်၍ မတ္တရာရဲစခန်းတွင် ချက်ခြင်းအမှုဖွင့်တိုင်ကြားခဲ့သော်လည်း ယခုတိုင်အရေးယူခြင်းမရှိသေးဟု ဦးသန်းလွင်ကပြောသည်။

စစ်အစိုးရသည် ယခုနှစ်မေလအတွင်း နိုင်ငံရေးလှုပ်ရှားသူများအားမြို့နယ်၊ ရပ်ကွက်အလိုက် အကြမ်းဖက်နှိမ်နင်းရန်အတွက် ပြစ်မှုကျူးလွန်သူများ၊ ခိုးဆိုးလုယက်သူများအားစုဆောင်းသင်တန်းပေးနေပြီး နိုင်ငံရေးလှုပ်ရှားသူများကို သေသည်အထိ အကြမ်းဖက်ရန် ညွှန်ကြားထားသည်ဟု သတင်းများထွက်ပေါ်နေသည်။ ❖

# ရန်ကုန်အခြေစိုက် စာနယ်ဇင်းများကို စည်းကမ်းတင်းကြပ်

ရန်ကုန်အခြေစိုက် စာနယ်ဇင်းများအားလုံးတွင် ကြော်ငြာထည့်လျှင် လိုက်နာရမည့်စည်းကမ်း (၂၈) ချက်ကို စစ်အုပ်စုက ဇူလိုင်လကုန်ပိုင်းတွင် ထုတ်ပြန်သည်။ ဇူလိုင်လဆန်းပိုင်းက မြန်မာတိုင်း (မ်) ဂျာနယ်တွင် "လူသတ်ကောင် သန်းရွှေ" စာသားပါဝင်သော ကြော်ငြာတခုပါရှိခဲ့သဖြင့် ယခုကဲ့သို့စည်းကမ်းတင်းကြပ်လိုက်ခြင်းဖြစ်သည်။

ယခုထုတ်ပြန်သောစည်းကမ်းများအနက် အရေးအကြီးဆုံးအချက်မှာ ကြော်ငြာတွင် မြန်မာဘာသာနှင့်အင်္ဂလိပ်ဘာသာ (၂) ခုတည်းကိုသာ လက်ခံရန်ဖြစ်ပြီး အခြားဘာသာများ၊ တိုင်းရင်းသားဘာသာများဖြင့်ဖော်ပြလိုလျှင် စာပေစိစစ်ရေးသို့ ဘာသာပြန်ကိုပါ ပူးတွဲတင်ပြရမည်ဟုပါရှိသည်။

အဆိုပါ စည်းကမ်းသည် မြန်မာတိုင်း (မ်) ကြော်ငြာကို ဒိန်းမတ်ဘာသာစကားအဖြစ် စာပေစိစစ်ရေးက ယူဆခဲ့မိသည့် မဟာအမှားအပေါ် နမူနာကို သင်ခန်းစာယူခဲ့ခြင်းသည်ဟု စာပေအသိုင်းအဝိုင်းက ပြောသည်။ အခြားစည်းကမ်းချက်များမှာ အရက်ကြော်ငြာတွင် အမျိုးသမီးပုံမထည့်ရန်၊ စာပွဲထိုးအမျိုးသမီးခေါ်သော ကြော်ငြာများကို ခွင့်မပြုရန်၊ စာအုပ်ကြော်ငြာလိုလျှင် စာပေစိစစ်ရေးထံမှ ခွင့်ပြုချက်ယူရန်၊ မွေးနေ့ကြော်ငြာ၊ မင်္ဂလာဆောင်ကြော်ငြာများတွင် မျိုးရိုးစဉ်ဆက်အလိုက်အာမခံရန်၊ နိုင်ငံခြားသားနှင့် စေ့စပ်လက်ထပ်သောကြော်ငြာကို လုံးဝခွင့်မပြုရန်၊ အီးမေးလ်၊ ဖက်စ်နှင့်ပေးပို့လာသော ကြော်ငြာများကို နေရပ်လိပ်စာ အသေအချာစိစစ်ရန် စသောအချက် များပါဝင်သည်။ မြန်မာတိုင်း (မ်း) ကြော်ငြာဂယက်မှထွက်ပေါ်လာသော ယခုစည်းကမ်းချက်များအပေါ် စာနယ်ဇင်းအသိုင်းအဝိုင်းက မကျေမနပ် ဝေဖန်ပြောဆိုနေကြသည်။

စစ်အစိုးရအုပ်ချုပ်သော မြန်မာပြည်တွင် လူထု၏လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို စဉ်ဆက်မပြတ်နှိပ်ကွပ်ခဲ့သလို စာပေလွတ်လပ်ခွင့်နှင့်ပတ်သက်၍ ဝေဖန်ခံနေရသည်မှာ ဆယ်စုနှစ်ချီကြာမြင့်နေပြီဖြစ်သည်။

# လူထုပြဿနာကို ချက်ချင်းဖြေရှင်းပေးရမည်ဟု ကိုထင်ကျော်ဆို

သဃ်္ဘန်းကျွန်းစံပြဈေးရှေ့တွင် ကုန်ဈေးနှုန်းကျဆင်းရေးတောင်းဆိုမှုနှင့် ဧပြီလ (၂၂) ရက်နေ့ကတည်းက ဖမ်းဆီးခံထားရသော ကိုထင်ကျော်ကို ဇူလိုင်လ (၂၇) ရက်နေ့၊ ညနေပိုင်းတွင်ပြန်လွှတ်ပေးလိုက်သည်။

ကိုထင်ကျော်သည် ယခုနှစ်အတွင်း (၄) ကြိမ်တိုင်တိုင် အဖမ်းခံရလိုက်၊ ပြန်လွှတ်လာလိုက်ဖြစ်နေပြီး ယခုနောက်ဆုံးအကြိမ်မလွတ်မြောက်ခင်တွင် ကုန်ဈေးနှုန်းကျဆင်းရေး၊ လျှပ်စစ်မီး (၂၄) နာရီရရှိရေး၊ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး စသောအချက် (၁၇) ချက်ကို ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သည်။

ကိုထင်ကျော်နှင့်အဖွဲ့သည် စံပြဈေးအတွင်းဆန္ဒပြစဉ်က ဗိုလ်ချုပ်သန်းရွှေနှင့်ဗိုလ်ချုပ်မောင်အေးဓာတ်ပုံတို့ကို ကိုင်ဆောင်ခဲ့ပြီး ကျိုက္ကဆံ၊ အောင်သပြေစစ်ကြောရေး၊ မှော်ဘီတပ်ရင်း (၃) နှင့် ရွှေပြည်သာရဲတပ်ရင်း (၆) တို့တွင် (၃) လကျော်ကြာဖမ်းဆီးခံနေရစဉ် စစ်ခေါင်းဆောင်အကြီးအကဲများနှင့် တိုက်ရိုက်တွေ့ဆုံရန်တောင်းဆိုရာ မအောင်မြင်ဘဲ ပြန်လွှတ်လာခြင်းဖြစ်သည်။

အာဏာပိုင်များက ကိုထင်ကျော်၏ တင်ပြချက်ဖြစ်သော လူထုပြဿနာသည် ချက်ချင်းဖြေရှင်းရန်မလွယ်ကြောင်း၊ "အခုရေတွင်းတူး၊ အခုရေကြည်သောက်" မရကြောင်းအကြောင်းပြပြောဆိုရာ ကိုထင်ကျော်က "ရေကြောရှိမှ ရေထွက်မည်" ဟု တုန့်ပြန်ပြောဆိုခဲ့သည်ဟုဆိုသည်။

ဆက်လက်၍ လူထုပြဿနာကို ချက်ချင်းလက်ငင်းဖြေရှင်းပေးရန် လိုအပ်ကြောင်း၊ ဆန္ဒဖော်ထုတ်တင်ပြသူများကို ဥပဒေအရဖြစ်စေ၊ ဥပဒေမဲ့ဖြစ်စေ ဖမ်းဆီးအကျဉ်းချရုံဖြင့် ပြဿနာပြေလည်သွားမည်မဟုတ်ကြောင်း ကိုထင်ကျော်က ပြန်လွှတ်လာပြီးနောက် သတင်းထောက်များအား ပြောကြားသည်။

ကိုထင်ကျော်သည်ဆန္ဒပြစဉ်က အဖွဲ့ဝင် (၆) ဦးနှင့်အတူအဖမ်းခံခဲ့ရခြင်းဖြစ်ပြီး အဖွဲ့ဝင်များကို ဇူလိုင်လ (၆) ရက်နေ့ကတည်းက အာဏာပိုင်များက ပြန်လွှတ်ပေးလိုက်ပြီး ကိုထင်ကျော်ကို မေလအတွင်း ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးဆုတောင်းပွဲများအတွင်း အဖမ်းခံခဲ့ရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် လူငယ် (၄) ဦးနှင့်အတူ တနေ့တည်း ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ❖

# အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှု ပေါ်လစီမအောင်မြင်ဟုဆို

အမေရိကန်၏ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဒဏ်ခတ်မှု အောင်မြင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံပြုပြင်ပြောင်းလဲလာရန် နောင်တက်လာမည့် အမေရိကန်အစိုးရအနေဖြင့် နည်းပရိယာယ်ပြောင်းလဲနိုင်ကြောင်း အရှေ့တောင်အာရှစီးပွားရေးကောင်စီ၏ အမေရိကန်အသင်းဥက္ကဋ္ဌ မက်သရူးဒလေးကပြောကြားသည်။

၎င်းက "ဒါဘယ်လိုမှရှောင်လွှဲမရတဲ့ ကောက်ချက်တခုပါ။ ဘာကြောင့်လဲဆိုတော့ ကျနော်တို့ရဲ့မူဝါဒဟာ မြန်မာကိုမှန်ကန်တဲ့ ဘက်ဆီ ဦးတည်ရွေ့သွားအောင် မလုပ်နိုင်တဲ့အပြင် သူတို့ဆောင်ရွက်လာအောင် လုပ်နိုင်တဲ့အလားအလာလည်း ဘာမှမရှိပါဘူး" ဟု ဝါရှင်တန်၌ပြုလုပ်သည့် ဆွေးနွေးပွဲတခု၌ ပြောသည်။

အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကို ဗြိတိန်နိုင်ငံကလည်း အပြည့်အဝမထောက်ခံကြောင်း၊ အာဆီယံအဖွဲ့တွင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုတို့သည် အမေရိကန်၏ ပိတ်ဆို့မှုပေါ်လစီကို မထောက်ခံသည့်ဘက်မှရှိကြောင်း၊ အာဆီယံနိုင်ငံများကလည်း ထောက်ခံခြင်းမရှိကြောင်း ထိုအချက်သည် စိတ်ပျက်စရာကောင်းသော အရှိတရားဖြစ်ကြောင်း မစ္စတာဒလေကပြောသည်။

အမေရိကန်၌ ရီပတ်ဘလီကင်နှင့် ဒီမိုကရက် မည့်သည့်အစိုးရအာဏာရသည်ဖြစ်



မက်သရူးဒလေး

စေ နောင်တက်လာမည့်အစိုးရက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုဝါဒပြောင်းလဲပစ်မည်ကို တွေ့ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

မစ္စတာဒလေးသည် အမေရိကန်နိုင်ငံခြားရေးဌာန၏ အရှေ့တောင်အာရှဆိုင်ရာ အကြီးအကဲဟောင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုကြောင့် အမေရိကန်၏ အောက်လွှတ်တော်က စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုဆက်လက်ပြုလုပ်ရန် ဆုံးဖြတ်အပြီး (၂) ရက်အကြာတွင် ယခုကဲ့သို့ ထုတ်ဖော်ပြောဆိုလိုက်ခြင်းဖြစ်သည်။

၎င်းက "ပူးပေါင်းဆောင်ရွက်တာ၊ အထီးကျန်တာတွေနဲ့ပတ်သက်ပြီး နိုင်ငံတကာ အသိုင်းအဝန်းနဲ့ ကျနော်တို့အငြင်းအခုန် လုပ်နေမှာမဟုတ်ဘူး။ ကျနော်တို့လုပ်နေတာကတော့ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်ချင်တယ်ဆိုရင် လုပ်သင့်လုပ်ထိုက်တဲ့ အနိမ့်ဆုံးခြေလှမ်းကိုလှမ်းဖို့ အခြေခံအသိ စစ်အစိုးရကို ပေးလိုက်တာပါပဲ" ဟုပြောသည်။

အမေရိကန်နိုင်ငံက (၂၀၀၃) ခု၌ မြန်မာနိုင်ငံလွတ်လပ်ရေးနှင့် ဒီမိုကရေစီဆိုင်ရာ ပြဋ္ဌာန်း၍ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ခဲ့သည်။ ယင်းဥပဒေ၌ မြန်မာထုတ်ကုန်များကို တင်သွင်းခွင့်မပြုခြင်းနှင့် မြန်မာစစ်အစိုးရအဖွဲ့ဝင်များကို အမေရိကန်သို့ ပြည်ဝင်ခွင့်ဗီဇာမပေးခြင်းတို့ပါဝင်သည်။

မြန်မာနိုင်ငံသည် အင်အားကြီးတရုတ်နှင့်အိန္ဒိယတို့၏ ထောက်ခံမှုရနေသည့်ကာလပတ်လုံး စီးပွားရေးပိတ်ဆို့မှုများ အကျိုးရှိမည်မဟုတ်ဟုလည်း အာဆီယံအတွင်းရေးမှူး အောင်ကင်ယောင်က ယခင်လကပြောကြားခဲ့သည်။ ❖

---

**● ခွန်ဆိုင်းဆောင်းပါးမှ ...**

ကျောင်းသားလေး ကျနော်ဟာ နောင် (၂) နှစ်အကြာမှာ ခွေးတွေလှောင်ထားလေ့ရှိပုံရတဲ့ အမှတ် (၇) ထောက်လှမ်းရေးတပ်က သစ်သားလှောင်အိမ်တခုထဲရောက်နေတာကို တွေ့ရတယ်။ ခွေးမွှေးတွေဗလဖြစ်နဲ့ ခွေးနံ့ထောင်းထောင်းရနေတဲ့ ဂုံနီအခင်းစုတ်တခုအပေါ်မှာ နဖူးပေါ်လက်တင်ရင်း၊ ငါထောင်ဘယ်နှစ်နှစ်ကျနိုင်မလဲဆိုတာ စဉ်းစားနေခဲ့ပြီ။

ခုလည်း ခြိမ်းခြောက်နှိပ်ကွပ်ထုထောင်းမှုတွေကြားက (၁၄) နှစ်ကြာရေးလာတဲ့ စစ်တပ် စိတ်ကြိုက်ဖွဲ့စည်းပုံဟာ တရားဝင်ဖြစ်လာဖို့ နောက်ဆုံးညီလာခံဆိုတာကိုခေါ်လိုက်ပါပြီ။ ဒေါက်တာဘွဲ့ရထားတဲ့ ပညာတတ်မကြီးတွေလည်း ဘောလုံးကွင်းတွေထဲဝင်ပြီး စင်ပေါ်တက် လက်မောင်းတန်း ထောက်ခံကြိုဆိုတာတွေ လုပ်ခဲ့ကြပြန်ပြီမဟုတ်လား။

ငတ်လို့တော့မဖြစ်နိုင်။ တတ်လို့လုပ်တာလား မေးမယ်ဆိုပြန်တော့ သူတို့က ဒီနေ့ကမ္ဘာအကြောင်း ပိုတောင်သိသေး။

ပညာရှင်တွေ .... ပညာရှင်တွေ .... ကြွက်စုတ်တွေမဟုတ်ဘူး။

မဆလခေတ်ထဲမှာကော ယောယိမ်းလိုက် မဆလပါတီဝင်တွေဖြစ်ခဲ့ရသေးလား။ ပါတီစုံဆိုတာမကောင်းပါဘူး။

ပါတီတခုထဲဦးဆောင်တာကမှ တိုင်းပြည်အကျိုးကို တကယ်ပြုနိုင်တာလို့ ဖောင်ကြီး ဗဟိုဝန်ထမ်းကျောင်းမှာ ယုံတာမယုံတာထား၊ အမှတ်ကောင်းရဖို့ ဖြေခဲ့ကြသေးလား။

မဆလကတော့ တတ်လည်းတတ်နိုင်တဲ့အစိုးရ။ မှတ်မှတ်ရရ ဘယ်တုန်းကမှ ဂီတာဝိုင်းတွေကို ဗမာ့အသံက အရာလုပ် လွှင့်ခွင့်ပေးခဲ့တာမဟုတ်ဘူး။ စတီရီယိုဂီတလောကကြီးတခုလုံးကို တိုင်းတပါးသရုပ်ပျက်ယဉ်ကျေးမှုတွေဆိုပြီး တချိန်လုံး အပုပ်ချလာတာ။ သူတို့ဖွဲ့စည်းပုံ အတည်ပြုချိန်ရောက်မှ ဂီတပညာရှင်တွေလာကြပါဆိုပြီး စင်တွေဆောက်ပေး၊ စတိတ်ရှိုးတွေ ခွင့်ပြုဖြစ်တဲ့အခါ ဂီတပညာရှင်တွေလည်း ပျော်သွားကြတာပဲ။ ဂီတာဝိုင်းတွေ စအသံလွှင့်ခွင့်ပေးတာ (၇၄) ဖွဲ့စည်းပုံ လူထုဆန္ဒခံယူပွဲကပဲ။

ခုလည်း နောက်တခါလာပြန်ပဟေ့လို့ ဟဲရမယ်ထင်တယ်။ ကြည့်လေ ....၂၀၀၆ ခုနှစ်ထဲမှာ ပါမောက္ခဌာနမှူးဖြစ်နေတဲ့ သူငယ်ချင်း ကျောင်းနေဖက်တယောက်ကို တွေ့တော့အကဲဖြတ်ကြည့်တယ်။ ကျနော့်လက်ထဲက ကုလသမဂ္ဂကထုတ်ဝေတဲ့ လူ့အခွင့်အရေးကြေငြာစာတမ်းကို သူမြင်တော့ သတိပေးတယ်။ ရှင် ဒါတွေလက်ထဲမှာထားလို့ ထပ်အဖမ်းခံရဦးမယ်နဲ့။

ခက်ပါလား။ ဒါက နိုင်ငံတိုင်းမှာ လူတိုင်းသိအောင် လူတွေမသိသိအောင် ဖြန့်ချီပေးရမယ်၊ ကျောင်းတွေမှာသင်ကြားပေးရမယ်လို့ နိဒါန်းမှာပါပြီးသား။ ဒီပါမောက္ခတောင် ခုထိမသိရှာဘူး။ ဒို့လူတွေကို တော်တော်လိမ်လို့ လှန့်လို့ရဦးမှာလား။

ကိုယ့်မဲရုံက မဲပုံးဖင်ကို အလွယ်တကူ ဖွင့်လို့ရအောင်အရှင်လုပ်ထားတာ မဲရုံမှူးက မသိရှာခဲ့ဘူး။ နဲနဲကြာသွားမှ လွှက်ရည်ဆိုင်ထိုင်ရင်း သုံးထပ်သားမဲပုံးဖင်တွေမှာ သံချက်အပြည့် ရိုက်မထားတဲ့ကိစ္စ၊ စို့အကုန်သွင်းမထားတဲ့ကိစ္စတွေ၊ မဆလအမာခံတွေ ကဂုဏ်ယူရင်း ပြန်ပြောပြတာတွေကြားလာမှ တစတစသိလာတယ်။ တော်တော်သနားဖို့ကောင်းတဲ့ငါ။

တကြိမ်မှာ ရခိုင်က သူငယ်ချင်းတယောက်က သူတို့သံတွဲမြို့ရပ်ကွက်ထဲအတွေ့အကြုံကို ပြန်ဖောက်သယ်ချတယ်။ သူတို့လူငယ်ကာလသားဆယ်ယောက်လောက် တိုင်ပင်ပြီး အမဲပုံးထဲဝိုင်းထည့်ကြတာ အချိန်တန်ကြေငြာတော့ အကုန်ဖြူ။ အမဲတခုမှ ပါမလာတော့တာ တအံ့တသြဖြစ်ခဲ့ရတယ်တဲ့။ တက္ကသိုလ်ဆောင်ကကျောင်းသားတွေ ဆန္ဒခံယူတဲ့မဲပုံးတွေမှာတော့ ဆရာတွေက ရာနှုန်းပြည့် ဖြူပါတယ်မလုပ်ရဲလို့ အမဲတွေကိုနဲနဲချန်၊ ရောညှပ်ထည့်ပေးရတယ်တဲ့။ နို့မို့ အမဲထည့်တဲ့ကျောင်းသားတွေက ထပြဿနာရှာမှာ စိုးလို့တဲ့။

နှစ်တွေလည်းကြာခဲ့ပါပြီ။ တိုင်းပြည်ကလည်း ဒီနေ့ကမ္ဘာမှာနံပါတ်စဉ်ယှဉ်လိုက်ရင် ကောင်းတာယှဉ် အောက်က၊ ဆိုးတာယှဉ် အထက်က၊ ဒီလိုသတ်မှတ်တာကို ခံနေရတယ်။ ဒါကိုမခံချင်ဘူး။ ခုလောက်ဆိုရင်တော့ ဟဲဟိုးနဲ့ (၁၀) မိုင်အကွာက အင်းနီရွာမှာနေထိုင်ကြတဲ့ ပအို့ဝ်တိုင်းရင်းသားတွေလည်းတိုးတက်ပြီး အမြင်တွေကျယ်လောက်ရော့မယ်လို့ ဆုတောင်းရ၊ အောက်မေ့ရတာဘဲ။နှစ်ကြိမ်နှစ်ခါ အလိမ်အညာမခံရပါစေနဲ့လို့ ဆုတောင်းရတာပဲ။ နိုင်ငံသားတိုင်းလည်း ကိုယ့်တာဝန် ကိုယ်သိကြမယ်လို့ ယုံကြည်မိတယ်။

အကြောက်တရားကင်း၊ ညီညွတ်ခြင်းတိုင်းပြည် ဖြစ်တည်ပါစေသတည်း ....။

ခွန်ဆိုင်း (၁၃၊ ၇၊ ၀၇)

❖



## တိမ်စစ်တမ်း

အဆိပ်ငွေ့လိုလို နှင်းငွေ့လိုလို
အမောက်လိုလို အမိုးလိုလို
ကောင်းကင်နောက်ခံမှာ
ဟိတ်ဟန်အပြည့်နဲ့
အဲ့ဒီတိမ်တွေ။

ဝေးသွားလိုက် နီးလာလိုက်
လွင့်နေလိုက် ရပ်နေလိုက်
မဲလာလိုက် လင်းလာလိုက်
ညို့လာလိုက် မှိုလာလိုက်။

ကြည့်
သိုးတအုပ်လိုလို နယူးကလီယားဆောင်းလိုလို
ပန်းချီခန်းလိုလို ငရဲခန်းလိုလို
အရောင်တွေခင်းကျင်း
ညနေခင်းကိုပြုစားထားလိုက်တာ။

အဲ့ဒီတိမ်တွေပေါ့
ပင်လယ်ကိုပဲ အန်ချပေးထားသလိုလို
သစ်တောတွေကိုပဲ စိုက်ပျိုးပေးထားရသလိုလို
မျက်လုံးဒေါက်ထောက် ချောင်းမြောင်းနေပုံက။

အဲ့ဒီတိမ်တွေပေါ့
ကမ္ဘာကိုပဲ အုပ်မိုးပေးထားရသလိုလို
ကောင်းကင်ကိုပဲ ကာကွယ်ပေးထားရသလိုလို
လုပ်နေကြပုံက။

တကယ်ဆိုမိုးပေါ်ကတိမ်ရောင်စုံတွေလှဖို့
ပင်လယ်ခမျာ
တနွေခင်းလုံး နေမင်းနဲ့ရင်ချင်းအပ်ခဲ့ရတာ။

နေနေ
(ဇူလိုင် - ၁၅။ ၂၀၀၇)

## စစ်ဗိုလ်ချုပ်ကြီးများနောက် မြေငလျင်လိုက်လှုပ်

ကြပ်ပြေး (နေပြည်တော်) နှင့် ပျဉ်းမနားဒေသတဝိုက်တွင် ရီချက်တာစကေး ပြင်းအား (၅ ဒသမ ၇) ရှိ ငလျင်လှိုင်းတခု ဖြစ်ပေါ်ခဲ့ကြောင်း သတင်းများကဆိုသည်။ ထိခိုက်ပျက်စီးမှုစာရင်း အတိအကျကိုမသိရပါ။ စစ်ဗိုလ်ချုပ်များနေထိုင်ရာ ကြပ်ပြေး (နေပြည်တော်) တွင် နံနက် (၅) နာရီ (၁၅) မိနစ်တွင် ငလျင်လှုပ်သွားပြီး သိသိသာသာတုန်ခါမှုဖြစ်ခဲ့ကြောင်း ဒေသခံများကို ကိုးကား၍ သတင်းများကဆိုသည်။

❖

# ကိုယ့်အားကိုယ်ကိုးပြီးတိုက်ပွဲဝင်ကြစို့

❑ တိုင်းပြည်မှာ ဒီလိုအမျိုးသားစည်းလုံးညီညွတ်မှုကြီးတခု လိုအပ်နေချိန်မှာ နအဖစစ်အစိုးရဟာ စစ်တပ်ကလွဲလို့ တခြားအင်အားစုမှန်သမျှကို ဖြိုခွဲဖို့ပဲလုံးပမ်းနေတယ်။ လုပ်ရင်းလုပ်ရင်းနဲ့ လူထုကြီးနဲ့ သူတို့အကြားက ချောက်ကမ်းပါးကြီးဟာ ကျယ်ဟသထက် ကျယ်ဟလာနေတယ်။ ❑



ဗညြ

ဒီပဲယင်းအရေးအခင်းလွန်ပြီး လေးနှစ်တိတိကြာတဲ့အခါမှာ ဗမာပြည်နိုင်ငံရေးအခြေအနေကို ပြန်ကြည့်လိုက်တော့ ဒီပဲယင်းအငယ်စားလေးတွေ နေရာတကာမှာ အကြိမ်ကြိမ်ပေါ်ပေါက်နေတာကို တွေ့ရပါတော့တယ်။

ဒီပဲယင်းတုန်းက ကျူးလွန်သူများဟာ လွတ်လွတ်လပ်လပ် ဆက်ရမ်းကားနေကြပြီး၊ အကျူးလွန်ခံရသူတွေဟာ ထောင်ထဲ၊ အိမ်ချုပ်ထဲက မထွက်နိုင်သေးဘူး။

နိုင်ငံအတွက်တော့ရင်လေးစရာပဲ။ အခြေအနေဟာ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးကာစကို ပြန်ပြီးသတိရစေတယ်။ အဲဒီတုန်းက အာဏာရကာစ ဖဆပလအဖွဲ့ထဲမှာ ဆိုရှယ်လစ်ပါတီက အင်အားစုတွေဟာ ငါတို့ တလျှောက်လုံးခေါင်းငုံ့နေရတယ်။ အခုမှ ငါတို့ အလှည့်ရောက်တယ်ဆိုပြီး လက်စားချေတာတွေလုပ်ကြတယ်။ ဝန်ကြီးချုပ်ကို ဘေးချိတ်ပြီး ကျန်တဲ့ဝန်ကြီးကစီစဉ်တဲ့ ပုံနှိပ်စက်တွေ၊ သတင်းစာတိုက်တွေကို လူရမ်းကားတွေနဲ့ သွားရောက်ဖျက်ဆီးတာတွေလုပ်ကြတယ်။ နေ့လည်ကြောင်တောင်ကြီး မြို့လယ်မှာ အဲဒီလိုလုပ်တော့ တောတွေကလည်း လိုက်လုပ်တော့တာပဲ။ ကိုယ်နဲ့ နိုင်ငံရေးမတူသူတွေကို သတ်တာ၊ ရိုက်တာတွေ တော်တော် ခေတ်စားခဲ့တယ်။ အဲဒီနောက်တော့ အားလုံးသိတဲ့အတိုင်းပဲ အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲတာ၊ ပြည်တွင်းစစ်ဖြစ်တာပဲ။

ဒီနေ့အခြေအနေကို သေချာပြန်ကြည့်ပါ။ ဒီပဲယင်းတုန်းက အကြမ်းဖက်မှုကို ထိပ်ဆုံးက ဦးစီးစီစဉ်ခဲ့တယ်။ အခုနောက်ပိုင်း ဒီပဲယင်းအသေးစားလေးတွေကျတော့ စီစဉ်ခွင့်၊ လုပ်ကိုင်ခွင့်တွေကို အောက်ခြေဆီအထိ ပေးပြီးဖြစ်ကြောင်းတွေ့နေရတယ်။ မြို့နယ်အာဏာပိုင်လောက်ကစီစဉ်တဲ့ အကြမ်းဖက်မှုတွေတောင် တွေ့နေရပြီ။ နအဖဟာ အားလုံးကို ကြိုးဖြေလွှတ်ထားလိုက်ပြီလို့ ဆိုနိုင်တဲ့အခြေအနေပဲ။ ဒါ့အပြင် ကျားစွယ်တိုက်ပေးထားသေးတယ်။

တဖက်မှာကျတော့ လူထုတွေဟာ နည်းအမျိုးမျိုးနဲ့ အခွင့်အရေးရရင် ရသလို ဆန္ဒပြနေကြတယ်။ ဒါတင်မက ဓားသွေးနေတာတွေတောင် တွေ့လာနေရတယ်။ တလောက ရေဒီယိုမှာ မြေလတ်ပိုင်းကလူတယောက်က ကျုပ်တို့မြို့မှာတော့ ရမ်းတဲ့ကြံ့ဖွံ့ မရှိဘူး။ ရမ်းရဲရမ်းကြည့် မြို့ကမခံဘူးလို့ကြိမ်းတာကြားလိုက်ရတယ်။ အင်တာနက်ပေါ်မှာတော့ အထဲကလူတွေရဲ့စာဆိုတာ တစောင်မှာ လက်နက်စွဲပြီး ပြန်သာချကြလို့ လှုံ့ဆော်နေတာတွေ့ရတယ်။ နောက်ပြီး အေအိုင်ဒီအက်စ်ရောဂါသည်၊ နှလုံးရောဂါသည်တွေက ဘဝကူးကောင်းအောင် နအဖဆန့်ကျင်ရေးတွေကို သေချင်လည်းသေပစေဆိုပြီး လုပ်နေကြတယ်။ ဒီလိုအခြေအနေမျိုးကိုမှ တင်းမာတယ်လို့မဆိုရင် ဘယ်လိုအခြေအနေမျိုးကို တင်းမာတယ်ပြောတော့မှာလဲ။

၄၈ ခုနှစ်တုန်းကလို ကမ္ဘာစစ်အကြွင်းအကျန်လက်နက်တွေ ဘလန်နဲ့ရှိနေလို့ကတော့ ပြည်မမှာ ပြည်တွင်းစစ်ထပ်ဖြစ်တာ ကြာရော့မယ်။ အဲဒီတုန်းက ဗိုလ်ကျရမ်းကားခဲ့တဲ့ ဖဆပလဟာ (၁၀) နှစ်တောင်မကြာဘူး။ ဟက်တက်ကွဲခဲ့တယ်။

ဒီနေ့ဗမာပြည်ရဲ့အခြေအနေဟာ ကိုယ်ကျိုးမဖက်တဲ့အစိုးရတခု ဦးစီးမှုနဲ့၊ မှန်မှန်ကန်ကန်လမ်းစဉ်ချမှတ်ပြီး တနိုင်ငံလုံး (၁၀) နှစ်လောက် စည်းစည်းလုံးလုံး ကြိုးစားကြပါမှ အိမ်နီးနားချင်းများ အဆင့်မှီမှာပါ။ တိုင်းပြည်မှာ ပျက်စီးနေတာတွေက သိပ်များလွန်းပါတယ်။ လွယ်လွယ်နဲ့ပြင်လို့မရတော့ပါဘူး။ အကျင့်ပျက်တာ၊ လာဘ်ယူလာဘ်စားကြတာ၊ ဗျူရိုကရေစီစနစ် ကျယ်ပြန့်ခိုင်ခံ့နေတာ၊ စည်းကမ်းမရှိသေးတာ၊ လောင်းကစားနဲ့ ချဲထီလိုဟာတွေကိုစွဲလန်းနေတာ စတဲ့ လူတွေရဲ့အပိုင်းသာမက လျှပ်စစ်လိုင်း၊ မော်တော်ကားလမ်း၊ မီးရထားလမ်း၊ ရေနုတ်မြောင်း စတဲ့ ရုပ်ဝတ္ထုအပိုင်းတွေအပါ ပြုပြင်တည်ဆောက်ရမှာတွေက များလွန်းလှတယ်။ လူတွေရဲ့စိတ်ပိုင်းကိုပါ ပြောင်းရမှာဆိုတော့ တနိုင်ငံလုံးကလူတွေကို အမျိုးသားရေးလှုပ်ရှားမှုကြီးတခုအသွင်နဲ့ လှုံ့ဆော်ဆင်နွှဲကြစေမှ အောင်မြင်တော့မယ့် အခြေအနေဖြစ်တယ်။ ဒီအလုပ်မျိုးကို စစ်ဗိုလ်ချုပ်တွေ မလုပ်နိုင်ဘူး။ တတ်လည်း မတတ်ဘူး။ အဆိုးဆုံးက သူတို့လုပ်သမျှ ကိုယ်ကျိုးနဲ့ဘယ်တော့မှမကင်းဘူး။ ဒါကြောင့် သူတို့ပြောသမျှ လူထုကတခွန်းမှ မယုံဘူး။

တိုင်းပြည်မှာ ဒီလိုအမျိုးသားစည်းလုံးညီညွတ်မှုကြီးတခု လိုအပ်နေချိန်မှာ နအဖစစ်အစိုးရဟာ စစ်တပ်ကလွဲလို့ တခြားအင်အားစုမှန်သမျှကို ဖြိုခွဲဖို့ပဲလုံးပမ်းနေတယ်။ လုပ်ရင်းလုပ်ရင်းနဲ့ လူထုကြီးနဲ့သူတို့အကြားက ချောက်ကမ်းပါးကြီးဟာ ကျယ်ဟသထက် ကျယ်ဟလာနေတယ်။ သူတို့လုပ်သမျှဟာ ပြည်ပအင်အားစုတွေ ဝင်ရောက်လာအောင် လက်ယပ်ခေါ်နေသလိုဖြစ်နေတယ်။ အဲဒါတွေဝင်လာလေ၊ တိုင်းပြည်ဟာ ပိုကွဲလေဖြစ်မှာကို မစဉ်းစားဘူး။ ဒီကြားထဲမှာ အ,အက သီချင်းဆိုချင်၊ အကျိုးက က,ချင်တယ်ဆိုတာလို တရုတ်နဲ့ကုလားအကြား ကစားတာမျိုးက လုပ်ချင်သေးတယ်။ ဗိုလ်ချုပ်တွေလုပ်စရာမရှိ ကျားမြီးဆွဲတမ်း ကစားနေကြတာသာဖြစ်တယ်။ ဒါပေမဲ့ နာစရာရှိရင် သူတို့ချည်းနာမှာမဟုတ်ဘူး။ တိုင်းပြည်ပါနာမှာ။ ဒါကြောင့် သူတို့ထင်သလို စစ်ဗိုလ်ရှစ်သောင်းဇာတ်ခင်းနေတာကို လက်ပိုက်ကြည့်မနေသင့်တော့ဘူး။

(၂၁) ရာစုရဲ့အစဟာ (၂၀) ရာစုရဲ့အစနဲ့ မတူဘူး။ စကတည်းက ကမ္ဘာပေါ်မှာ ဗုံးသံ၊ အမြောက်သံတွေ တခြိမ်းခြိမ်းနဲ့ စခဲ့တာ။ ရေတပ်တွေဟာ တနေရာထဲမှာ နေတယ်လို့ကိုမရှိဘူး။ အဲဒီစစ်သင်္ဘောတွေဟာ ကင်းလှည့်နေတာမဟုတ်ဘူး။ စစ်အင်အားပြနေ ကြတာ။ ဒါပေမဲ့ မှိုင်းမှိုင်းမြင် ယောက်ခမထန်းတောချည်းထင်တယ်ဆိုတာလို အဲဒီဟာတွေကို ကိုယ့်အားလို့တွက်ပြီး ဝမ်းသာနေလို့ကတော့ ရှစ်လေးလုံးကာလတုန်းက (၇) နံပါတ်ရေတပ်မတော်ကြီးကို မျှော်တာထက် ပိုဆိုးမှာပဲ။

ပြည်တွင်းလုပ်ငန်းအဓိကလို့ ပြောသံတွေ တော်တော်လေးပြောလာကြလို့ အရှိန်လေးရကာစရှိသေး နိုင်ငံခြားသားတချို့ရဲ့ ပြောဆိုလှုပ်ရှားတာတွေကို ကြည့်ရင် ပြည်ပမျှော်ဝါဒ ပြန်ခေါင်းထောင်ထလာချင်သလိုလိုဖြစ်နေတာတွေ့ရတယ်။ အဲဒီလိုလူတွေကိုတော့ အထက်မှာပြောခဲ့တဲ့ နှလုံးရောဂါရှင်ကြီးတွေနဲ့ အေအိုင်ဒီအက်စ်ရောဂါရှင်တို့ကို အားနာပါဦးလို့ပဲပြောချင်တယ်။ အထဲကလူတွေက ကိုယ်မသေခင်လေးမှာ ကိုယ်ကျိုးစွန့်မှုလုပ်နေကြခိုက် မသေနိုင်တဲ့နေရာက လူတွေက ကိုယ်ကျိုးကို သူများအပေါ် ပုံတာပဲလုပ်နေကြလို့ မဖြစ်ဘူးထင်တယ်။

စစ်အာဏာရှင်ကို ဖြိုဖျက်ပြီးရင် အဲဒီက ချန်ထားခဲ့တဲ့အမွေဆိုးတွေကို ဖျက်သိမ်းပြီး တနိုင်ငံလုံးကို ပြန်လည်ပြုပြင်တည်ဆောက်ရမယ့် ရေရှည်လုပ်ငန်းတွေ အများကြီးရှိသေးတယ်ဆိုတာ အထက်မှာတင်ပြခဲ့ပြီးပြီ။ အဲဒါလုပ်ငန်းတွေအတွက်ရော၊ ပြည်ပကိုပဲ မျှော်နေကြဦးမှာလား။

လွတ်လပ်ရေးရကာစက ဟံသာဝတီ သတင်းစာမှာပါတဲ့ ဦးဗဂျမ်းရဲ့ကာတွန်းလေး တခုပဲမှတ်မိနေတယ်။ အဲဒီမှာ သူ့အဓိကဇာတ်ကောင် မောင်မြေဇာဟာ အရိုးပြိုင်းပြိုင်းနဲ့ ယောင်ချာချာ လမ်းလျှောက်လာတာကို အနောက်နိုင်ငံသားတွေက အချင်းချင်းလက်တို့ပြီး ဒီလိုပြောနေကြတယ်။ "သတိထားနော်။ မောင်ဗမာဆိုတာသူပဲ။ လူတွေ့ရင် အင်မတန်ချေးတတ်၊ ငှားတတ်တယ်" တဲ့။ ကမ္ဘာမှာ ဗမာအရှက်ကွဲနေတာကို ဦးဗဂျမ်းက သတိပေးတာပါ။

အခုလည်း ဒီမိုကရေစီဘက်တော်သားတွေ ကိုယ့်ကိုယ်ကို သတိပေးသင့်တယ်။

ဗညြ

❖

မိုးကြိုးသတင်းစဉ် သို့

စာမူများ၊ ဝေဖန်အကြံပြုစာများ ဆက်သွယ် ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
admin@binamojo.org

BINA Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇီဝဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
ခွာညို

**အလုပ်သင်အယ်ဒီတာ**
ဖွဲ့ပိုင်ဝင်း

စာမျက်နှာဖွဲ့စည်းမှု
အောင်ထက် ၊ သန်းဇော်

ပြည်တွင်းလှုပ်ရှားမှု ဓာတ်ပုံများကို အသုံးပြုခွင့်ပေးခဲ့သော နိုင်ငံရေးအံ့တုမှုကော်မတီ နှင့် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) တို့အား မိုးကြိုးသတင်းစဉ်မှ အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

- ကိုယ့်အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ကြ။
- ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ ရဲရဲလုပ်ကြ။
- မတရားတဲ့အမိန့် အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ။

# နောက်ဆုံးအကျော့ညီလာခံကို ပြည်တွင်းပြည်ပမှဝေဖန် ထွက်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလက်ခံနိုင်ဖွယ်မရှိ



ပြည်သူလူထုအတွက် အကျိုးမရှိသော ညောင်နှစ်ပင်ညီလာခံနှင့် ၎င်းမှထွက်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်ခံနိုင်ဖွယ်မရှိဟု ပြည်တွင်းပြည်ပမှ ဝေဖန်သည်။

အဲန်အယ်လ်ဒီပါတီ မွန်ပြည်နယ်၊ သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မဲဆန္ဒနယ်အမှတ် (၁) ဦးခွန်မြင့်ထွန်းက "ဒီညီလာခံမှာ တိုင်းရင်းသားတွေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေပါတယ်ဆိုတာ မျိုးကို အသုံးချနေရုံမှတပါး တခြားဘာမှ မရှိတဲ့အတွက် ဒီညီလာခံကနေထွက်ခဲ့တာပါ။ ညီလာခံတက်နေတဲ့ အဖွဲ့အစည်းတွေ၊ ကိုယ်စားလှယ်ဆိုသူတွေဟာ တော်လှန်ရေးရွှေခွက်ကို ပဲလှော်နဲ့လဲစားတယ်လို့ သမိုင်းတင်မှာဖြစ်ပါတယ်"ဟု မိုးကြိုးသို့ ပြောကြားသည်။

ဦးခွန်မြင့်ထွန်းသည် ၁၉၉၃ ခုနှစ်က နအဖ၏ ညောင်နှစ်ပင်ညီလာခံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖြစ် ကိုယ်တိုင်တက်ရောက်ခဲ့ရသော်လည်း ညီလာခံ၏လုပ်နည်းလုပ်ဟန်များကို အမျိုးသားဒီမိုကရေစီက သဘောမတူသည့်နောက်ပိုင်းတွင် ညီလာခံမှပြန်ထွက်လာပြီး ဇွန်လတွင် ထိုင်း–မြန်မာနယ်စပ်သို့ ရောက်ရှိလာသူဖြစ်သည်။

မြန်မာ့အရေးဆောင်ရွက်နေသော ယှဉ်ပြိုင်အာဆီယံအဖွဲ့ (Altsean) မှ မြန်မာ့ရေးရာတာဝန်ခံ ဒါဗီစတက်က ညောင်နှစ်ပင်ညီလာခံ၏အခြေခံမူ (၁၀၄) ချက်စလုံးသည် လက်ခံနိုင်ဖွယ်မရှိဟုဆိုသည်။

၎င်းက"အခြေခံမူ (၁၀၄) ချက်လုံးကို ပယ်ဖျက်ဖို့သင့်တယ်။ အဲဒီမူအများစုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်တပ်ကထိန်းချုပ်ဖို့နဲ့ နောက်တက်မယ့်အစိုးရနဲ့ လွှတ်တော်ကို စစ်တပ်က ထိန်းချုပ်နိုင်ဖို့ အာမခံပေးထားတာတွေ့ရလို့ လုံးဝလက်ခံနိုင်စရာမရှိဘူး။ ပြင်ဆင်ချက်တခုနှစ်ခုလုပ်တာနဲ့ အခြေခံပြဿနာကြီးကို ဖြေရှင်းရာမှာ ဘယ်လိုမှ အကြောင်းထူးလာစေမှာမဟုတ်ဘူး"ဟု သုံးသပ်သွားသည်။

ဇူလိုင် (၁၈) ရက်တွင် နောက်ဆုံးအကျော့အဖြစ်ကျင်းပသော ညောင်နှစ်ပင်ညီလာခံသည် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ကတည်းက ရပ်လိုက်၊ ပြန်စလိုက်နှင့်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၁၃) နှစ်ကြာမြင့်ခဲ့ပြီး ကမ္ဘာ့သက်တမ်းအကြာမြင့်ဆုံး ညီလာခံဖြစ်သည်။

၂၀၀၃ တွင်ကြေညာထားသော နအဖ၏လမ်းပြမြေပုံအရ ညီလာခံအပြီးတွင် လူထုဆန္ဒခံယူပွဲဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအတည်ပြုခြင်းနှင့် ရွေးကောက်ပွဲအသစ်ကျင်းပခြင်းများ ဆက်လက်လုပ်ဆောင်သွားဖွယ်ရှိသည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ကိုခင်မောင်တင့်က "ပြည်သူ့ဆန္ဒခံယူပွဲလို့ ပြောတယ်။ ပြည်သူ့ဆန္ဒခံယူပွဲမှာ ပြည်သူတွေ လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးနိုင်ခွင့်ရှိတဲ့ အခြေခံအချက်တွေဖန်တီးပေးဖို့လိုတယ်။ အခြေခံအခွင့်အရေးတွေ ရှိဖို့လိုတယ်။ နိုင်ငံရေးပါတီတွေမှာလည်း ဒါနဲ့ပတ်သက်လို့ စည်းရုံးလှုပ်ရှားခွင့်ရှိရမယ်။ နိုင်ငံတကာ ကုလသမဂ္ဂတို့၊ အခြားလိုအပ်တဲ့ လေ့လာစောင့်ကြည့်တဲ့ အဖွဲ့အစည်းတွေရှိဖို့လိုတယ်။ ဒီလိုအခြေအနေအောက်မှာကျင်းပမှ တရားမျှတမယ်"ဟုဆိုသည်။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျောင်းတက်နေသော မွန်အမျိုးသမီးတဦးကလည်း "သူတို့ဆီကဖြစ်ပေါ်လာတဲ့ ရလဒ်ဟာ မမှန်ဘူးလို့ထင်တယ်။ သူတို့ကိုလည်း မယုံဘူးလေ။ တခုခုလုပ်ပြီးရင် စကားကအတည်မှ မဟုတ်တာ"လို့ သူမ၏အမြင်ကိုပြောကြားသည်။

ယခုနောက်ဆုံး ညီလာခံမတိုင်ခင် (၁၁) ကြိမ်မြောက် ညီလာခံတွင် ဆွေးနွေးရမည့် ခေါင်းစဉ် (၈) ခုအနက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ တပ်မတော်၏ အခန်းကဏ္ဍများကို အတည်ပြုနိုင်ခဲ့သည်ဟု နအဖကဆိုသော်လည်း တိုင်းရင်းသားများ၏အခွင့်အရေးများ လျစ်လျူရှုခံနေရဆဲဖြစ်သည်။

❖

# အေအိုင်ဒီအက်ဝေဒနာရှင်များ တလအတွင်းနှစ်ဆတိုးဟု မဖြူဖြူသင်းဆို



နေ့စဉ် ဆေးဝါးအကူအညီလာရောက်တောင်းခံသူ အေအိုင်ဒီအက်စ် (အေ့စ်) ဝေဒနာရှင်ဦးရေသည် တလကျော်အတွင်း နှစ်ဆတိုးလာသဖြင့် မိမိတို့အဖွဲ့သည် ယခုအခါ ဆေးဝါးပြတ်လပ်မှုနှင့် ကြုံနေရသည်ဟု မဖြူဖြူသင်းကပြောသည်။

ယခုအခါ ပြည်တွင်း၌ ဆေးဝါးလိုအပ်နေသော အေ့စ်ဝေဒနာရှင်ဦးရေသည် (၆) သောင်းကျော်သော်လည်း နိုင်ငံတကာအဖွဲ့အစည်းများက အကူအညီပေးနိုင်သော အရေအတွက်မှာ (၆) ထောင်ခန့်သာရှိကြောင်း၊ မိမိတို့အဖွဲ့က အကူအညီပေးနိုင်သောအရေအတွက်မှာ (၆၀) သာရှိသဖြင့် အများစုမှာ အသက်အန္တရာယ်ခြိမ်းခြောက်ခံနေရသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့ဝင် မဖြူဖြူသင်းကဆိုသည်။ မဖြူဖြူသင်းကို အေ့စ်ဝေနာရှင်များက "အလင်းရှင်" အဖြစ် သတ်မှတ်ထားကြပြီး၊ မေလအတွင်းက သူမအဖမ်းခံနေရစဉ်တွင် အေ့စ်ဝေဒနာရှင်များ ဆုတောင်းဝတ်ပြုကာ လွတ်မြောက်ရေးဆုတောင်းခဲ့ကြသည်။

စစ်အုပ်စု၏အချုပ်အနှောင်မှ ပြန်လည်လွတ်မြောက်လာသည့်နေ့တွင်ပင် အေ့စ်ဝေဒနာကို အကူအညီပေးနေသော မူလလုပ်ငန်းခွင်သို့ အရောက်သွားခဲ့သူ မဖြူဖြူသင်းက ယခုအခါပြည်တွင်း၌ ဝေဘာဂီဆေးရုံတခုတည်းသာ အနည်းအကျဉ်းဆေးဝါးထောက်ပံ့ပေးနေကြောင်း၊ ဆေးဝါးအလှမ်းဝေးလွန်းသဖြင့် နယ်လူနာများ ရန်ကုန်သို့စုပြုံရောက်နေကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် မိတ်ဆွေများထံမှရသော အလှူငွေတခုတည်းဖြင့်ရပ်တည်ရနေသည်မှာ မလွယ်ကြောင်း၊ ယခုအခါ ဆေးအတွက် ရန်ပုံငွေပြတ်လပ်နေသဖြင့် အကူအညီပေးရေးတွင် မလုံမလောက်ဖြစ်နေကြောင်း မဖြူဖြူသင်းကပြောသည်။

ကုလသမဂ္ဂ (ယူအဲန်ဒီပီ) နှင့် စစ်အစိုးရ၏ တရားဝင်ကိန်းဂဏန်းများအရ မြန်မာပြည်တွင် အေ့စ်ဝေဒနာရှင် (၃) သိန်းကျော်ရှိနေသည်ဟု ဆိုသည်။ ၎င်းတို့အနက် (၆) သောင်းကျော်သည် အရေးပေါ်ဆေးဝါးအကူအညီပေးရန်လိုအပ်နေသည်ဟုလည်း မဖြူဖြူသင်းကဆိုသည်။ ❖

# ၈၈ မျိုးဆက်များနှင့် အာဏာပိုင်များ ထိပ်တိုက်တွေ့တော့မည်



ဇူလိုင် (၃၁)

အာဏာပိုင်များ၏ လိုက်လံနှောင့်ယှက်မှုများကို လူထုအား တိုင်တန်းဟောပြောသွားမည်ဟု ၈၈ မျိုးဆက်များက ယနေ့ထုတ်ဖော်ပြောဆိုသည်။

၈၈ မျိုးဆက်ခေါင်းဆောင်များအပါအဝင် အမျိုးသမီးများကို (၁) လကြာနှောင့်ယှက်နေမှုများကို ဥပဒေအကာအကွယ်ဖြင့် မဖြေရှင်းနိုင်သည့် နောက်ပိုင်းတွင် ၈၈ မျိုးဆက်ကျောင်းသားများက ယခုကဲ့သို့ဆုံးဖြတ်လိုက်ကြခြင်းဖြစ်သည်။

၈၈ မျိုးဆက်ခေါင်းဆောင်တဦးဖြစ်သူ ကိုကိုကြီးက "အခုအခြေအနေက ကျနော်တို့ ဖန်တီးတာမဟုတ်ဘူး။ ခင်ဗျားတို့က ကျနော်တို့ကို သွားရလာရ ခက်လောက်အောင်၊ ကျနော်တို့ဆွေမျိုးသားချင်းမိတ်ဆွေသင်္ဂဟတွေဆီကို လည်ရပတ်ရတာကအစ အဲဒီအိမ်တွေနောက်ကိုလိုက်တယ်။ ဆိုင်ကယ်နဲ့ခေါက်တုံခေါက်ပြန်လုပ်ပြီးတော့ လိုက်ခြိမ်းခြောက်နေတာ ကျနော်တို့ရဲ့လူမှုရေး၊ သွားလာရေးကိုပါခြိမ်းခြောက်နေတာ။ ကျနော်တို့က ဥပဒေအကာအကွယ်လည်း ယူလို့မရဘူး။ အဲဒီတော့ လူထုကိုတိုင်တည်မယ်"ဟု ပြောသည်။

ဆိုင်ကယ်စီးအုပ်စုသည် လွန်ခဲ့သည့် တလခန့်မှစ၍ ၈၈ မျိုးဆက်အမျိုးသမီးများကိုလည်း လိုက်လံစောင့်ကြည့် နှောင့်ယှက်လာရာ ယခုရက်ပိုင်းတွင် အိမ်တိုင်ရာရောက်နှောင့်ယှက်မှုများအထိ အတင့်ရဲလွန်းနေသည်။

"အခုဆိုရင် တဖြည်းဖြည်းပိုဆိုးလာတယ်။ အိမ်ရှေ့အိမ်အောက်ကနေကြည့်တယ်။ ဆိုင်ကယ်တွေနဲ့လိုက်တယ်။ စက်ဘီးတွေနဲ့လိုက်တယ်။ အခုဆိုရင် ကျမတို့ ဆိုက်ကားပေါ်ကဆင်းလာပြီဆိုရင် မလှမ်းမကမ်းကနေ မိုက်ကြည့်ကြည့်တာမျိုး၊ ဘုကြည့်ကြည့်တာမျိုး၊ ယောကျာ်းကြီးတန်မဲ့"ဟု ၈၈ မျိုးဆက်အဖွဲ့ဝင် မနီလာသိန်းက ဒီဗွီဘီသတင်းဌာနသို့ပြောသည်။

ဇူလိုင်လ (၁၉) ရက်နေ့ကလည်း အဖွဲ့ချုပ် ရုံးတွင်ပြုလုပ်သော အာဇာနည်နေ့အောက်မေ့ဖွယ်အခမ်းအနားမှ အပြန်ခရီးတွင် (၈၈) မျိုးဆက်အမျိုးသမီးများဖြစ်သော မမီးမီး (ခေါ်) မသင်းသင်းအေးနှင့်မလေးလေးမော်တို့ (၂) ဦးကို အမျိုးအမည်မသိ ဆိုင်ကယ်စီးလူအုပ်ကြီးက ထပ်ကြပ်မကွာ အနှောင့်အယှက်ပေးခဲ့သည်။

အပြန်ခရီးတလျှောက်လုံး ဆိုင်ကယ် (၁၀) စီးခန့်ပါဝင်သောအုပ်စုသည် အမူအရာအားဖြင့်၊ အပြုအမူအားဖြင့် အိန္ဒြေပျက်အောင် အမျိုးမျိုးအနှောင့်အယှက်ပေးခဲ့သည်ကို မခံမရပ်နိုင်သော အမျိုးသမီးများက အနီးဆုံး ရယကရုံးတွင် တိုင်ချက်ဖွင့်ခဲ့သည်ဟု ဆိုသည်။

အနှောင့်အယှက်ပေးသူများ မည်သူမည်ဝါဖြစ်နိုင်မည်ဆိုသည့်အမေးကို မမီးမီးက "ဘယ်သူဘယ်ဝါတွေ ဘယ်လိုနှောင့်ယှက်တယ်ဆိုတာကို ကျမမပြောလိုဘူး။ ဒါပေမယ့် သေချာတာတခုက ရန်ကုန်မြို့မှာ အာဏာပိုင်အဖွဲ့အစည်းကလွဲပြီး ဘယ်သူမှ ဆိုင်ကယ်စီးနင်းခွင့်မရှိဘူး"ဟု ဖြေသည်။

ယခင်ကလည်း မစုစုနွေးနှင့် မမီးမီးတို့နှစ်ဦးကို အလားတူနှောင့်ယှက်မှုများရှိခဲ့ကြောင်း၊ ရယကအနေဖြင့် ယခုကိစ္စတွင် အရေးယူသင့်သည်များကို ဆောင်ရွက်မပေးလျှင် သက်ဆိုင်ရာအာဏာပိုင်ထံ ဆက်လက်တိုင်ကြားသွားရန် ၈၈ မျိုးဆက်များက စီစဉ်နေကြောင်းသိရသည်။

အလားတူနှောင့်ယှက်မှုမျိုးကို ၈၈ မျိုးဆက်ခေါင်းဆောင်များဖြစ်သော မင်းကိုနိုင်နှင့် ကိုကိုကြီးလည်း နိစ္စဓူဝခံနေရကြောင်း၊ နှောင့်ယှက်မှုများသည်ပြင်းထန်လာပြီး "ရုပ်ပျက်ဆင်းပျက်" ဖြစ်လာနေသည်ဟုလည်း ကိုကိုကြီးကပြောသည်။

"လူမှုရေးအသင်းအဖွဲ့ပါဆိုပြီး မှတ်ပုံတင်တဲ့ ဒီကြံ့ဖွတ်အဖွဲ့ဟာ လူတွေစားဝတ်နေရေးကြပ်တည်းမှုအပေါ် အကြောင်းပြုပြီးတော့ ဆင်းရဲနွမ်းပါးတဲ့လူတွေကို နေ့စားနဲ့ခေါ်တယ်။ ခြိမ်းခြောက်တာ၊ နှောက်ယှက်တာတွေကို ခိုင်းတာတော့ ကျနော်တို့လည်း စိတ်မကောင်းဘူး။ ဒီလူတွေနဲ့လည်း ကျနော်တို့ ပြဿနာမဖြစ်ချင်ဘူး" ဟု ၎င်းကပြောသည်။

ဆက်လက်၍ ဤကိစ္စသည် သတင်းထောက်လှမ်းသည့်အဆင့်ကို ကျော်လွန်နေကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းလုပ်ဆောင်နေသော်လည်း အာဏာပိုင်များဘက်က ခြိမ်း

● စာမျက်နှာ (၅) ကော်လံ (၄) သို့